# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၁၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၉)၊ အမှတ် (၂၅၉)


## ယနေ့ မာတိကာ


**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ** (စာ-၃)

**ဆီးရီးယားနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ဖယ်ရှားပေးရန် အမေရိကန်ကို တရုတ်သံအမတ်တောင်းဆို** (စာ-၁၃)

**ကာလရှည်ကြာဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ စစ်ပွဲကြီး** (စာ-၁၄)

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
(၁၇-၆-၂၀၂၀) ရက်နေ့၊
နံနက် (၈:၀၀)နာရီ (စာ-၁၅)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

## စိတ်ရှိသလို နေချင်သလိုနေ၊ သွားချင်သလို သွားတာမျိုးက အန္တရာယ်များလှတဲ့ အခြားတစ်ဖက်စွန်းဖြစ်ကြောင်း ရေးသားဖော်ပြ



နေပြည်တော် ဇွန် ၁၇

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပကတိသာမန်အနေအထားမှာလို စိတ်ရှိသလို နေချင်သလိုနေ၊ သွားချင်သလိုသွားတာမျိုးက အန္တရာယ်များလှတဲ့ အခြားတစ်ဖက်စွန်းဖြစ်ပါကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မဇ္ဈိမ - အလယ်အလတ် - ဆိုတော့ အလွယ်ဆုံးလမ်းလို့ ထင်ရပေမယ့် တကယ်တော့ မလွယ်တာ တွေ့နေရပါကြောင်း၊ အစွန်းမရောက်၊ တည်တည်ငြိမ်ငြိမ်နဲ့ ဆက်လှမ်းတာက ဒီဘက်ဟိုဘက် ယိမ်းသွားတာထက် ပိုပြီး ခက်နေမလားပဲ။ Covid ကာကွယ်ရေးအတွက် လျှောက်ရမဲ့လမ်းကို ပြောနေတာဖြစ်ပါကြောင်း။

အစိုးရိမ်မလွန်ဖို့ သတိပေးနေရသလို မပေ့ါဆဖို့လည်း တိုက်တွန်းရပါသေးကြောင်း၊ ပခုက္ကူ ဆရာတော်ဘုရားကြီး ဖေဖေ့ကို မိန့်ခဲ့တဲ့ဩဝါဒအတိုင်း ခြောက်တိုင်းလည်း မကြောက်နဲ့၊ မကြောက်ပဲလည်း မနေနဲ့ပေ့ါ။ ဒီရောဂါကြီးအန္တရာယ် ဘယ်တော့မှ ကင်းစင်သွားပါမလဲမသိ၊ ဘယ်လို ခရီးဆက်ရပါမလဲမသိလို့တွေးပြီး စိုးရိမ်သောကတွေ တောက်လောင်နေတာက အစွန်းတစ်ဖက် ရောက်နေသလို၊ ပကတိသာမန်အနေအထားမှာလို စိတ်ရှိသလို နေချင်သလိုနေ၊ သွားချင်သလို သွားတာမျိုးကလည်း အန္တရာယ်များလှတဲ့ အခြားတစ်ဖက်စွန်းဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံမှာ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းတွေ ကြပ်ကြပ်မတ်မတ်ချပြီး Covid ကာကွယ်ရေးဆောင်ရွက်ခဲ့တာ သုံးလတင်းတင်းတောင် မပြည့်သေးပါကြောင်း၊ သည်းမခံနိုင်တော့တဲ့ သူတွေကို မြင်နေရပါကြောင်း၊ ဒီလိုအခြေအနေက ကြောက်သင့်လို့ကြောက်ရမဲ့ (ဝါ)၊ သတိကို လက်မလွှတ်ရမယ့် အချိန်ဖြစ်ပါကြောင်း၊ Covid စိန်ခေါ်မှုကြီးကို ကျော်လွှားနိုင်ပြီလို့ တရားဝင်ကြေညာခဲ့တဲ့ နိုင်ငံအချို့မှာ Covid ပြန်လည်တွေ့နေရပြီ ဖြစ်ပါကြောင်း၊ ကြောက်စရာကောင်းပါကြောင်း။

ထပ်မံပြီးသတိပေးပါရစေ၊ ဒုတိယ Covid လှိုင်းဟာ ပထမထက် ဆိုးဖို့ရာများတယ်လို့ လေ့လာထားသူတွေက သုံးသပ်ပါကြောင်း၊ မိမိတို့ ပထမလှိုင်းကို ကျော်လွှားနိုင်ခဲ့တာလည်း လွယ်လွယ်နဲ့ မဟုတ်ပါကြောင်း၊ ငွေအင်အား၊ လူအင်အား၊ စိတ်ဓာတ်အင်အား၊ အင်အားအမျိုးမျိုး ရင်းနှီးခဲ့ရပါကြောင်း၊ ဒီရင်းနှီးမှုတွေ အဟောသိကံ မဖြစ်သွားဖို့ မိမိတို့ စိတ်အင်အားတွေ အဆက်မပြတ် ထုတ်ရဦးမည်ဖြစ်ပါကြောင်း။

ရည်မှန်းချက် အောင်ပန်းဆွတ်ခူးနိုင်ဖို့၊ ပင်ပန်းတယ်လို့ ခံစားရပေမဲ့လည်း လုံ့လဝီရိယ မလျှော့စတမ်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပါ။ အနာဂတ်မှာ ကုက္ကုစ္စ မပွားရအောင် ယခုအချိန်မှာ မှန်ကန်တဲ့ အလယ်အလတ်လမ်းကို တည့်တည့်မတ်မတ်လျှောက်ကြပါဟု ရေးသားထားသည်။

> **"ဒုတိယ Covid လှိုင်းဟာ ပထမထက် ဆိုးဖို့ရာများတယ်လို့ လေ့လာထားသူတွေက သုံးသပ်၊ မိမိတို့ ပထမလှိုင်းကို ကျော်လွှားနိုင်ခဲ့တာလည်း လွယ်လွယ်နဲ့ မဟုတ်၊ ငွေအင်အား၊ လူအင်အား၊ စိတ်ဓာတ်အင်အား၊ အင်အားအမျိုးမျိုး ရင်းနှီးခဲ့ရ၊ ဒီရင်းနှီးမှုတွေ အဟောသိကံ မဖြစ်သွားဖို့ မိမိတို့စိတ်အင်အားတွေ အဆက်မပြတ် ထုတ်ရဦးမည်"**


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# အဆိုးထဲက အကောင်း

ကိုဗစ်-၁၉ ရောဂါ ခတ်ခွဲအတည်ပြုလူနာအသစ် မတွေ့ရှိရသည်မှာ ဇွန် ၁၇ ရက်တွင် နှစ်ရက်ရှိပြီဖြစ်သည်။ သို့ရာတွင် စောင့်ကြည့်လူနာအသစ်များရှိနေဆဲဖြစ်ရာ နောက်ထပ်အတည်ပြုလူနာအသစ်များ ထပ်မံထွက်ပေါ်လာနိုင်သေးသည့် အခြေအနေဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ရင်ဆိုင်ဆင်နွှဲနေရသည့် တိုက်ပွဲသည် မပြီးဆုံးနိုင်သေး။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါက ကျန်းမာရေးကိုရော စီးပွားရေးကိုပါ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည့် ကပ်ရောဂါလည်း ဖြစ်သည့်အတွက် စစ်မျက်နှာနှစ်ဖက်ဖွင့်၍ ရင်ဆိုင်နေကြရခြင်းလည်း ဖြစ်သည်။ ထူးခြားချက်မှာ ရောဂါကူးစက်မှုကို ရှောင်ကြဉ်နိုင်ရေးအတွက် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေကြရမည်ဖြစ်သော်လည်း ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာရသည့် လူမှုရေး၊ စီးပွားရေး အကျိုးဆက်များကို ကုစားရန်အတွက်မူ စည်းလုံးညီညွတ်မှုတို့ မဖြစ်မနေလိုအပ်ခြင်းပင် ဖြစ်သည်။

မိမိတို့နိုင်ငံ၏ အားသာချက်မှာ ကမ္ဘာ့ကပ်ရောဂါကို ရင်ဆိုင်ကြရာ၌ စုပေါင်းအင်အားဖြင့် အခြေအနေကောင်းတစ်ရပ် ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြခြင်းပင် ဖြစ်သည်။ လက်ရှိအခြေအနေသည် ကပ်ရောဂါ ကင်းစင်ပပျောက် မသွားသေးသော်လည်း ရေရှည်အကျိုးကို မျှော်ကိုး၍ လုပ်သင့်လုပ်ထိုက်သည်တို့ကို လုပ်ကြရန်နှင့် ကူးစက်ရောဂါ ထိန်းမနိုင်သိမ်းမရ ပြန့်ပွားသွားသည့်အခြေအနေသို့ ရောက်ရှိမသွားအောင် ရှောင်ကြဉ်ကြရန်ပင်ဖြစ်သည်။ နယူးနော်မယ်ပုံစံဖြင့် စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ ပြန်လည်ဖွင့်လှစ်လာနိုင်ခြင်း၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ ပြန်လည်ဖွင့်လှစ်စပြုလာခြင်း၊ အဝေးပြေးယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲလာခြင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ နိုးထလှုပ်ရှားလာခြင်းစသည်ဖြင့် ကူးစက်ရောဂါ အကန့်အသတ်များထဲမှာပင် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်လာကြသည်ကို တွေ့မြင်ရသလို ဆက်လက်၍လည်း ကျယ်ကျယ်ပြန့်ပြန့်နှင့် အားကောင်းမောင်းသန် ပြန်လည်သန်စွမ်းလာသည်အထိ ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်မိသည်။

မုန်တိုင်းသည် သဘာဝဘေးအန္တရာယ်ဖြစ်သလို မိုးရေရရှိစေသည့် ကောင်းကျိုးလည်း ပေးသကဲ့သို့ပင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတွင်ရော မိမိတို့နိုင်ငံမှာပါ အဆိုးထဲမှ အကောင်းတို့ပေါ်ပေါက်ခဲ့သည်များ ရှိခဲ့သည်။ မိမိတို့နိုင်ငံတွင်မူ နိုင်ငံတော်နှင့် ပြည်သူအကြား၊ ပြည်သူချင်းချင်းအကြား၊ ဌာနဆိုင်ရာများ အကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာခြင်းနှင့် ကိုဗစ်-၁၉ မတိုင်မီကာလကထက် နည်းပညာကို ပိုမိုသုံးစွဲလာကြခြင်းဖြစ်ရာ ယင်းအရှိန်အဟုန်ကို ထိန်းသိမ်းကာ ဆက်လက်အသုံးချ ဆောင်ရွက်သွားကြခြင်းဖြင့် တိုးတက်ဖွံ့ဖြိုးမှုကို ပိုမိုမြန်ဆန်စေမည်ဖြစ်သည်။ ထို့အပြင် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသူများ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာကြခြင်းကြောင့် ပြည်ပအလုပ်အကိုင်မှရရှိသည့် ဝင်ငွေလျော့ကျသွားနိုင်သော်လည်း ပြည်ပပြန် အလုပ်သမားများ၏ လုပ်အားကို ထိထိရောက်ရောက် အသုံးချနိုင်ခြင်းဖြင့်လည်း ပြည်တွင်းကုန်ထုတ်စွမ်းအားကို တိုးမြှင့်စေနိုင်မည်ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါသည် မိမိတို့တစ်နိုင်ငံတည်းသာ ရင်ဆိုင်နေကြရခြင်းမဟုတ်ဘဲ တစ်ကမ္ဘာလုံးကို မွှေနှောက်ချောက်ချားစေကာ ကမ္ဘာ့အစီအစဉ်ကြီးကိုပါ ကမောက်ကမဖြစ်စေခြင်းဖြစ်သည့်အတွက် အထက်တွင်ဖော်ပြခဲ့သလို အဆိုးထဲမှ အကောင်း၊ ဘေးအန္တရာယ်နှင့်အတူ အခွင့်အလမ်းတို့လည်း ပါရှိနေရာ အဆိုးနှင့်ဘေးအန္တရာယ်တို့ကို ရင်ဆိုင်ရင်း အကောင်းနှင့် အခွင့်အလမ်းတို့ကို ရယူနိုင်မည်ဖြစ်သည်။ ယင်းအတွက် အဓိကအင်အားမှာ ပြည်သူများပင်ဖြစ်ပြီး အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အလုပ်လုပ်သည့် ပြည်သူများ တက်ညီလက်ညီစုပေါင်းအင်အားဖြင့် ကိုဗစ်-၁၉ အလွန်ကာလ ရလဒ်ကောင်းတို့ကို ဖော်ဆောင်နိုင်ကြပါစေကြောင်း။ ။

## မြန်မာအမျိုးသမီးပန်းချီပညာရှင်များ၏ ပန်းချီကားများကို Online Art Exhibition အဖြစ် အမျိုးသားပြတိုက်(ရန်ကုန်) ဝက်ဘ်ဆိုဒ်တွင် ဝင်ရောက်ကြည့်ရှုနိုင်

နေပြည်တော် ဇွန် ၁၇

ဇွန် ၁၉ ရက်တွင် ကျရောက်မည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၅)နှစ်မြောက် မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီး ပန်းချီပညာရှင် ၇၅ ဦး၏ ပန်းချီကား ၇၅ ကားကို Online Art Exhibition အဖြစ် အမျိုးသားပြတိုက်(ရန်ကုန်)၏ ဝက်ဘ်ဆိုဒ် https://www.nationalmuseumyangon.gov. mm/ 75-for-75-th တွင် ဇွန် ၁၉ ရက် နံနက် ၀၀:၀၁ နာရီမှစတင်၍ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ပျဉ်းမနားဘူတာတွင် ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထား

**ပျဉ်းမနား ဇွန် ၁၇**

ရထားစီး ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနားခိုနိုင်ရေး၊ ပျဉ်းမနားဘူတာ စိမ်းလန်းစိုပြည်ရေးအတွက် အထူးဆောင်ရွက်လျက်ရှိရာတွင် ဘူတာသက်တမ်း ကြာမြင့်နေပြီဖြစ်သည့်အားလျော်စွာ ဘူတာစကြံရှိ မျက်နှာကြက်များ အမြန်ဆုံးပြုပြင်ရန် ဦးလင်းခိုင် (အင်ဂျင်နီယာမှူးကြီး) ဦးဆောင်ပြီး ပျဉ်းမနားဘူတာ (အထူးတန်း) ရုံပိုင်ချုပ် ဦးဇော်လွင်နှင့် ဝန်ထမ်းများက ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

"ကျွန်တော်တို့ ပျဉ်းမနားဘူတာရဲ့ သက်တမ်းဟာ နှစ်ပေါင်း ၇၀ ကျော်ရှိပါပြီ။ နှစ်ကာလကြာရှည်ပြီဖြစ်တဲ့အတွက် ဘူတာစကြံရဲ့ မျက်နှာကြက် နေရာအားလုံးကို သွပ်အစားထိုး လဲလှယ်ခြင်း၊ ရေတံလျှောက်များ ပြုပြင်ဖာထေးခြင်း ၊ ရေထွက်ပေါက် ၄" PVC ပိုက်ခြောက်လုံး ထပ်တိုးတပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ အခု ရထားစီးခရီးသည်တွေ စိတ်ချမ်းမြေ့စွာ နားခိုနိုင်ပြီဖြစ်ကြောင်းနဲ့ စိတ်အနှောင့်အယှက်မရှိ ရထားစောင့်ဆိုင်းစီးနိုင်ပါပြီ"ဟု ရုံပိုင်ချုပ် ဦးဇော်လွင်က ထပ်ဆင့်ရှင်းပြသည်။



နေပြည်တော် ပျဉ်းမနားဘူတာမှ ရန်ကုန်-မန္တလေး ခရီးစဉ်များ ပုံမှန်ပြေးဆွဲပေးလျက်ရှိရာတွင် ရန်ကုန်မှ ညနေ ၃ နာရီတွင် ထွက်ခွာလာသော အမှတ်(၅) အဆန်အမြန်ရထားသည် ပျဉ်းမနားဘူတာသို့ နံနက် ၁ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်၍ မန္တလေးမှ ညနေ ၃ နာရီတွင် ထွက်ခွာလာသော အမှတ်(၆) အစုန်အမြန်ရထားသည် ပျဉ်းမနားဘူတာသို့ ည ၉ နာရီတွင် ဆိုက်ရောက်သည်။

ရန်ကုန်ဘူတာမှ ညနေ ၄ နာရီခွဲတွင် ထွက်ခွာလာသည့် အမှတ်(၃) အဆန်အမြန်ရထားသည် ပျဉ်းမနားဘူတာသို့ နံနက် ၂ နာရီ မိနစ် ၂၀ တွင် ဆိုက်ရောက်ပြီး မန္တလေးမှ ညနေ ၄ နာရီခွဲ ထွက်ခွာလာသည့် အမှတ်(၄) အစုန်အမြန်ရထားသည် ပျဉ်းမနားဘူတာသို့ ည ၁၁ နာရီ ၈ မိနစ်တွင် ဆိုက်ရောက်သည်။

ပျဉ်းမနားဘူတာမှ အစုန်-အဆန် ရထားလေးစင်း ပုံမှန်အတိုင်း ပြေးဆွဲပေးလျက် ရှိသည့်အတွက် ခရီးသည်များအနေဖြင့် ခရီးစဉ်များ အဆင်ပြေချောမွေ့စွာ သွားလာလျက်ရှိကြောင်း ပျဉ်းမနားဘူတာ (အထူးတန်း) ရုံပိုင်ချုပ် ဦးဇော်လွင်က ပြောသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှတစ်ဆင့် ကျေးရွာစာကြည့်တိုက်များအတွက် ဆိုလာလှူဒါန်း

**မြောင်းမြ ဇွန် ၁၇**

Shen Zhen Foundationက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှတစ်ဆင့် ကျေးရွာစာကြည့်တိုက်များသို့ Solar Home System တစ်စုံနှင့် Solar Fan တစ်စုံ လှူဒါန်းခြင်းကို ယမန်နေ့နံနက် ၁၁ နာရီက မြောင်းမြခရိုင် မြောင်းမြမြို့နယ် လက်ပံကျေးရွာရှိ ကုမုဒြာစာကြည့်တိုက်၌ ကျင်းပသည်။



အဆိုပါလှူဒါန်းမှုတွင် မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာကြည်က ကျပ် ၁၈၄၃၀၀ တန်ဖိုးရှိ X500 Solar Home System တစ်စုံ၊ SF31 Solar Fan တစ်စုံကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ကိုယ်စား ကျေးရွာစာကြည့်တိုက်ကော်မတီသို့ ပေးအပ်လှူဒါန်းခဲ့သည်။ မြောင်းမြမြို့နယ်အတွင်းရှိ လက်ပံကျေးရွာနှင့် တောင်ပေါ်စုကျေးရွာ စာကြည့်တိုက်များအတွက် Solar Home System တစ်စုံနှင့် Solar Fan တစ်စုံစီ လှူဒါန်းရရှိခြင်းဖြစ်ပြီး တောင်ပေါ်စုကျေးရွာသို့ ဆက်လက်လှူဒါန်းပေးသွားမည် ဖြစ်ကြောင်း သိရသည်။ (၀၀၇)

## တောင်သူဦးကြီးများသို့ အသိပေးကြေညာချက်

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် နှစ်စဉ် စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးလျက်ရှိရာ ၂၀၂၀ ပြည့်နှစ်၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေလ (၁၅) ရက်နေ့မှစ၍ ထုတ်ချေးလျက်ရှိပါသည်။

၂။ ယခုအခါ COVID-19 ကပ်ရောဂါကြောင့် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်လည်း အထိုက်အလျောက် ထိခိုက်မှုများရှိခဲ့သဖြင့် ၂၀၂၀ ပြည့်နှစ်၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေရရှိသူ တောင်သူလယ်သမားများသို့ ကိုဗစ်-၁၉ အထူးချေးငွေ (COVID-19 Special Relief Loan) အဖြစ် တစ်ဧကလျှင် ကျပ် (၅၀,၀၀၀) နှုန်းဖြင့် ထပ်ဆောင်း၍ ပံ့ပိုးထုတ်ချေးပေးသွားမည် ဖြစ်ပါသည်။ ချေးငွေသက်တမ်းမှာ မိုးစပါးချေးငွေသက်တမ်းအတိုင်း ဖြစ်ပါသည်။

၃။ အဆိုပါ အထူးချေးငွေကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လမှ စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး၊ ချေးငွေအတိုးနှုန်းမှာ လက်ရှိ စိုက်ပျိုးစရိတ် ချေးငွေအတိုးနှုန်းအတိုင်း တစ်နှစ်လျှင် ၅% ဖြစ်ပါသည်။

၄။ ၂၀၂၀ ပြည့်နှစ်၊ မိုးစပါးချေးငွေရရှိသူများအပြင် ၂၀၂၀ ပြည့်နှစ်အတွက် အခြားသီးနှံချေးငွေရရှိသူများသို့လည်း အလားတူ ထပ်ဆောင်းထုတ်ချေးမည် ဖြစ်ပါသည်။

၅။ ဤချေးငွေသည် ကိုဗစ်-၁၉ ကာလအတွင်း တောင်သူလယ်သမားများအတွက် အထူးချေးငွေဖြစ်သဖြင့် တစ်ကြိမ်သာလျှင် ထုတ်ချေးမည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ တောင်သူဦးကြီးများအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်/မြို့နယ်ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

# ပြည်သူသာလျှင် အဓိက

## ကိုဗစ် - ၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၇

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေး (၆/၂၀၂၀) ကို ယနေ့ နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)**



အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်သည့် ဦးစိုးဝင်း၊ ဦးသိန်းဆွေ၊ ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ချေးငွေစိစစ်ထုတ်ပေး**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက မိမိတို့ ယနေ့အထိ အစည်းအဝေး (၅) ကြိမ် ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက် (၅၆) ခု ချမှတ်ကာ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများနှင့်ပတ်သက်၍ ဆောင်ရွက်ရန် ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေများကို စိစစ်ထုတ်ပေးလျက်ရှိရာ ခြောက်ကြိမ် ထုတ်ပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ လုပ်ငန်းပေါင်း ၃၀၉၄ ခုသို့ ချေးငွေ ၈၆ ဒသမ ၇၄၁၉ ဘီလီယံ ထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မိမိတို့ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအား ပြန်လည်သုံးသပ်၍ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးဆုံးဖြတ်ပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

**ချေးငွေအသုံးပြုမှု စိစစ်ကြပ်မတ်**

ဆက်လက်၍ တက်ရောက်လာကြသူများက လုပ်ငန်းကော်မတီက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်ညှိနှိုင်းကြပြီး UMFCCI နှင့် MICPA တို့မှ ဒုတိယအကြိမ် ထပ်မံစိစစ်ထောက်ခံသည့် လုပ်ငန်းများသို့ သတ္တမအကြိမ်မြောက် ချေးငွေအဖြစ် ထုတ်ပေးနိုင်ရေး၊ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရန်ပုံငွေ ထပ်မံလျာထားရာတွင် ချေးငွေထုတ်ပေးမည့် လုပ်ငန်းကဏ္ဍများ သတ်မှတ်ရေး၊ ချေးငွေရယူထားသည့် လုပ်ငန်းများက ချေးငွေအသုံးပြုမှုအပေါ် စိစစ်ကြပ်မတ် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက ပေးပို့လာသည့် ကိစ္စရပ်များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများက အဆိုပြုတင်ပြလာသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## 20th Anniversary of UN Global Compact Leaders' Summit တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက “Myanmar: Challenges and Opportunities for the Government and Business to Join Forces in Preventing Corruption” ခေါင်းစဉ်အောက်တွင် ပါဝင်ဆွေးနွေး

**နေပြည်တော် ဇွန် ၁၇**

United Nations Global Compact (UNGC) က ကြီးမှူးကျင်းပသည့် UN Global Compact Leaders' Summit အကြိမ် (၂၀) မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဇွန် ၁၅ ရက်မှ ၁၆ ရက်အထိ Virtual Format ဖြင့် ပြုလုပ်သည်။ အဆိုပါထိပ်သီး အစည်းအဝေးတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံများမှ အစိုးရအဖွဲ့ အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ပညာရှင်များက ပါဝင်ဆွေးနွေးသည်။

အစည်းအဝေး ပထမနေ့တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. Antonio Guterres နှင့် UN Global Compact ၏ အမှုဆောင်ဒါရိုက်တာ Ms. Lise Kingo တို့က အမှာစကားများ ပြောကြားသည်။

အစည်းအဝေး၏ ဒုတိယနေ့တွင် “Myanmar: Challenges and Opportunities for the Government and Business to Join Forces in Preventing Corruption” ခေါင်းစဉ်အား မြန်မာနိုင်ငံရှိ UNODC ရုံးမှ တာဝန်ရှိသူများဖြစ်သည့် Ms. Marie-Laure Pegie Cauchois နှင့် Ms. Alma Sedlar တို့ကလည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်လွင်နှင့် EuroCham Myanmar မှ Executive Director Mr. Marc de la Foundiere တို့ကလည်းကောင်း ဗီဒီယိုဖိုင်ဖြင့် ပါဝင်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၇**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တို့တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေ သည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၁ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။

**မိုး/ဇလ**

## (၂၃) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ ကြီးကြပ်မှုကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၇**

(၂၃)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ ကြီးကြပ်မှုကော်မတီ၏ အစည်းအဝေးကို ယမန်နေ့ နံနက် ၈ နာရီခွဲက Video Conferencing ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံမှ ဥက္ကဋ္ဌနှင့် ဗီယက်နမ်နိုင်ငံမှ ဒုဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ခေါင်းဆောင်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ယခုအစည်းအဝေးသည် (၅၁) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အစည်းအဝေး၏ ရလဒ်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ် (Mutual Recognition Arrangement on ASEAN- Tourism Professionals-MRA-TP) ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ အကောင်အထည်ဖော်မှု၊ အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ မှတ်ပုံတင်စနစ် (ASEAN Tourism Professionals Registration System-ATPRS) ကို အသစ်ပြန်လည်ရေးဆွဲပြီးစီးမှု၊ ၂၀၂၀ ပြည့်နှစ်အတွက် အဆိုပြုရန်ရှိသည့်စီမံကိန်းအသစ်များ၊ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးညှိနှိုင်းနိုင်ရန် ကျင်းပခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ASEAN MRA-TP အကောင်အထည်ဖော်ဆောင်ရေးအတွက် National Tourism Professional Board (NTPB)နှင့် Tourism Professional Certification Board(TPCB) ပြန်လည်ဖွဲ့စည်းမှုအခြေအနေများ၊ မြန်မာနိုင်ငံမှ ဦးဆောင်အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များအတွက် ကျွမ်းကျင်မှုစံနှုန်းဆိုင်ရာ ဒုတိယအကြိမ် ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲကို ကိုဗစ်-၁၉ ရောဂါထိန်းချုပ်နိုင်မှုအပေါ် မူတည်၍ ၂၀၂၀ ပြည့်နှစ် သြဂုတ်လအတွင်းသို့ ပြောင်းရွှေ့ကျင်းပရန် စီစဉ်ထားရှိမှုတို့ကို ဆွေးနွေးတင်ပြခဲ့သည်။

(၂၄) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ ကြီးကြပ်မှုကော်မတီ၏ အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလနောက်ဆုံးအပတ်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်ရန် အတည်ပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံ-ရုရှားနိုင်ငံခြားရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အထူးအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၇

**အာဆီယံ-ရုရှားနိုင်ငံခြားရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အထူးအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် Video Conferencing ဖြင့် ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံ-ရုရှားနိုင်ငံခြားရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အထူးအစည်းအဝေးတွင် ပါဝင်ဆွေးနွေးစဉ်။ သတင်းစဉ်

**တက်ရောက်**

အစည်းအဝေးတွင် အာဆီယံ-ရုရှား ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူးဖြစ်သူ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး Mrs. Retno Marsudi နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး Mr.Sergey Lavrov တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးများက ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများ တုံ့ပြန်ရေးနှင့် ကူးစက်ရောဂါအလွန် ပြန်လည်ထူထောင်ရေးတို့တွင် အာဆီယံ-ရုရှား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ကိုဗစ်-၁၉ ကူးစက်ရောဂါ တိုက်ဖျက်ရာတွင် အာဆီယံက ဦးဆောင်သည့် ယန္တရားများ၏အခန်းကဏ္ဍ ပိုမိုတိုးတက်ခိုင်မာစေရေး၊ နိုင်ငံတကာဥပဒေများကို လေးစားလိုက်နာပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါအလွန် ကာလတွင် အာရှ-ပစိဖိတ်ဒေသ၏ ဒေသတွင်း ဆွေးနွေးမှုယန္တရား တည်ဆောက်မှုနှင့် အာဆီယံ၏ အရေးပါဗဟိုကျမှုတို့ကို တိုးမြှင့်ဖော်ဆောင်ရေး စသည့်ကိစ္စရပ်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

**ရှင်းလင်းအသိပေး**

ပြည်ထောင်စု ဝန်ကြီး ဦးကျော်တင်က ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် ကျန်းမာရေးနှင့် လူမှု-စီးပွားရေးထိခိုက်နစ်နာမှုများကို ဖြေရှင်းရာတွင် မြန်မာအစိုးရအနေဖြင့် အရင်းအမြစ် အကန့်အသတ်ရှိသော်လည်း "တစ်နိုင်ငံလုံးပါဝင်သည့် ချဉ်းကပ်မှုပုံစံ"ဖြင့် စောစီးစွာအရေးယူဆောင်ရွက်ခဲ့မှုကြောင့် ကိုဗစ်-၁၉ ရောဂါကို ကာကွယ် ထိန်းချုပ်ထားနိုင်သည့် အခြေအနေများနှင့် ကူးစက်ရောဂါ တိုက်ဖျက်ရာတွင် အစိုးရအနေဖြင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို ရယူလျက် "မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေးမူ"ကို ကျင့်သုံး၍ ကူးစက်ရောဂါအကြောင်း အသိပညာပေးလှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းအသိပေးခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ တိုက်ဖျက်ရာတွင် အာဆီယံ-ရုရှား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက အာဆီယံနှင့် ရုရှားနိုင်ငံတို့အကြား နည်းပညာနှင့်သတင်းအချက်အလက်များ ဖလှယ်ခြင်းကို ပိုမိုတိုးမြှင့်နိုင်ရန်နှင့် လက်ရှိ ကူးစက်ရောဂါနှင့် ကူးစက်ရောဂါအသစ်များ ရှာဖွေဖော်ထုတ်ခြင်း၊ ကာကွယ်ခြင်းနှင့် ကုသခြင်းဆိုင်ရာ ပူးတွဲသုတေသနများ ဆောင်ရွက်နိုင်ရန်တို့အတွက် သက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဌာနများအကြား ပုံမှန်တိုင်ပင်ညှိနှိုင်းဆွေးနွေးနိုင်မည့် ယန္တရားတစ်ခု ထူထောင်ထားရှိရေးကို ကြိုဆိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အာဆီယံနိုင်ငံများ၏ ကျန်းမာရေးဝန်ထမ်းများအတွက် သင်တန်းများ ဆက်လက်ပေးအပ်ရန် ရုရှားနိုင်ငံက ကတိကဝတ်ပြုသည့်အပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုစွမ်းရည် မြှင့်တင်ရန်အတွက် အာဆီယံ-ရုရှား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် ကျန်းမာရေးနှင့် လူမှု-စီးပွားရေး ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေရန် ထောက်ပံ့ရေးကွင်းဆက်လမ်းကြောင်း ထိန်းသိမ်းရေးနှင့် မရှိမဖြစ်လိုအပ်သည့် ကုန်စည်များနှင့် ဆေးဘက်ဆိုင်ရာ ပစ္စည်းများ အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ကူးစက်ရောဂါ တိုက်ဖျက်ရာတွင် အာဆီယံက ဦးဆောင်သည့် လက်ရှိ ယန္တရားများမှတစ်ဆင့် အာဆီယံ-ရုရှား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာစေရေး စသည်တို့ကို ထည့်သွင်းဆွေးနွေးသည်။

အစည်းအဝေး အပြီးတွင် အာဆီယံ-ရုရှားနိုင်ငံခြားရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အထူးအစည်းအဝေးကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



## မြေသြဇာဆိုင်ရာနည်းပညာကော်မတီ၏ (၃၂)ကြိမ်မြောက်အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၇**

မြေသြဇာဆိုင်ရာ နည်းပညာကော်မတီ၏ (၃၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ် (၁၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ မြေသြဇာဆိုင်ရာနည်းပညာကော်မတီ ဥက္ကဋ္ဌ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းနှင့် ကော်မတီဝင်များ စုံညီစွာ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် မြေသြဇာဆိုင်ရာနည်းပညာကော်မတီ ဥက္ကဋ္ဌက မြေသြဇာကော်မတီက ထုတ်ပြန်သည့် မြေသြဇာဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များသည် လက်တွေ့မြေပြင်တွင် လိုက်နာဆောင်ရွက်နိုင်ပြီး လုပ်ငန်းသဘော သဘာဝနှင့် လိုက်လျောညီထွေ ဖြစ်စေရန် နည်းပညာကော်မတီက စိစစ်ပြုစုတင်ပြပေးရန်လိုကြောင်း၊ လိုအပ်ပါက မြေသြဇာဆိုင်ရာနည်းပညာကော်မတီအနေဖြင့် အတွေ့အကြုံရှိသူ ပြင်ပအကြံပေးများ ဖိတ်ခေါ်ဆွေးနွေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အမိန့်နှင့် ညွှန်ကြားချက်များအား ပြုပြင်ပေးရန် လိုအပ်ပါက ပြောင်းလဲထုတ်ပြန်ပေးသွားမည် ဖြစ်ပြီး မြေသြဇာဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းဆောင်ရွက်ရန် လိုအပ်ပါက ဥပဒေအဖြစ်ပြဋ္ဌာန်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မြေသြဇာဆိုင်ရာ နည်းပညာကော်မတီသည် မြေသြဇာမှတ်ပုံတင်လျှောက်ထားလာမှုများကို စိစစ်၍ မြေသြဇာကော်မတီထံ တင်ပြပြီး မြေသြဇာမှတ်ပုံတင်ခြင်း၊ လိုင်စင်လျှောက်ထားခြင်း လုပ်ငန်းများကို ကိုဗစ်-၁၉ ကာလအတွင်း ချိန်ညှိ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ကျင်းပသည့် မြေသြဇာဆိုင်ရာ နည်းပညာကော်မတီ၏ (၃၂) ကြိမ်မြောက် အစည်းအဝေးတွင် မြေသြဇာတင်သွင်း၊ ထုတ်လုပ်မှတ်ပုံတင်လျှောက်လွှာ ၃၅၂ စောင်ကို မြေသြဇာကော်မတီသို့ ဆက်လက်တင်ပြနိုင်ရန် နည်းပညာရပ်ဆိုင်ရာများ သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ဘားအံ ဇွန် ၁၇**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဘားအံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နန်းသန်းသန်းလွင်၊ ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်သော စောမိုးမြင့်၊ စောသန်းထွဋ်နှင့်အဖွဲ့သည် ဇွန် ၁၆ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့သည် ဘားအံမြို့နယ်သံလွင်မြစ်အနောက်ဘက်ခြမ်းရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေး လမ်းပိုင်းများဖြစ်သော ကြို့ပင်ဆိပ်-ဖလန်တောင်-ပျဉ်းမပင်ဆိပ်လမ်း (၃၂/၁) မိုင်အနက် (၃/၄)မိုင် ကတ္တရာခင်းခြင်း၊ (၁/၂)မိုင်ကွန်ကရစ်ခင်းခြင်း၊ မဲလန်-နော်သရေး-ထီးဖိုးနဲ ကျောက်လမ်း(၂/၀)မိုင် ခင်းခြင်း၊ ဘန့်ဘွေးကုန်း-ထီးမယ်ဘော ကျေးရွာချင်းဆက် မြေသားလမ်း (၄/၅)မိုင် ဖောက်လုပ်ခြင်း၊ ညောင်ကုန်း-အီဟယ်ကျေးရွာချင်းဆက် (၂/၀)မိုင် ကတ္တရာခင်းခြင်း၊ တကောင်ဘိုး(အထက)တွင် ဆရာ၊ ဆရာမများ နေထိုင်ရန် တန်ဖိုးနည်းအိမ်ရာ လေးလုံး တည်ဆောက်ခြင်း၊ အထက(ဒုံရင်း)တွင် (၆၀x၃၀) ပေ RC တစ်ထပ်ကျောင်းဆောင်နှင့် အမက(နိုင်းကြာ)တွင် (၆၀x၃၀)ပေ RC တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှုများအား ကြည့်ရှုစစ်ဆေးပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းဝင် ကျေးရွာများဖြစ်သည့် ကျေးရွာအုပ်စုခြောက်အုပ်စု၊ ကျေးရွာပေါင်း ၅၆ ရွာအနက်မှ လျှပ်စစ်မီးသွယ်တန်းရန်ခက်ခဲသည့် ကျေးရွာများသို့ လတ်တလောတွင် လျှပ်စစ်မီးလင်းရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာ အစုံ ၃၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **သတင်းစဉ်**



# (၇၃) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး



**ရန်ကုန် ဇွန် ၁၇**

(၇၃) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် (၇၃) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက (၇၃) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးက မေ ၁၃ ရက်တွင် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် လုံခြုံရေးကော်မတီတို့ကို ဖွဲ့စည်းပေးခဲ့ပြီး အာဇာနည်နေ့အခမ်းအနား ကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၃ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့ကြောင်း၊ အစည်းအဝေးတွင် ကျင်းပရေးဗဟိုကော်မတီနာယက ဒုတိယသမ္မတက အာဇာနည်နေ့အခမ်းအနား အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း။

**ညွှန်ကြားချက်များအတိုင်း ဂရုပြု**

အစည်းအဝေးဆုံးဖြတ်ချက် ၂၆ ချက် ချမှတ်ထားကြောင်း၊ လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန် အဓိကမှာကြားခဲ့ပြီး ယခုဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားထားသည့် ညွှန်ကြားချက်များအတိုင်း စနစ်တကျ အထူးဂရုပြုဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း။

အာဇာနည်နေ့အခမ်းအနားကျင်းပမည့် အာဇာနည်ဗိမာန်၊ အတွင်းဝန်များရုံး (ယခင်ဝန်ကြီးများရုံး) နှင့် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပမည့် ကျဆုံးသွားသည့် အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူးပြီး ဆွမ်းဆက်ကပ်ခြင်း အခမ်းအနားများအတွက်လည်း ဆပ်ကော်မတီအသီးသီးက ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အာဇာနည်နေ့အခမ်းအနားကို နှစ်စဉ်နှစ်တိုင်း ဆောင်ရွက်နေကျဖြစ်သော်လည်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို မမေ့သောအားဖြင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုအနှစ်သာရပြည့်ဝအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယခင်နှစ်များက ကြုံတွေ့ခဲ့သည့် အခက်အခဲများကို ပြန်လည်သုံးသပ်ပြီး အဆင်ပြေချောမွေ့အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

ပထမဦးဆုံးပြောကြားလိုသည်မှာ အာဇာနည်ဗိမာန်ရင်ပြင် အခမ်းအနားပင်ဖြစ်ကြောင်း၊ အဆိုပါအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ကြမည့် နိုင်ငံတော်အကြီးအကဲများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စစ်ရေးပြအဖွဲ့ဝင်များနှင့် ပါဝင်ဆောင်ရွက်ကြမည့်သူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ စနစ်တကျ လေ့ကျင့်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ရာတွင် အစီအစဉ်အတိုင်းဖြစ်စေရေး အထူးဂရုပြု ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**အနှစ်သာရပြည့်ဝစွာကျင်းပနိုင်ရန်**

ယခုနှစ်တွင် ကိုဗစ်-၁၉ ကြောင့် ကျန်းမာရေးရှုထောင့်မှ အလေးထားဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ယခင်နှစ်များလို ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) များတွင် ပြည်သူလူထုကို ဖွင့်လှစ်ပြသမည်မဟုတ်ကြောင်း၊ (၇၃) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို အနှစ်သာရပြည့်ဝစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရန် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ လုံခြုံရေးကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့က ယခင်နှစ်များက ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ၊ အားနည်းချက်၊ အားသာချက်များကိုအခြေခံပြီး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် ကော်မတီ၊ ဆပ်ကော်မတီများအလိုက် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအလိုက် လုပ်ငန်းတာဝန်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**လုံခြုံရေးအထူးဂရုပြု**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များ၊ လုပ်ငန်းလျာထားချက်များနှင့် အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ သဘာပတိ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး လုံခြုံရေးအထူးဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အာဇာနည်ဗိမာန်သို့ သွားရောက်ပြီး လွမ်းသူ့ပန်းခွေချ စစ်ရေးပြအခမ်းအနား ဇာတ်တိုက်လေ့ကျင့်နေမှုနှင့် အခမ်းအနားသို့ တက်ရောက်မည့် ဧည့်သည်တော်များအား နေရာချထားမည့် အစီအစဉ်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

# ၂၀၂၀-၂၀၂၁ ပညာသင်နှစ် အားကစားနှင့် ကာယပညာ (သိပ္ပံ) ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၁၇**

၂၀၂၀-၂၀၂၁ ပညာသင်နှစ် အားကစားနှင့် ကာယပညာ (သိပ္ပံ) ကျောင်းများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၃၁) အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်နေသကဲ့သို့ မိမိတို့ဝန်ကြီးဌာနအောက်ရှိ အားကစားနှင့် ကာယပညာ (သိပ္ပံ) ကျောင်းများသည် ပညာရေးနှင့် တွဲဖက်၍ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လိုအပ်သော ညွှန်ကြားချက်များ၊ ပညာရေးဝန်ကြီးဌာန ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိပြီး ဖြစ်ပါကြောင်း၊ သို့သော် မိမိတို့ အားကစားနှင့် ကာယပညာ(သိပ္ပံ)ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် အခြေခံပညာကျောင်းများနှင့် မတူသည်မှာ အားကစားလုပ်ငန်းများ တွဲဖက်လေ့ကျင့်၍ ပညာသင်ကြားဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အားကစားလေ့ကျင့်သင်ကြားခွင့်ကို ခွင့်ပြုမှုရရှိနိုင်ရေး အမြန်ဆုံး တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရှေးဦးစွာ ပညာသင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီး၏ မှာကြားမှုသည့် အားကစားနှင့် ကာယပညာ(သိပ္ပံ)ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် သင်တန်းသူ/သင်တန်းသားများအား ကြိုတင်ခေါ်ယူပြီး ရောဂါကင်းရှင်းမှု ရှိ/မရှိ ကြိုတင်စစ်ဆေးမှု ခံယူကာ ရောဂါကင်းရှင်းမှုရှိမှ ပညာသင်ကြားနိုင်ရေး ဆက်လက်စီစဉ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အကယ်၍ ရောဂါပိုးပါရှိသူ တွေ့ရှိပါက သီးသန့်ခွဲထား၍ ကုသဆောင်ရွက်ရန် လိုအပ်သလို ပြုလုပ်မည်ဖြစ်ပါကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ရာတွင်လည်း ကျောင်းသားမိဘများမှ ကျောင်းသားများ ပြန်လည်တက်နိုင်ခြင်း၊ ခွင့်ပြုခြင်း ရှိ/မရှိ ပြန်လည်မေးမြန်းနိုင်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ကျောင်း အစီအစဉ်ဖြင့် လျှော့ချရန်လိုအပ်သော ကျောင်းသားစာရင်း၊ ဆက်လက်တက်ရောက်ရန် ဆန္ဒမရှိသော ကျောင်းသားစာရင်း စသည်တို့ကို သေချာစိစစ် စာရင်းပြုစုပြီး လက်ရှိအမှန်တကယ် သင်တန်းဆက်လက်တက်ရောက်မည့်အင်အား စုစည်း၍ ကျောင်းများဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ရန် လိုအပ်ပါကြောင်း။

ကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင်လည်း ကျောင်းသားများနှင့် ထိတွေ့ဆက်ဆံရမည့် နည်းပြများ၊ ကျွေးမွေးချက်ပြုတ်ရမည့် စားရိပ်သာဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုများ၊ ပညာရေးဆရာ / ဆရာမများနှင့် ၎င်းတို့ မိသားစုများ၏ ကျန်းမာရေးအခြေအနေများကိုပါ မျက်ခြည်မပြတ် စောင့်ကြည့်စစ်ဆေးရန်လိုအပ်ပါကြောင်း၊ (သိပ္ပံ) ကျောင်းများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ရေးတွင် ကြိုတင်ပြင်ဆင်ထားရှိမှုများကို တင်ပြရာတွင် အားရကျေနပ်မှုရှိပါကြောင်း၊ တတ်နိုင်ပါက (Wash-Basin) အား ခြေနင်းဖြင့်ပြုလုပ်သောစနစ်ကို ပိုမိုသဘောကျ၍ အားလုံး တစ်ညီတည်း အသုံးပြုရန် လိုအပ်ပါကြောင်း၊ ယခုနှစ် ပညာသင်နှစ်တွင် အားကစားနည်းအလိုက် ကျောင်းများ ပြောင်းရွှေ့ဖွင့်လှစ် စီမံဆောင်ရွက်ထားပါသော်လည်း ကိုဗစ်-၁၉ အချိန်အခါနှင့် တိုက်ဆိုင်နေပါသဖြင့် စီမံဆောင်ရွက်မှုအား ပြန်လည်ထပ်မံညွှန်ကြားသွားမည်ဖြစ်ပါကြောင်း။

ရောဂါမဖြစ်ပွားရေးနှင့် ကူးစက်မှုမရှိစေရေးတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိဝန်ထမ်းများ တာဝန်သာဖြစ်ပါကြောင်း၊ အားကစားလေ့ကျင့်ရာတွင် ပထမဆုံး တစ်ဦးချင်း သီးခြားလေ့ကျင့်သော လေ့ကျင့်ခန်းများကို လေ့ကျင့်စေချင်ပါကြောင်း၊ ပြင်းပြင်းထန်ထန်ပြုလုပ်ရသော လေ့ကျင့်ခန်းများတွင် နှာခေါင်းစည်းများချွတ်၍ လေ့ကျင့်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အားကစားနှင့် ကာယပညာ(သိပ္ပံ)ကျောင်းများတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် အားကစားနှင့် ကာယပညာ(သိပ္ပံ)ကျောင်းများ ကျောင်းအုပ်ကြီးများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ယခု ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် အားကစားနည်း ၁၁ နည်း လျှော့ချရန်အစီအစဉ်အား ကျောင်းသားမိဘများ အကြောင်းကြားတင်ပြနိုင်ရေး၊ သက်ဆိုင်ရာ ဒေသ အာဏာပိုင် လူမှုရေးဝန်ကြီးများအား ကျောင်းအုပ်ကြီးများမှ ကြိုတင်တင်ပြနိုင်ရေး၊ ကျောင်းသားမိဘများမှ မိမိတို့ သားသမီးများ ဆက်လက်ပညာသင်ကြားနိုင်ခြင်း ရှိ/မရှိကို စနစ်တကျပြုစုတင်ပြရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် လျှော့ချမည့် အားကစားနည်း ၁၁ နည်း၏ အားကစားအဖွဲ့ချုပ်မှ ပြန်လည်တင်ပြလာမည့် အခြေအနေကို သိရှိရန်လိုအပ်ပါကြောင်း၊ လောလောဆယ် ဘောလုံး(ကျား) အားကစားနည်းအား အဖွဲ့ချုပ်ဥက္ကဋ္ဌမှ ပြန်လည်ထည့်သွင်းပေးရန် ပြည်ထောင်စုဝန်ကြီးထံ တင်ပြထားပါကြောင်း၊ ရန်ကုန်-မန္တလေး(သိပ္ပံ)ကျောင်းများ၏ (Bsc Sports) ကျောင်းသားများအဆောင်အား လျာထားပြင်ဆင်ထားရှိမှုကို တွေ့ရှိရ၍ တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ (Bsc Sports) ကျောင်းသားများ ပြန်လည်ရောက်ရှိလာရန် အခက်အခဲရှိပါကြောင်း၊ ၎င်းအချက်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**✻ *ကျောဖုံးမှ***

မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၃၄ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

COVID-19 ရောဂါ ကင်းရှင်းကြောင်း စစ်ဆေးခဲ့ပြီးဖြစ်သော အဆိုပါ မြန်မာနိုင်ငံသား ၁၃၄ ဦးတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား သုံးကြိမ် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့အထိ စုစုပေါင်း ၃၃၄ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့သည်။ ဆက်လက်၍လည်း စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ်အဖြစ် ဇွန် ၁၉ ရက်နှင့် ၂၇ ရက်တို့တွင်လည်း ပြန်လည်ခေါ်ဆောင်ရန် စီစဉ်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ကမ္ဘာ့ဘဏ်၊ ဩစတြေးလျအစိုးရ နိုင်ငံခြားရေးနှင့် စီးပွားရေးရာဌာနတို့ ပူးပေါင်းကျင်းပသည့် ကိုဗစ်-၁၉ တုံ့ပြန်မှုဆိုင်ရာ မူဝါဒဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေး




**နေပြည်တော် ဇွန် ၁၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့နံနက် ၇ နာရီခွဲတွင် YouTube မှ တိုက်ရိုက်ထုတ်လွှင့်သော ကမ္ဘာ့ဘဏ်နှင့် ဩစတြေးလျအစိုးရ နိုင်ငံခြားရေးနှင့် စီးပွားရေးရာဌာန (DFAT) တို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့ဘဏ်၏ The COVID–19 Pandemic: Shocks to Education and Policy Responses အစီရင်ခံစာ စာအုပ်ထုတ်ဝေခြင်းနှင့် အွန်လိုင်း Panel Discussion သို့ တက်ရောက်ဆွေးနွေးသည်။ **(ယာပုံ)**

ရှေးဦးစွာ ကမ္ဘာ့ဘဏ် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Ms. Victoria Kwakwa က အဖွင့်အမှာစကားပြောကြားကာ DFAT မှ Ms. Elizabeth Peak က အမှာစကား ပြောကြားသည်။ ထို့နောက် The COVID–19 Pandemic: Shocks to Education and Policy Responses အစီရင်ခံစာ စာအုပ်ပြုစုသူ Mr. Halsey Rogers နှင့် Ms. Shwetlena Sabarwal တို့က အစီရင်ခံစာပါ တွေ့ရှိချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Mr. Toby Linden ဦးဆောင်၍ Panel Discussion ကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် သင်ယူမှုအခွင့်အလမ်း မဆုံးရှုံးစေရေး၊ မည်သည့်ခွဲခြားမှုမျှ မရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေး၊ ကျောင်းထွက်နှုန်း လျော့နည်းရေးကို ဦးတည်ကြိုးပမ်းလျက်ရှိပါကြောင်း၊ ကျန်းမာ၍ ဘေးကင်းလုံခြုံသော သင်ယူမှုဝန်းကျင်ကောင်းဖြစ်စေရန် အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ချို့တဲ့သော အခက်အခဲရှိသော ထိခိုက်ခံရသူကလေးများ ကျောင်းဆက်လက်တက်ရောက်ရေးနှင့် ဆရာအရည်အသွေး မြှင့်တင်ရေးသည် အမျိုးသားပညာရေးမူဝါဒ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ချို့တဲ့သော အခက်အခဲရှိသော ကျောင်းသားနှစ်သောင်းငါးထောင်ကျော်ကို နှစ်စဉ်ပညာသင်ထောက်ပံ့ကြေး ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် အခက်အခဲအမျိုးမျိုး ရှိလာနိုင်ပြီး ကလေးများ ကျောင်းထွက်နှုန်း မြင့်မားမလာစေရေးအတွက် ပညာသင်ထောက်ပံ့ကြေးများ ပိုမိုထောက်ပံ့ပေးရန်နှင့် ပညာရေးတွင် ပိုမိုရင်းနှီးမြှုပ်နှံရန် အရေးကြီးပါကြောင်း၊ ၂၁ ရာစု ကျွမ်းကျင်မှုများရရှိစေရန်အတွက် သင်ရိုးညွှန်းတမ်းများကို ပြင်ဆင်ရေးဆွဲလျက်ရှိပါသဖြင့် ပညာသင်ကာလနှင့် လိုက်လျောညီထွေရှိမည့် သင်ယူတတ်မြောက်မှု အကောင်းဆုံးရရှိနိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူလတန်းအဆင့် စာဖတ်စွမ်းရည် အကဲဖြတ်ခြင်း (EGRA) နှင့် မူလတန်းအဆင့် သင်္ချာစွမ်းရည်အကဲဖြတ်ခြင်း (EGMA) တို့ကို ကိုဗစ်မဖြစ်ပွားမီ ဖေဖော်ဝါရီလတွင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျောင်းပညာသင်ထောက်ပံ့ကြေး အချက်အလက်စနစ် (School Stipend Database–STD)၊ စီမံခန့်ခွဲမှုအတွက် ဆက်သွယ်ရေးစနစ် (Communication for Management–C4M)၊ ပညာရေးစီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ် (Education Management Information System–EMIS)နှင့် ဝန်ထမ်းစီမံခန့်ခွဲမှုစနစ် (Staff Management System–SMS) တို့ကို အသုံးပြုနေသောကြောင့်လည်း ကိုဗစ်ကာလတွင် ထိရောက်သောစီမံခန့်ခွဲမှုကို များစွာအထောက်အကူပြုပါကြောင်း။

ထို့ကြောင့် ရေရှည်စီမံကိန်းများတွင် အရည်အသွေးရှိသော တစ်သက်တာ သင်ယူမှုအခွင့်အလမ်းများကို စာသင်ခန်းတွင်း သင်ယူမှု၊ အွန်လိုင်းသင်ယူမှုနှင့် နှစ်မျိုးပေါင်းစပ်သင်ယူမှုတို့ဖြင့် ဖြည့်ဆည်းပေးကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဆရာ ဆရာမများကို အွန်လိုင်းသင်တန်း စတင်ဆောင်ရွက်နေပြီး အွန်လိုင်းသင်တန်းများအတွက် အကောင်းဆုံးဖြစ်အောင် စတင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ကျောင်းသားများ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးကို ကာကွယ်ရန်၊ သင်ယူမှုမဆုံးရှုံးစေရန်နှင့် လူအုပ်စုလျှော့ချ၍ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်မှု၊ ကျောင်းထွက်နှုန်း အနည်းဆုံးဖြစ်မှုတို့ကို ဦးစားပေး ထိန်းသိမ်းဆောင်ရွက်သွားရန်၊ သင်ယူမှုကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရန်အတွက် သင်ရိုးညွှန်းတမ်းများ၊ သင်ကြားသင်ယူမှု နည်းစနစ်များကို ဆန်းသစ်သော ပြုပြင်ပြောင်းလဲမှုများမှတစ်ဆင့် ပိုမိုကောင်းမွန်သော သင်ယူမှုဝန်းကျင်ကောင်းများကို ဖော်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ ယခုအတွေ့အကြုံနှင့် ဆောင်ရွက်ချက်များကို ကိုဗစ်အလွန်ကာလ ရင်ဆိုင်ကြုံတွေ့လာရနိုင်သော အရေးပေါ်အခြေအနေများတွင်လည်း အရည်အသွေးရှိသော သင်ယူမှု စဉ်ဆက်မပြတ်စေရေးအတွက် ထိရောက်စွာ အသုံးချသွားနိုင်မည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တွန်ဂါနိုင်ငံ ပညာရေးဝန်ကြီးနှင့် ဖိလစ်ပိုင်နိုင်ငံ ပညာရေးဒုတိယဝန်ကြီးတို့က ဆွေးနွေးခဲ့ကြကာ ကမ္ဘာ့ဘဏ်၏ ညွှန်ကြားရေးမှူး Jaime Saavedra က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များဆွေးနွေး




**နေပြည်တော် ဇွန် ၁၇**

အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံ လူမှုရေး–ယဉ်ကျေးမှု အသိုက်အဝန်း အဆင့်မြင့်အရာရှိကြီးများကော်မတီ(SOCA)နှင့် ဗီယက်နမ်တို့မှ ဦးဆောင်၍ (၁၅)ကြိမ်မြောက် အာဆီယံ လူမှုရေး–ယဉ်ကျေးမှု အသိုက်အဝန်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် Video Conferencing ဖြင့် ကျင်းပသည်။ **(ဝဲပုံ)**

အစည်းအဝေးတွင် အာဆီယံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု ပပျောက်ရေးဆိုင်ရာ (SOMRDPE) အလှည့်ကျဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က SOMRDPE Framework Action Plan 2016–2020 အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ဖြစ်ပေါ်တိုးတက်မှုများ၊ စိန်ခေါ်မှုများ၊ သင်ခန်းစာ ဖော်ထုတ်ချက်များ၊ ရေးဆွဲလျက်ရှိသည့် အာဆီယံ SOMRDPE Framework Action Plan 2021–2025 တွင် ထည့်သွင်းဆောင်ရွက်သွားမည့် အချက်များ၊ အာဆီယံ Sectoral Body များအကြား ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကိုဗစ် – ၁၉ တုံ့ပြန်မှု အစီအစဉ်များနှင့် ပတ်သက်၍ SOMRDPE မှ ဆောင်ရွက်ရန် စီမံထားသည့် အစီအစဉ်များ၊ မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသော Covid–19 Economic Respond Plan နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကိုဗစ် – ၁၉ ထိခိုက်မှု သက်သာရေး လျော့ပါးစေရေး အစီအစဉ်များကို ဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲသို့ အာဆီယံ ဒုတိယ အတွင်းရေးမှူးချုပ်နှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အာဆီယံ လူမှုရေး–ယဉ်ကျေးမှုအသိုက်အဝန်း (ASCC) အောက်ရှိ Sectoral Body ၁၆ ခုမှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ အာဆီယံ အဖွဲ့ဝင် ၁၀ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ပြခန်းများနှင့် ပြိုင်ပွဲများကျင်းပရေးကော်မတီ အစည်းအဝေးများကျင်းပ



ရန်ကုန် ဇွန် ၁၇

**မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြခန်းများ ခင်းကျင်းပြသရေးဆပ်ကော်မတီနှင့် ပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီ အစည်းအဝေးများကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေး ဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

ပြခန်းများခင်းကျင်းပြသရေး ဆပ်ကော်မတီ တတိယအကြိမ် အစည်းအဝေးတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကများနှင့် တက်ရောက်လာကြသူများက ယခင်မြန်မာ့ရုပ်ရှင်၊ ငွေရတု၊ ရွှေရတုနှင့် စိန်ရတုခေတ်အဆက်ဆက်တွင် ကျင်းပခဲ့သည့် အတွေ့အကြုံများ၊ အမှတ်တရပစ္စည်းများ ထုတ်လုပ်ရောင်းချရေး အစီအစဉ်များ၊ အလှပြယာဉ်များနှင့် ဖျော်ဖြေရေးအစီအစဉ်များ၊ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များကို 3D ပန်းချီကားများဖြင့် ရေးဆွဲဖော်ပြမည့် အစီအစဉ်များ၊ စားသောက်ဆိုင်များ တည်ခင်းရောင်းချရေး အစီအစဉ်များ၊ စာနယ်ဇင်းများက ပြောသော ရုပ်ရှင်ရာပြည့်အစီအစဉ်၊ စတန့်ပြခန်းများ ပြသထားရှိရေး၊ ပြခန်းများ တာဝန်ခွဲဝေမှုကိစ္စများ၊ အနုပညာဖန်တီးသူ လူငယ်များ၏ ဇာတ်လမ်းရုပ်ရှင်တိုများ ပြသနိုင်ရေးအစီအစဉ်၊ အနုပညာချစ်မြတ်နိုးသူများနှင့် အနုပညာရှင်များ အမှတ်တရဓာတ်ပုံတွဲရိုက်ရေး အစီအစဉ်များ၊ နိုင်ငံတကာမှ အနုပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ပြိုင်ပွဲများဖြစ်သည့် ဆောင်းပါးပြိုင်ပွဲ၊ ဇာတ်လမ်းရုပ်ရှင်တိုပြိုင်ပွဲ၊ မှတ်တမ်းရုပ်ရှင်ပြိုင်ပွဲ၊ ကာတွန်းရုပ်ရှင်ပြိုင်ပွဲ၊ ရုပ်ရှင်ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ခေါ်ယူမည့်အခြေအနေ၊ စည်းမျဉ်းစည်းကမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီ အတွင်းရေးမှူး ဦးအေးကြူလေးက ဆွေးနွေးပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဖြည့်စွက်ဆွေးနွေးကြကာ ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားသည်။

**သတင်း–ဥမ္မာ၊ စန္ဒီ၊ ဓာတ်ပုံ–ရဲထွဋ်**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရုပ်သံအရည်အသွေး ကောင်းမွန်စေရန်အတွက် SD အဆင့်မှ HD အဆင့်သို့ ကူးပြောင်းနိုင်ရန် လိုအပ်သည့် စက်ကိရိယာတပ်ဆင်ကာ ပြီးခဲ့သည့်နှစ် နှောင်းပိုင်းက စမ်းသပ်ထုတ်လွှင့်ခဲ့ပြီး ယခုအခါ ပုံမှန်ထုတ်လွှင့်နေပြီဖြစ်



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဖြေကြားစဉ်။



အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင် ဖြေကြားစဉ်။

◆ ကျောဖုံးမှ

ဆောင်ရွက်ချက်များကို အများပြည်သူသိရှိအောင် အသိပေးအစီရင်ခံရန် တာဝန်ရှိပါကြောင်း၊ ထိုသို့ အသိပေးအစီရင်ခံသည့်တာဝန်ကို ထမ်းဆောင်နိုင်ရန်အတွက် ယခုကဲ့သို့ မီဒီယာများမှတစ်ဆင့် ဆက်သွယ်ပေါင်းကူးပေးခြင်း ဖြစ်ပါကြောင်း။

ဒုတိယတာဝန်အနေဖြင့် အစိုးရ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန် ဌာနအသီးသီးမှ သတင်းရယူနိုင်ရန်အတွက် ဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ တာဝန်နှစ်ရပ်ဖြင့် သတင်းစာရှင်းလင်းပွဲများ ကျင်းပခြင်းဖြစ်သည်ကို ဦးစွာပြောကြားလိုပါကြောင်း။

သတင်းစာရှင်းလင်းပွဲများနှင့်အတူ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများတွင် ပြောရေးဆိုခွင့်ပုဂ္ဂိုလ်များ ရွေးချယ်တာဝန်ပေးနိုင်စေရန်အတွက် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြောရေးဆိုခွင့်ပုဂ္ဂိုလ်များနှင့် တွေ့ဆုံမိတ်ဆက်ပေးသည့် အစီအစဉ်များကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုကဲ့သို့ ပြုလုပ်ရခြင်း ရည်ရွယ်ချက်မှာ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်သည့် ဓလေ့ထွန်းကားစေရန်နှင့် ပြောရေးဆိုခွင့်ရှိသူများ အပါအဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မီဒီယာသမားများ ရင်းရင်းနှီးနှီးရှိစေရန် ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခဲ့မှု၏ အောင်မြင်မှုအတိုင်းအတာကို မီဒီယာသမားများကိုယ်တိုင် ဆုံးဖြတ်သိရှိနိုင်ပါကြောင်း။

## ဌာန၏ အဓိကလုပ်ငန်းတာဝန်

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြောကြားလိုပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ အဓိက လုပ်ငန်းတာဝန်သည် အများပြည်သူကို သတင်းအချက်အလက်ပေးသည့် အလုပ်နှင့် အများပြည်သူအတွက် အသိပညာဖွံ့ဖြိုးတိုးတက်ရေး အလုပ်များကို ဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း၊ နေ့စဉ်အားဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ အများပြည်သူအတွက် ဖျော်ဖြေရေးအစီအစဉ်များကို တင်ဆက်ပေးသည်လည်းရှိပါကြောင်း၊ သတင်းနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ရယူခြင်း၊ စုဆောင်းခြင်း၊ ဖြန့်ချိခြင်း အလုပ်များကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ အဓိက ဆောင်ရွက်ပါကြောင်း၊ ယခုအခါ သတင်းရယူစုဆောင်းရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့်လည်း ပါဝင်လာပါကြောင်း။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနတစ်ခုဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် စတုတ္ထ (၁) နှစ်တာအတွင်း ပြုပြင်ပြောင်းလဲလုပ်ဆောင်ခဲ့သည့် အချက်သုံးခုရှိပါကြောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားပြည်လမ်း ရုံးဝင်းအတွင်းရှိ အဆောက်အဦတွင် ခေတ်မီစတူဒီယိုအသစ်တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ စတင်ဖွင့်လှစ်ပြီး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသည်မှာ ပြီးခဲ့သည့်နှစ် နှောင်းပိုင်းကတည်းကပင် ဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရုပ်သံအရည်အသွေးကောင်းမွန်စေရန်အတွက် SD အဆင့်မှ HD အဆင့်သို့ ကူးပြောင်းနိုင်ရန် လိုအပ်သည့် စက်ကိရိယာတပ်ဆင်ကာ ပြီးခဲ့သည့်နှစ် နှောင်းပိုင်းက စမ်းသပ်ထုတ်လွှင့်ခဲ့ပြီး ယခုအခါ ပုံမှန်ထုတ်လွှင့်နေပြီ ဖြစ်ပါကြောင်း၊ ယခုအခါတွင် တိုက်ရိုက်ထုတ်လွှင့်ခြင်း အစီအစဉ်များ များပြားလာသည့်အတွက် DSNG Van ဟု ခေါ်သည့် ပြင်ပမှ တိုက်ရိုက်ထုတ်လွှင့်နိုင်သည့် ယာဉ်အသစ် (၃) စင်းကို ထပ်မံဖြည့်တင်းနိုင်ခဲ့ပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများသည် စာကြည့်တိုက်များနှင့် တွဲဖက်တည်ရှိနေသည့် ရုံးများဖြစ်ပါကြောင်း၊ ထိုကဲ့သို့ တည်ရှိနေသည့် စာကြည့်တိုက်များကို အများပြည်သူအတွက် လူထုအခြေပြုဗဟိုဌာနများအဖြစ် ပြောင်းလဲခဲ့ပါကြောင်း၊ လူထုအခြေပြုဗဟိုဌာနများအဖြစ် ဆောင်ရွက်ရာတွင် အများပြည်သူအတွက် ရည်ရွယ်ခြင်းဖြစ်သည့်အတွက် အများပြည်သူ စုဝေးဆွေးနွေးနိုင်နှော‌ဖလှယ်နိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည် ဒီမိုကရေစီအလေ့အကျင့် တိုးတက်ထွန်းကားစေရန်အတွက်လည်း ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ်တွင် ခေတ်မီလူထုအခြေပြုဗဟိုဌာနတစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ အဆိုပါဌာနမှ တာဝန်ယူဆောင်ရွက်သည့် ထင်ရှားလူသိများသည့် အလုပ်တစ်ခုမှာ စာပေပွဲတော်နှင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များ ကျင်းပခြင်းဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် စတုတ္ထ (၁)နှစ်တာကာလအတွင်း မကွေးမြို့တွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ကျင်းပနိုင်ခဲ့ပါကြောင်း။

## ကလေးစာပေပွဲတော်များ ကျင်းပပေး

ကလေးစာပေပွဲတော်များ ကျင်းပရာတွင် ပြီးခဲ့သည့်နှစ်အတွင်း ထူးခြားသည့် ဆောင်ရွက်မှုအဖြစ် ဧရာဝတီတိုင်းဒေသကြီးတွင် ကလေးစာပေပွဲတော်များကို တိုင်းဒေသကြီးအတွင်း မြို့နယ်အားလုံးတွင် ကျင်းပနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ ရန်ကုန်မြို့ ရွှေတောင်ကြားတွင် ရုပ်ရှင်မြှင့်တင်ရေးခြံရှိပြီး အဆိုပါနေရာရှိ ရှိရင်းစွဲအဆောက်အဦများကို ပြုပြင်ကာ Film Development Centre၊ ရုပ်ရှင်ရပ်ဝန်းဖြစ်စေရန် ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ပြောင်းလဲကာ ရုပ်ရှင်စတူဒီယိုများအဖြစ် ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ပြီးခဲ့သည့် နှစ်အတွင်းက ရုပ်ရှင်လုပ်ငန်းအတွက် လုပ်ငန်းများစွာ အသုံးပြုဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ရုပ်ရှင်ဝါသနာပါသော ပညာရှင်၊ လူငယ်ပညာရှင်များ ဦးဆောင်သည့် ရုပ်ရှင်လေ့လာရေးအစီအစဉ်ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ Art Film ဟု ခေါ်သည့် အနုပညာအားပိုများသည့် ရုပ်ရှင်များကို ခွဲခြမ်းစိတ်ဖြာ လေ့လာသည့်အစီအစဉ် ဖြစ်မြောက်အောင် ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အဆိုပါနေရာတွင် ဆွေးနွေးပွဲများ မပြတ်ဆောင်ရွက်နေသည့်အတွက် မီဒီယာသမားများ အပါအဝင် စိတ်ဝင်စားသူများ တက်ရောက်နိုင်ရန်အတွက် အသိပေးပြောကြားလိုပါကြောင်း။

## ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအနေဖြင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလုပ်ငန်းနှစ်ခုကို ဆောင်ရွက်ပါကြောင်း၊ အဆိုပါဦးစီးဌာနသည် အစိုးရဌာနဆိုင်ရာများအတွက် ပုံနှိပ်ပေးသည့် လုပ်ငန်းကို အစိုးရအစဉ်အဆက် လုပ်ဆောင်ခဲ့ပါကြောင်း၊ နိုင်ငံတော်ပြန်တမ်းများအပါအဝင် အစိုးရစာရွက်စာတမ်းများကို ရိုက်နှိပ်ပေးရပါကြောင်း၊ ပညာရေးဝန်ကြီးဌာနမှ အပ်နှံသည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ပေးခြင်းကိုလည်း ဆောင်ရွက်ပါကြောင်း၊ ကျောင်းသုံးစာအုပ်များကို ပုံနှိပ်သည်မှာလည်း ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အပ်နှံသည့် ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များ၊ ကြိုတင်မဲစာအိတ်များ၊ မဲပုံးတွင်ကပ်မည့် စာသားစက္ကူများကို ရိုက်နှိပ်ပေးရပြီး ဆောင်ရွက်နေဆဲ ဖြစ်ပါကြောင်း၊ ပုံနှိပ်လုပ်ငန်းများအပြင် စာပေဗိမာန်မှ စာအုပ်စာတမ်းများ ထုတ်ဝေခြင်းလည်း ရှိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲများ၏ မိန့်ခွန်းများ၊ အစိုးရ၏ နှစ်ကာလအလိုက် ဆောင်ရွက်မှု မှတ်တမ်းစာအုပ်များကို ပြုစုထုတ်ဝေခဲ့ပါကြောင်း၊ ယနေ့ သတင်းစာရှင်းလင်းပွဲတွင်လည်း ပြသထားပါကြောင်း၊ မကြာခင်၌ လေးနှစ်တာကာလ ဆောင်ရွက်မှုများကို ထုတ်ဝေသွားရန် စီစဉ်နေပြီဖြစ်ပါကြောင်း၊ သတင်းမီဒီယာသမားများအနေဖြင့် နောင်အခါ ကိုးကားနိုင်ရန်အတွက် တန်ဖိုးရှိသည့်အရာများဟု အသိပေးလိုပါကြောင်း၊ မြန်မာစာပေဖွံ့ဖြိုးရေးအတွက် မြန်မာဂန္ထဝင်စာစဉ် ၁၀၀ အတွဲများကိုလည်း ထုတ်ဝေခဲ့ပြီး အတွဲ ၉ အထိ ထုတ်ဝေခဲ့ပြီး ဖြစ်ပါကြောင်း။

## သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများကို ထုတ်ဝေသည့်ဌာန ဖြစ်ပါကြောင်း၊ သတင်းသမားများ သိရှိသည့်အတိုင်းပင် သတင်းစာများသည် နေ့ချင်းပြီး ဆောင်ရွက်ရသည့်အတွက် တစ်ခါတစ်ရံ အလျင်အမြန် ဆောင်ရွက်ရသည်လည်း ရှိပါကြောင်း၊ ထိုသို့ အလျင်အမြန်ပြီးစီးအောင် ဆောင်ရွက်ရသည့်အတွက် ချို့ယွင်းချက်၊ အားနည်းချက်များလည်း ရှိပါကြောင်း၊ ချို့ယွင်းချက်၊ အားနည်းချက်များကို တတ်နိုင်သမျှနည်းအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

သတင်းစာများသည် နိုင်ငံပိုင်သတင်းစာများဖြစ်သည့် အားလျော်စွာ ပြည်သူနှင့်အစိုးရအကြား ပေါင်းကူးပေးသည့် သတင်းစာများလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲများနှင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ အခြားမဏ္ဍိုင်များ၏ ဆောင်ရွက်ချက်များကို ပြည့်ပြည့်စုံစုံ ဖော်ပြပါကြောင်း၊ ထိုသို့ ဖော်ပြသည့်အပြင် ပြည်သူများအတွက် အခါအားလျော်စွာ တင်ပြသည့်အစီအစဉ်များလည်း ရှိပါကြောင်း၊ ဥပမာအားဖြင့် လွှတ်တော်သတင်းများကို ဖော်ပြပေးလျက်ရှိသည့်အပြင် ပြည်သူ့ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များကို အထူးပြုဖော်ပြပေးသည့် အစီအစဉ်ကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း။

## တိုင်းရင်းသားဘာသာများဖြင့် ထုတ်ဝေ

သတင်းစာများကို မြန်မာဘာသာဖြင့်သာမက တိုင်းရင်းသားဘာသာများဖြင့် ထုတ်ဝေသည့် အချပ်ပိုစာမျက်နှာလည်း ရှိပါကြောင်း၊ သက်ဆိုင်ရာ ပြည်နယ်များတွင် တိုင်းရင်းသားဘာသာ အချပ်ပိုစာမျက်နှာများကို အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးနေသည်လည်း ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မွန်၊ စကော(ကရင်)၊ ပိုး (ကရင်)၊ ပအိုဝ်း၊ ကချင်၊ ရခိုင်ဘာသာများဖြင့် ထုတ်ဝေပေးနေရာမှ ပြီးခဲ့သည့် စတုတ္ထ (၁) နှစ်တာအတွင်း ရှမ်းဘာသာဖြင့် ထပ်မံတိုးချဲ့ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

**သတင်းစာများကို မြန်မာဘာသာဖြင့်သာမက တိုင်းရင်းသားဘာသာများဖြင့် ထုတ်ဝေသည့် အချပ်ပိုစာမျက်နှာလည်း ရှိ၊ သက်ဆိုင်ရာ ပြည်နယ်များတွင် တိုင်းရင်းသားဘာသာ အချပ်ပိုစာမျက်နှာများကို အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးနေ၊ ထိုသို့ဆောင်ရွက်ရာတွင် မွန်၊ စကော(ကရင်)၊ ပိုး(ကရင်)၊ ပအိုဝ်း၊ ကချင်၊ ရခိုင်ဘာသာများဖြင့် ထုတ်ဝေပေးနေရာမှ ပြီးခဲ့သည့် စတုတ္ထ(၁)နှစ်တာအတွင်း ရှမ်းဘာသာဖြင့် ထပ်မံတိုးချဲ့ ဆောင်ရွက်ပေးနိုင်ခဲ့**

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့် စာပေသမားများအတွက် ဟောပြောပွဲများ၊ မိတ်ဆက်ပွဲများ၊ ဖြန့်ချိရေးပွဲများ ပြုလုပ်နိုင်ရန် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရုံးနေရာရှိ ရွှေဥဒေါင်းခန်းမကို အခမဲ့အသုံးပြုခွင့်ပေးထားပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် News Watch သတင်းဂျာနယ်က ပြန်ကြားရေးဝန်ကြီးဌာနနှင့် Eleven မီဒီယာတို့အကြား ဖြစ်ပွားခဲ့သည့် အမှုနှင့်ပတ်သက်ပြီး ဖြေလျှော့ပေးရန် ရှိ/မရှိ နှင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးအား **Eleven** မီဒီယာက သက်သေစာရင်းတွင် ထည့်သွင်းထားမှုအပေါ် မည်သို့ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်းပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်ဆွေက Eleven မီဒီယာနှင့် ဖြစ်ပွားသောအမှုနှင့် ပတ်သက်ပြီး ဇွန်လ ၁၁ ရက်အထိ ရုံးချိန်းပေါင်း ၁၈၃ ချိန်း ရှိသွားပြီဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ၆ နှစ်နီးပါးရှိပြီ ဖြစ်ပါကြောင်း၊ National Case Management Progarm အရ နှစ်ဦးနှစ်ဖက်ကျေအေးလိုကြောင်း Eleven Media Group က တရားရုံးတွင် တင်ပြလာခြင်းရှိသည်ဟု သိရှိရသော်လည်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းကိုရော၊ ပြန်ကြားရေးဝန်ကြီးဌာနကိုရော တရားဝင်စာဖြင့် အသိပေးတင်ပြခြင်း မရှိသေးပါကြောင်း၊ ထို့ကြောင့် တရားရုံး၏ အဆုံးအဖြတ်အတိုင်းသာ လိုက်နာဆောင်ရွက်သွားမည်ဟု တရားရုံးသို့ စာဖြင့် အကြောင်းပြန်ကြားထားပါကြောင်း။

ယခု ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့အား စဉ်ဆက်မပြတ် အမှုဖြစ်စဉ်နှင့် မိမိတို့ သဘောထားဖြစ်သည့် တရားရုံး၏ အဆုံးအဖြတ်အတိုင်း လိုက်နာဆောင်ရွက်သွားမည်ကို တင်ပြထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့အနေဖြင့် တရားရုံးသို့ သွားရောက်သက်သေထွက်ဆိုရန် ယခုအချိန်အထိ အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

## မီဒီယာများ၏ မေးမြန်းချက်များ ဖြေကြား

ယင်းနောက် RFA သတင်းဌာနက သတင်းလုပ်ရန် ပြန်ကြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူများအား ဆက်သွယ်ရာတွင် ဖုန်းမကိုင်ခြင်း၊ ဆက်သွယ်ရ အခက်အခဲဖြစ်နေခြင်းမှာ ဘာကြောင့်ပါလဲ၊ နောက် ယခုအစိုးရလက်ထက်တွင် သတင်းပြန်ကြားရေးအပိုင်းမှာ ပိုမိုအားကောင်းလာမယ်လို့ ထင်ခဲ့ပေမယ့် ထင်သလို ဖြစ်မလာတာဟာ ဘာကြောင့်ပါလဲ မေးခွန်းနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က မိမိတို့အနေဖြင့် တော်တော်များများကို ဖြေဆိုပေးပါကြောင်း၊ တစ်ခါတစ်လေ ဖုန်းမကိုင်နိုင်သည့် အခြေအနေမျိုးများလည်း ရှိနိုင်ပါကြောင်း၊ ဖုန်းပြန်လည်ခေါ်ဆိုပေးခြင်းများလည်းရှိပါကြောင်း၊ တချို့ကိစ္စရပ်များကို မသိ၍ မဖြေကြားနိုင်ခြင်းများလည်း ရှိပါကြောင်း၊ ထိမ်ချန်ထားခြင်းမျိုး၊ တမင်မဆက်သွယ်ခြင်းမျိုး မဟုတ်ပါကြောင်း၊ ပုံမှန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သတင်းထုတ်ပြန်သည့် အပိုင်းတွင် စုပေါင်းပြီးဆောင်ရွက်သည့် အနေအထားမဟုတ်ဘဲ ဌာနတစ်ခုချင်းကနေ ဆောင်ရွက်သည့် အနေအထားမျိုးများ ရှိနေသည့်အတွက် သတင်းထုတ်ပြန်မှုအပိုင်းတွင် အားနည်းသည်ဟု ထင်ကောင်းထင်နိုင်စရာ ရှိပါကြောင်း၊ သို့သော်လည်း မိမိတို့၏ သတင်းထုတ်ပြန်မှုကို ကြည့်မည်ဆိုပါက ယခုဖြစ်နေသည့် ကိုဗစ်ရောဂါအပါအဝင် သတင်းထုတ်ပြန်ပေးနိုင်ရေးနှင့်ပတ်သက်ပြီး ကြိုးစားလုပ်ဆောင်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ဖြည့်စွက်ဖြေကြားရာတွင် ယခု အစိုးရလက်ထက်တွင် အချို့ဌာနများသည် မီဒီယာနှင့် ဆက်သွယ်ဆက်ဆံရေး အလွန်ကောင်းလာသည်ကို တွေ့ရပါကြောင်း၊ မိမိတို့လက်ထက်တွင် Online ၌ Proactive ထုတ်ပြန်လာခြင်းကို

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

ပို၍ ဦးစားပေးလာပါကြောင်း၊ CSO, Myanmar Webportal နှင့် DICA (Directorate of Investment and Company Administration) တို့ ထွက်လာပါကြောင်း၊ ယင်းတို့ကို ကြည့်လိုက်လျှင် အမြဲတမ်း Update လုပ်ပေးထားပါကြောင်း၊ တော်ရုံသင့်ရုံကိစ္စများဆိုလျှင် မေးစရာကို မလိုတော့လောက်အောင် ဖြစ်ပါကြောင်း၊ ဆက်သွယ်မေးမြန်းလျှင်လည်း တချို့ပုဂ္ဂိုလ်များနှင့် တော်တော်များများက စိတ်ရှည်လက်ရှည်နှင့် ဖြေကြားပေးကြသည်ကို တွေ့ရပါကြောင်း။

သတင်းမီဒီယာသမားအချို့ကို အနည်းငယ် ပြောကြားလိုတာရှိပါကြောင်း၊ ၎င်းမှာ သတင်းမီဒီယာသမားအချို့သည် အရေးကြီးသည့်အချက်များကို ချန်လှပ်ပြီး၊ မိမိတို့လိုချင်သည်ကို ဆွဲယူပြီး လိုချင်သည့်အပိုင်းကိုအသုံးပြု၍ Out of Context သတင်းဖော်ပြမှုများရှိသည်ဟု တိုင်ကြားမှုများရှိပါကြောင်း၊ သို့ဖြစ်၍ မီဒီယာကျင့်ဝတ်ကို လိုက်နာစေလိုပါကြောင်း၊ တစ်ဦးချင်း၊ တစ်ယောက်ချင်း၏ အပြန်အလှန် ယုံကြည်မှုအပေါ် မူတည်ပြီး ဆက်ဆံရေး ပိုမိုကောင်းမွန်လာမည်ဟု ထင်မြင်ပါကြောင်း ဖြေကြားသည်။

**သတင်းစာရှင်းလင်းပွဲဆောင်ရွက်ပေး**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောရေးဆိုခွင့်ရှိသူများနှင့် သတင်းမီဒီယာသမားများ ထိတွေ့ရန်၊ ရင်းရင်းနှီးနှီး တွေ့ဆုံရန်၊ ဆက်လက်ထိတွေ့နိုင်ရန် မီဒီယာသမားများအနေဖြင့် မိမိဘာသာ ဆက်လက်တည်ဆောက်ကြရန်လိုပါကြောင်း၊ ပြောရေးဆိုခွင့်ရှိသူများကို မိမိတို့ဌာနအလိုက် ဆောင်ရွက်နေသည်များ ပြောကြားကြရန်နှင့် မီဒီယာသမားများကိုလည်း ဆက်လက်ထိတွေ့ဆောင်ရွက်ကြရန် အမြဲမှာကြား တိုက်တွန်းပြောကြားပါကြောင်း၊ သတင်းစာရှင်းလင်းပွဲကို ပြန်ကြားရေးဝန်ကြီးဌာနတွင် ဖြစ်အောင်ဆောင်ရွက်ပေးနေပါကြောင်း၊ ပြောရေးဆိုခွင့်ရှိသူများ ရွေးချယ်ပြီးချိန်တွင်လည်း တွေ့ဆုံပွဲလုပ်ပေးခဲ့ပါကြောင်း၊ ကျန်သည့်အပိုင်းကို မီဒီယာများက ဆက်လက်တည်ဆောက်ကြရန် လိုပါကြောင်း၊ မေးခွန်းများ မေးမြန်းသည့်အခါတွင် တစ်ခါတစ်ရံ အစည်းအဝေးများရှိသည့်အတွက် ဖြေကြားရန် ခက်ခဲသည့်အနေအထားများလည်း ရှိနိုင်ပါကြောင်း၊ ထိုအခါ ရုံးဆင်းချိန်များတွင် ဆက်လက်မေးမြန်းနိုင်ပါကြောင်း၊ ဖွဲ့ဖြင့် အကြိမ်ကြိမ် ဆက်သွယ်ပြီးမေးမြန်းပါက တာဝန်ရှိသူများက ဖြေကြားမည်သာ ဖြစ်ပါကြောင်း၊ ၎င်းတို့၏ ဖြေကြားမှုများအား မလုံလောက်သေးဘူးဟု ယူဆလျှင် စာဖြင့်ရေးသားပြီး ပြော၍ရပါကြောင်း၊ ပြောရေးဆိုခွင့်ရှိသူအား ဖုန်းဆက်သော်လည်း မကိုင်လျှင် တစ်နည်းနည်းဖြင့် ဌာနသို့ အသိပေးအကြောင်းကြားနိုင်ပါကြောင်း၊ မိမိတို့အနေဖြင့် မီဒီယာများနှင့် ထိတွေ့မှု၊ ဆက်သွယ်မှု ပိုမိုတိုးတက်အောင် ဆောင်ရွက်မည်ဆိုသည့် စေတနာနှင့် စိတ်ဓာတ်ရှိပါကြောင်း ဖြည့်စွက်ဖြေကြားသည်။

ယင်းနောက် Union Daily သတင်းစာက ဥတ္တရသီရိမြို့နယ်တွင် ရုပ်ရှင်ခြံတစ်ခု တည်ဆောက်ရန်နှင့် ပုဗ္ဗသီရိမြို့နယ်တွင် တရားရေးနှင့်ပတ်သက်သည့် တက္ကသိုလ်တစ်ခု တည်ဆောက်ရန် အမျိုးသားလွှတ်တော်တွင် ဖြေကြားထားပြီး ဘာကြောင့်အကောင်အထည်မဖော်နိုင်သေးသည်ကို သိလိုကြောင်း မေးမြန်းရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က ဥတ္တရသီရိမြို့နယ်တွင် ရုပ်ရှင်ခြံတစ်ခု တည်ဆောက်ရန် ဝန်ကြီးဌာနအနေဖြင့် စီစဉ်ထားခြင်း မရှိပါကြောင်း၊ နေပြည်တော်တွင် ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုပ်ရှင်လုပ်ငန်းတွင် ပါဝင်ပတ်သက်နေသူများနှင့် ကွင်းဆင်းကြည့်ရှုဆောင်ရွက်ထားပါကြောင်း၊ စီမံကိန်းတစ်ခုအနေဖြင့် ဖြစ်နိုင်ခြေလေ့လာနေဆဲ ဖြစ်ပါကြောင်း၊ ပုဗ္ဗသီရိမြို့နယ်တွင် တရားရေးနှင့်ပတ်သက်သည့် တက္ကသိုလ်တစ်ခု တည်ဆောက်ရန်ဆိုသည်မှာ မိမိတို့ဝန်ကြီးဌာနနှင့် တိုက်ရိုက်မသက်ဆိုင်သည့်အတွက် မသိပါကြောင်း ဖြေကြားသည်။



သတင်းစာရှင်းလင်းပွဲတွင် မီဒီယာသမားများက သိရှိလိုသည်များကို မေးမြန်းစဉ်။



**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် နှစ်စဉ်အမြတ်ရရှိနေပြီး အရှုံးမရှိ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်တွင် ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာ (၂)စောင်သည် စတင်ထုတ်ဝေစဉ်ကစပြီး ယခုထိ အမြတ်ငွေရရှိ၊ The Global New Light of Myanmar သည် အရှုံးဖြစ်ပေါ်သော်လည်း ယခင် အမြတ်ငွေများနှင့် ကာမိသည့်အဆင့်သာ ရှိပါသေး၊ တဖြည်းဖြည်းနှင့် စောင်ရေများပြားလာစေရန်နှင့် ကြော်ငြာဝင်ငွေ တိုးတက်ရရှိစေရန် ကြိုးစားဆောင်ရွက်လျက်ရှိ**

**စည်းမျဉ်းစည်းကမ်း ထုတ်ပြန်ထား**

ထို့နောက် Myanmar Now သတင်းဌာနက ကိုဗစ်ကြောင့် ပျက်သုဉ်းသွားသည့် ပုဂ္ဂလိကမီဒီယာများအား ပြန်ကြားရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ပေးသည်ကို မတွေ့ရပါကြောင်း၊ ဘာအတွက်ကြောင့်ဆိုသည်ကို သိရှိလိုပါကြောင်း မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကိုဗစ်ကြောင့် ထိခိုက်မှုများတွင် ရုပ်ရှင်လုပ်ငန်းနှင့် မီဒီယာလုပ်ငန်းသည် မိမိတို့နှင့် သက်ဆိုင်ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းသည် Industry သဘောဖြစ်သည့်အတွက် လုပ်ငန်းပမာဏ ကြီးမားပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းများ ရပ်ဆိုင်းနေရသည့်အတွက် တင်ပြလာသည်များ ရှိပါကြောင်း၊ ရုပ်ရှင်ရုံများ ဖွင့်လှစ်ရန်၊ ရုပ်ရှင်ရိုက်ကူးရေးများကို ဆောင်ရွက်ရန် အခက်အခဲရှိပါကြောင်း၊ ကိုဗစ်ကာလဖြစ်သည့်အတွက် ကျန်းမာရေးအရ ကန့်သတ်ထားသည့် အကန့်အသတ်၊ စည်းမျဉ်းစည်းကမ်း ထုတ်ပြန်ထားသည်များရှိပါကြောင်း၊ စည်းမျဉ်းစည်းကမ်းတွင် မပါဝင်သော်လည်း ကျန်းမာရေးရှုထောင့်အရ ထိန်းသိမ်းရသည်များလည်း ရှိပါကြောင်း။

ထိုကဲ့သို့အနေအထားတွင် လောလောဆယ် မလုပ်ဆောင် နိုင်သေးသော်လည်း လုပ်နိုင်သမျှ နည်းလမ်းရှာရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင်လည်း မိမိတို့ထက် ကြီးမားသည့် ရုပ်ရှင်လုပ်ငန်းများရှိပြီး ၎င်းတို့လည်း ရပ်ဆိုင်းနေပါကြောင်း၊ ကိုဗစ်လည်း မကူးစက်အောင်၊ ရုပ်ရှင်ရိုက်၍ရအောင် နည်းလမ်းရှာသည့်အခါ စီမံချက်များရှိပြီး ထိုအရာများကိုလေ့လာပြီး မိမိတို့ထံတင်ပြပါကြောင်း၊ အကန့်အသတ်များအကြားတွင် ကျန်းမာရေးစောင့်ရှောက်မှုများပါဝင်ပြီး လုပ်ဆောင်ရန်နည်းလမ်းများ၊ အသေးစိတ်အစီအစဉ်များကို တင်ပြကြပါကြောင်း၊ အဆိုပါအနေအထားအတိုင်း လုပ်ဆောင်ပါက ဖြစ်နိုင်သည်ဆိုသည်ကို မိမိတို့စဉ်းစားနေပါကြောင်း၊ အမျိုးသားအဆင့် ဗဟိုကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့သို့ တင်ပြဆောင်ရွက်နေပါကြောင်း။

ငွေကြေးအထောက်အကူအနေဖြင့် မိမိတို့ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် တိုက်ရိုက်ပေးနိုင်ခြင်း မရှိပါကြောင်း၊ ငွေကြေးအရ သက်သာခွင့်များရရှိအောင် လုပ်ငန်းရှင်များက တင်လာသည်များရှိပါကြောင်း၊ ဥပမာအားဖြင့် ရုပ်သံဌာနများက ပေးသွင်းရမည့်ငွေများ ရှိပါကြောင်း၊ သတ်မှတ်ထားသည့် အချိန်ကာလတွင် မပေးနိုင်ပါက ဒဏ်ကြေးပေးဆောင်ရသည်များ ရှိပါကြောင်း၊ ထိုကဲ့သို့ ပေးဆောင်ရသည်များကို သက်သာခွင့်ပြုနိုင်အောင် မိမိတို့မှ ထောက်ခံတင်ပြပေးထားပါကြောင်း၊ ထို့ပြင် အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးနိုင်ခွင့် တင်ပြလာပါကလည်း မိမိတို့ ထောက်ခံတင်ပြပေးမည်ဖြစ်ပါကြောင်း၊ မီဒီယာသမားများကလည်း ကိုဗစ်ကြောင့် မိမိတို့ လုပ်ငန်းများကို သက်သာအောင် အထောက်အကူပြုလိုပါက မိမိတို့ ကိုယ်တိုင်နည်းလမ်းကြံဆပြီး ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မည်သို့ကူညီပေးပါဆိုလျှင် လုပ်ဆောင်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဧရာဝတီသတင်းဌာနက ပြန်ကြားရေးဝန်ကြီးဌာန၌ လည်ပတ်နေသည့် လုပ်ငန်းများ၏ အရှုံး၊ အမြတ်အခြေအနေနှင့် နေ့စဉ်ထုတ် သတင်းစာလုပ်ငန်း၏ အရှုံး၊ အမြတ်အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုခြင်း မေးခွန်းအပေါ် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်ဆွေက ကြေးမုံ၊ မြန်မာ့အလင်းနှင့် The Global New Light of Myanmar သတင်းစာ (၃)စောင်ကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် တာဝန်ယူ ဖြန့်ချိဆောင်ရွက်လျက်ရှိပါကြောင်း၊ အားလုံးခြုံငုံပြောရပါက မိမိတို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် နှစ်စဉ်အမြတ်ရရှိနေပြီး အရှုံးမရှိပါကြောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအောက်တွင် ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာ (၂) စောင်သည် စတင်ထုတ်ဝေစဉ်ကစပြီး ယခုထိ အမြတ်ငွေရရှိပါကြောင်း၊ The Global New Light of Myanmar သတင်းစာသည် မိမိတို့နိုင်ငံ၏ သတင်းများနှင့်ပတ်သက်၍ အင်္ဂလိပ်ဘာသာဖြင့် ကမ္ဘာကို ဖြန့်ချိရန် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ၎င်းတွင် ယခင်ကတည်းက စာဖတ်ပရိသတ် အင်အားနည်းပါးပါကြောင်း၊ သို့သော် ခေတ်မီအဆင့်မီသည့် သတင်းစာတစ်စောင်ဖြစ်ရန်နှင့် ပြင်ပနိုင်ငံများကို အသိပေးရန်ဆိုသည့် ပုံစံမျိုးဖြင့် လုပ်ဆောင်နေခြင်းဖြစ်သည့်အတွက် လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကာလက အရှုံးဖြစ်ပေါ်ပါကြောင်း၊ နောက်ပိုင်းနှစ်နှစ်တွင် အမြတ်ငွေရရှိပါကြောင်း၊ တတိယနှစ်ပတ်လည် စာရင်းချုပ်သည့်အချိန်တွင် ငွေကြေးအနည်းငယ်အရှုံးပေါ်ပါကြောင်း၊ ယခုနှစ်တွင်လည်း အရှုံးပေါ်နိုင်ပါကြောင်း၊ သို့သော် ပြီးခဲ့သည့် (၂)နှစ်တာကာလတွင် ၎င်းတို့ရရှိထားသည့် အမြတ်ငွေရှိထားရာ ခြုံငုံပြောရပါက The Global New Light of Myanmar သည် အရှုံးဖြစ်ပေါ်သော်လည်း ယခင်အမြတ်ငွေများနှင့် ကာမိသည့် အဆင့်သာ ရှိပါသေးကြောင်း၊ တဖြည်းဖြည်းနှင့် စောင်ရေများပြားလာစေရန်နှင့် ကြော်ငြာဝင်ငွေ တိုးတက်ရရှိစေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် မေးခွန်းကို ပြန်ဖြေရလျှင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် အမြတ်ငွေရရှိနေသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ အခြားသောဌာနများမှာ ဝန်ဆောင်မှုလုပ်နေသော ဌာနများသာဖြစ်ပါကြောင်း ဖြေကြားသည်။

**ဆက်သွယ်ပေါင်းကူးပေး**

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကောင်းမွန်သည့် အများပြည်သူဝန်ဆောင်မှု မီဒီယာမျိုးဖြစ်စေရန် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်အပေါ် သိရှိလိုခြင်း မေးခွန်းနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် က မိမိတို့အနေဖြင့် နိုင်ငံပိုင်သတင်းစာများဖြစ်ပြီး အစိုးရနှင့် ပြည်သူအကြား ဆက်သွယ်ပေါင်းကူးပေးပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲများ၏ လှုပ်ရှားဆောင်ရွက်မှုများ၊ အစိုးရဌာနများ၊ ဝန်ကြီးဌာနများ၏ ကိစ္စရပ်များကို ဖော်ပြရန်မှာ အဓိကကျသည့် အစိတ်အပိုင်းဖြစ်ပါကြောင်း၊ သတင်းစာများတွင် အယ်ဒီတာ၏ သတင်းရွေးချယ်မှုရှိပါကြောင်း၊ အယ်ဒီတာများ၏ ရွေးချယ်မှုဆိုသည်မှာ မိမိတို့ သတင်းစာသွားနေသည့် လမ်းကြောင်းရှိပါကြောင်း၊ ယင်းလမ်းကြောင်းကို အထောက်အကူပြုသည့်ကိစ္စရပ်များကို ဆောင်ရွက်ရပါကြောင်း၊ သတင်းစာတစ်ခုနှင့်တစ်ခု ရွေးချယ်ပုံခြင်း မတူညီပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပတ်သက်ပါက ၎င်းမိန့်ခွန်းပြောခြင်း၊ အခမ်းအနားများ တက်ရောက်ခြင်း စသည်တို့သည် မိမိတို့အတွက် အရေးကြီးသည့် သတင်းများဖြစ်ပါကြောင်း၊ ဆိုရှယ်မီဒီယာပေါ်တွင် ၎င်းရေးလိုက်ခြင်းများသည် အများပြည်သူသိရှိစေရန် ပြောကြားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အများပြည်သူသိရှိစေရန် ဆက်လက်ဖြန့်ချိပေးသည့်အလုပ်ကို ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံပိုင်သတင်းစာအနေဖြင့် ဆောင်ရွက်ရသည့်အလုပ် ဖြစ်ပါကြောင်း၊ ရွေးချယ်မှုတွင် ပုဂ္ဂလိကသတင်းစာများနှင့် မတူညီနိုင်ပါကြောင်း၊ ပုဂ္ဂလိကသတင်းစာများအနေဖြင့် ဝေဖန်ထောက်ပြသည့်အလုပ်ကို အဓိကထား၍ လုပ်ကိုင်ရပါကြောင်း ဖြေကြားသည်။

**လူထုအခြေပြုဗဟိုဌာနများဖွင့်**

ထို့နောက် Eleven Media က မေးမြန်းသည့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအမည်ဖြင့် ဘတ်ဂျက်တောင်းခံမှုများကို အွန်လိုင်းတွင် ပျံ့နှံ့နေပါသဖြင့် ၎င်းကိစ္စကို မည်သို့ စီမံခန့်ခွဲနေသည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့သည် ၂၀၁၃ ခုနှစ်ကတည်းက MoU ရေးထိုးပြီး လုပ်ငန်းများဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ခဲ့ပြီး တစ်နိုင်ငံလုံးတွင်ရှိသည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ၁၆ ရုံးတွင် လူထုအခြေပြုဗဟိုဌာန (Community Center) များအဖြစ် ဖွင့်လှစ်ခဲ့ပါကြောင်း၊ ထိုသို့ ဖွင့်လှစ်ခဲ့ခြင်းကြောင့် ပြည်ထောင်စုဝန်ကြီး ပြောကြားသွားသကဲ့သို့ ပြည်သူ့စာကြည့်တိုက်များအဆင့်သာ ဖွင့်လှစ်ထားသည့် မိမိတို့ရုံးများကို Community Center များ၏ Activity များအတိုင်း သင်တန်းများ ဖွင့်လှစ်ရပါကြောင်း၊ ကွန်ပျူတာသင်တန်းများနှင့် အခြားအသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပါကြောင်း၊ ထို့အတူ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ ရွေ့လျားစာကြည့်တိုက်ယာဉ်များဖြင့် စာအုပ်ငှားလုပ်ငန်းများကို စာသင်ကျောင်းနှင့် ကျေးရွာများအရောက် ဆောင်ရွက်ခဲ့ပါကြောင်း။

ယင်းသို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့်အခါ အဆိုပါလုပ်ငန်းများ အထိုက်အလျောက် အောင်မြင်မှုများ ရှိလာပါကြောင်း၊ ထို့ကြောင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအနေဖြင့် ပြည်သူများအတွက် အခြားအသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရန်နှင့် လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြားလုပ်ငန်းများကို ပြောင်းလဲဆောင်ရွက်ရန် ရည်ရွယ်ချက်များ ရှိလာပါကြောင်း၊ ထို့ကြောင့် ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် အောင်မြင်နေသည့် အဆိုပါ လုပ်ငန်းကြီးတစ်ခုအပေါ် NGO အဖွဲ့အစည်းတစ်ခုမှ ဆောင်ရွက်နေခြင်းထက် ဝန်ကြီးဌာနတစ်ခုမှ ဦးစီးဦးဆောင် ဆောင်ရွက်ပါက လုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဟူသော ယုံကြည်မျှော်လင့်ချက်ဖြင့် မိမိတို့ကို လွှဲပေးခဲ့ခြင်းဖြစ်ပါကြောင်း။

ယင်းသို့လွှဲပေးခဲ့သည့်အချိန်တွင် ရွေ့လျားစာကြည့်တိုက် ယာဉ် ၁၇ စီးနှင့် ကွန်ပျူတာများ အပါအဝင် ငွေကျပ်သန်းပေါင်း ၁၀၀၀ ကျော် တန်ဖိုးရှိ စာအုပ်စာစောင်များနှင့် စက်ကိရိယာပစ္စည်းများကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အပြီးအပိုင်လွှဲပေးခဲ့ပါကြောင်း၊ ထို့နောက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအနေဖြင့် လက်ရှိမိမိတို့နှင့် MoU ထိုးထားသည့်အချိန်တွင် ပူးပေါင်းဆောင်ရွက်ရသည့် လုပ်ငန်းများ ရှိနေပါကြောင်း၊ လူထုအခြေပြုဗဟိုဌာနများတွင် ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ရန်အတွက် ကွန်ပျူတာကျွမ်းကျင်သည့် နည်းပြဝန်ထမ်းများနှင့် ရွေ့လျားစာကြည့်တိုက် ယာဉ်တွင် e – Library Service ဆောင်ရွက်ရသည့် ကျွမ်းကျင်ဝန်ထမ်းများကို မိမိတို့ထံ လွှဲပြောင်းတာဝန်ထမ်းဆောင်စေခဲ့ပါကြောင်း၊ ယခုကဲ့သို့ လွှဲပေးခဲ့သည့် ပစ္စည်းများသည်လည်း ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ မိမိတို့ဦးစီးဌာနသို့ အပြီးအပိုင် လွှဲပြောင်းပေးခြင်း ဖြစ်ပါကြောင်း။

မိမိတို့ဌာန၏ ဌာနပိုင်ပစ္စည်းစာရင်းတွင်လည်း စာရင်းရေးသွင်းပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် လူထုအခြေပြုဗဟိုဌာနလုပ်ငန်းများ ပုံမှန်လည်ပတ်ရန်နှင့် ရွေ့လျားစာကြည့်တိုက်ယာဉ်များ ပုံမှန်လည်ပတ်ရန်အတွက် စက်သုံးဆီလိုအပ်သည်ကို တွက်ချက်တောင်းခံရပါကြောင်း၊ ထို့ပြင် ရွေ့လျားစာကြည့်တိုက်ယာဉ်များဖြင့် စာအုပ်များ လှည့်လည်ငှားရမ်းနိုင်ရေးအတွက် စာအုပ်များ ဖြည့်တင်းနိုင်ရန် ဘတ်ဂျက်လျာထားရပါကြောင်း၊ ယင်းသို့တောင်းခံသည့်အခါတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ ဘတ်ဂျက်လျာထားပြီး တောင်းပေးခြင်း မဟုတ်ပါကြောင်း၊ မိမိတို့ လျာထားတောင်းခံသည့်ငွေများသည် မိမိတို့ဌာနက တာဝန်ရှိသူများက ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ကြီးကြပ်သုံးစွဲပြီး စာရင်းစစ်ဆေးမှု ခံယူရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အွန်လိုင်းမီဒီယာများတွင် သတင်းပျံ့နှံ့နေသည့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအတွက် နိုင်ငံတော်ဘဏ္ဍာငွေများ တောင်းခံပေးသည်ဆိုသည်မှာ

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

မဟုတ်မှန်ဘဲ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကသာလျှင် ယင်းငွေများကို တောင်းခံ၍ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စိစစ်သုံးစွဲပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လွှဲပြောင်းတာဝန်ထမ်းဆောင်သည့် နေ့စားဝန်ထမ်း ၂၄ ဦး ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သတင်းမီဒီယာများက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကမီဒီယာနှင့် အစိုးရအဖွဲ့အစည်းများအကြား ပဋိပက္ခများတွင် ဖြေရှင်းဆောင်ရွက်ပေးနေမှုအခြေအနေ၊ Myanmar Digital News ၏ အခန်းကဏ္ဍ၊ တရုတ်သမ္မတခရီးစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရေးထိုးခဲ့သည့် MoU စာချုပ်နှစ်ခု အခြေအနေ၊ ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ကြော်ငြာလက်ခံဆောင်ရွက်နေမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန**

ယင်းနောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ဝန်ကြီးဌာန၏ ရေရှည်မျှော်မှန်းချက်မှာ “နိုင်ငံတော်၏ သဘာဝသယံဇာတအရင်းအမြစ်များဖြစ်သည့် သစ်တောသယံဇာတ၊ သတ္တုသယံဇာတ၊ ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို လက်ရှိနှင့် အနာဂတ် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးအရှိဆုံးဖြစ်အောင် စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်သွားရန်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက် (၃) ရပ်မှာ နိုင်ငံတော်၏ သဘာဝသယံဇာတအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းရန်၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်းနိုင်ရေးအတွက် ရေရှည်တည်တံ့စေသော နည်းလမ်းဖြင့် နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များကို ထုတ်ယူသုံးစွဲရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ ထိခိုက်ပျက်စီးမှုများ တတ်နိုင်သမျှ လျော့နည်းသက်သာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဟန်ချက်ညီညီ သဟဇာတရှိရှိ ဖြစ်စေရန်တို့ ဖြစ်ပါကြောင်း။

သစ်တောသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့ရေးနှင့် ထိန်းသိမ်းကာကွယ်ခြင်းအနေဖြင့် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုအခြေအနေမှာ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ ထုတ်ပြန်ခဲ့သည့် သစ်တောဖုံးလွှမ်းမှု ဆန်းစစ်လေ့လာခြင်း (၂၀၁၅) အရ နိုင်ငံအကျယ်အဝန်း၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း ရှိပါကြောင်း၊ သစ်တောဖုံးလွှမ်းမှုတွင် ရွက်အုပ်ပွင့်တောနှင့် ရွက်အုပ်ပိတ်တောနှစ်မျိုး အပါအဝင်ဖြစ်ပါကြောင်း၊ သစ်တောဖုံးလွှမ်းမှု ဆန်းစစ်လေ့လာချက်များကို ၅ နှစ်တစ်ကြိမ် ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ စတုတ္ထ (၁) နှစ်တာကာလအတွင်း ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများနှင့် သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် ကြိုးပြင်ကာကွယ်တော ၂၆ ခု တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ ယခုအချိန်တွင် နိုင်ငံဧရိယာ၏ ၂၅ ဒသမ ၄၉ ရာခိုင်နှုန်း ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ အဓိက ရည်မှန်းချက်မှာ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောကို နိုင်ငံ့ဧရိယာ၏ ၃၀ ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကို နိုင်ငံ့ဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ရန်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းအရ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ပိုင် စိုက်ခင်း ၂၆၀၉၃ ဧက တည်ထောင်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းတွင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း လုပ်ငန်း အပါအဝင် သစ်တောပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကို စီမံကိန်းဇုန် (၆) ဇုန် ခွဲခြား၍ ၂၀၁၇ – ၂၀၁၈ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သစ်ထုတ်လုပ်ရာတွင် နှစ်စဉ်တောထွက် ပမာဏထက် လျော့နည်းထုတ်လုပ်ခြင်းအနေဖြင့် သဘာဝတောမှ နှစ်စဉ်တောထွက်ပမာဏ (Annual Allowable Cut – AAC) ၏ ကျွန်း ၁၇ ရာခိုင်နှုန်းနှင့် သစ်မာ ၂၁ ဒသမ ၉ ရာခိုင်နှုန်းသာ ထုတ်လုပ်လျက်ရှိပါကြောင်း၊ သစ်ထုတ်လုပ်ရေးတွင် ACC လျာထားချက်များထက် လျှော့ချထုတ်လုပ်လျက်ရှိပါကြောင်း။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တိုးတက်ဆောင်ရွက်မှုများအနေဖြင့် ဒေသခံပြည်သူများကိုယ်တိုင် စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းဖြင့် အခြေခံလိုအပ်ချက်များဖြစ်သည့် ထင်း၊ တိုင်နှင့် မျောများ ဖြည့်ဆည်းပေးရန် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို ဖြည့်စွက်ပြီး ၂၀၁၉ ခုနှစ် မေလတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၁၈ – ၂၀၂၀) ကို ရေးဆွဲထုတ်ဝေနိုင်ခဲ့ပါကြောင်း၊ စတုတ္ထ (၁) နှစ်တာကာလအတွင်း ဒေသခံပြည်သူအစုအဖွဲ့ ပိုင်သစ်တောဧရိယာ ၈၇၃၀၂ ဧကကျော်၊ အသုံးပြုအဖွဲ့ ၆၄၈ ဖွဲ့နှင့် အဖွဲ့ဝင် ၁၄၇၄၄ ဦး တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၄ နှစ်တာ ကာလအတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဧရိယာ ၇၁၄၇၂၅ ဧက၊ အသုံးပြုအဖွဲ့ ၅၄၃၂ ဖွဲ့နှင့် အဖွဲ့ဝင် ၁၃၈၂၃၃ ဦး တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအား အမျိုးသားသစ်တောကဏ္ဍပင်မ နှစ် (၃၀) စီမံကိန်းလျာထားချက်၏ ၃၁ ဒသမ ၄၈ ရာခိုင်နှုန်းကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ တရားမဝင် သစ်ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းအနေဖြင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလမှစတင်၍ ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်(CMRS)ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စတုတ္ထ (၁) နှစ်တာကာလအတွင်း တရားမဝင်သစ် ၄၉၇၈၂ ဒသမ ၃၅ တန်၊ တရားခံ ၄၅၃ ဦး၊ ယာဉ်နှင့် ယန္တရား ၂၇၁၁ စီးကို ဖမ်းဆီးရမိခဲ့ပါကြောင်း။

၂၀၁၉ ခုနှစ်တွင် ထမံသီတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောအား အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခံခဲ့ရပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် အရှေ့အာရှ – ဩစတြေးလျ အာရှငှက်ပျံသန်းရာလမ်းကြောင်း ကွန်ရက်နယ်မြေအဖြစ် အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို သတ်မှတ်ခံခဲ့ရပါကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့်ပတ်သက်၍ လုပ်ငန်းအစီအစဉ်များကို (၂၀၁၉ – ၂၀၂၀) မှစတင်၍ (၂၀၂၈–၂၀၂၉) အထိ ဆောင်ရွက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းများ၏ ၂၅ ဒသမ ၉၇ ရာခိုင်နှုန်းကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

**စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်**

အပူပိုင်းဒေသတွင် ထင်းသုံးစွဲမှုလျှော့ချရေးနှင့် ရေရရှိရေးဆောင်ရွက်ခြင်းအနေဖြင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် အပူပိုင်းဒေသများ၌ သစ်ပင်ပေါက်ရောက်မှုခက်ခဲသည့်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စွမ်းအားမြှင့်မီးဖိုများကို ဖြန့်ဖြူးလျက်ရှိရာ စတုတ္ထ (၁) နှစ်တာကာလအတွင်း ၃၈၁၈၂ လုံးကို ဖြန့်ဖြူးနိုင်ခဲ့ပါကြောင်း၊ အပူပိုင်းဒေသများ၌ ရေရရှိရေးအတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ရေကန်ငယ် ၂၁ ကန်၊ ကျောက်စီနုန်းထိန်းတမံငယ် ၁၂၂ ခု၊ အဝီစိတွင်း ၃ တွင်း၊ ဂါလန် ၅၀၀၀ ဆံ့ မိုးရေစုကန် ၁၂ ကန်နှင့် ဂါလန် ၁၀၀ ဆံ့ မိုးရေခံကွန်ကရစ်ကန် ၁၃၀၀ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဆင်များအပေါ် ချစ်ခင်မြတ်နိုးတန်ဖိုးထားလာစေရေးနှင့် အများပြည်သူအပန်းဖြေ လည်ပတ်နိုင်ပြီး ဌာနအတွက် ဝင်ငွေတစ်ဖက်တစ်လမ်းမှရရှိစေရန် ရည်ရွယ်ချက်များဖြင့် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး အခြေပြုသည့် ဆင်စခန်းများကို ၂၀၁၈ – ၂၀၁၉ ခုနှစ်အထိ ဆင်စခန်းပေါင်း ၂၀ ဖွင့်လှစ်ခဲ့ပါကြောင်း၊ စတုတ္ထ (၁) နှစ်တာကာလအတွင်း ဗောဓိတထောင် ဆင်စခန်းနှင့် ဇလုံတောင်ဆင်စခန်းတို့ကို ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့သည့်အတွက် ယခုအချိန်အထိ ဆင်စခန်း ၂၂ ခုကို ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

ပတ်ဝန်းကျင်ဆိုင်ရာကဏ္ဍတွင် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈ – ၂၀၃၀)၊ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုပြီး ညစ်ညမ်းမှုကင်းစင်သည့် ပတ်ဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် မြန်မာနိုင်ငံ အမျိုးသားအဆင့်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈ – ၂၀၃၀) တို့ကို ထုတ်ပြန်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၁၆ ခုနှစ်မှာ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး စတုတ္ထ (၁) နှစ်တာကာလအတွင်း ခရိုင်ရုံး ၁၈ ရုံးနှင့် မြို့နယ်ရုံး တစ်ရုံးဆက်လက်ဖွင့်လှစ်ခဲ့ပါကြောင်း၊ မြေတိုင်းဦးစီးဌာနအနေဖြင့် မြန်မာ – တရုတ် နယ်နိမိတ်ပူးတွဲစစ်ဆေးခြင်းအဖြစ် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်မှ မတ် ၂၄ ရက်အထိ ကောင်းကင်ဓာတ်ပုံ ရိုက်ကူးထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာ – အိန္ဒိယ နယ်နိမိတ်တိုင်းတာရေးလုပ်ငန်းများကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်မှ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၀ ရက်အထိ ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာ – အိန္ဒိယ နယ်နိမိတ်မှတ်တိုင် ၃၆ တိုင် စစ်ဆေးခြင်း၊ ပြုပြင်ခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါကြောင်း။

သစ်တောသယံဇာတ ထိန်းသိမ်းကာကွယ်ခြင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိစေခြင်း၊ တရားမဝင်သစ် ထုတ်လုပ်သုံးစွဲမှုအား ထိန်းချုပ်ကန့်သတ်နိုင်ခြင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ခြင်း၊ ဆင်စခန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်းများ၊ သတ္တုသယံဇာတအနေဖြင့် များများရှာဖွေ၊ အသင့်အတင့်ထုတ်၊ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်အောင်လုပ်၊ ဒေသဖွံ့ဖြိုးရေးများများလုပ်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဦးစားပေးဟူသည့် မူဝါဒများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များနှင့် ကောင်းမွန်သည့် ပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို လက်ရှိနှင့် အနာဂတ် နိုင်ငံသားများအတွက် အကျိုးအရှိဆုံးဖြစ်အောင် စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်သွားရေးကို ရေရှည်မျှော်မှန်းချက်အနေဖြင့် ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနသည် သစ်တောနှင့် ဓာတ်သတ္တုသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို သဟဇာတဖြစ်အောင် ထိန်းညှိဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများသည် ကဏ္ဍစုံဆက်စပ်နေပြီး အလွန်ကျယ်ပြန့်သည့် အလျောက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။



**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ ရှင်းလင်းပြောကြားစဉ်။** သတင်းစဉ်

**Wuntho Resources Co.Ltd နှင့်ပတ်သက်၍ ဖြေရှင်း**

ထို့နောက် သတင်းမီဒီယာများက Wuntho Resources Co.Ltd အား လုပ်ပိုင်ခွင့်ချထားပေးမှုနှင့်စပ်လျဉ်း၍ မေးမြန်းရာ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသက်တင်ညွှန့်က Wuntho Resources Co.Ltd သည် ဩစတြေးလျနိုင်ငံ Brisbane မြို့တွင်အခြေစိုက်ထားသော PanAust Co., Ltd. က ၉၀ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံမှ Myanmar Resources Energy Group International Co. Ltd. က ၁၀ ရာခိုင်နှုန်းတို့ ပူးပေါင်း၍ Wuntho Resources Co., Ltd. အမည်ဖြင့် DICA တွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်က ကုမ္ပဏီမှတ်ပုံတင်ခဲ့ပါကြောင်း။

ကုမ္ပဏီ၏ လျှောက်ထားလုပ်ကွက်အား ၂၀၁၉ ခုနှစ် မတ်လ ၄ ရက်တွင် စိစစ်၍ လွတ်ကင်းမှုရှိသော ၇၇၅ ဒသမ ၀၅ စတုရန်းကီလိုမီတာ ၁၉၁၅၁၄ ဒသမ ၈၅၅ ဧကအား တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ သဘောထားတောင်းခံခဲ့ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကန့်ကွက်ရန် မရှိ (မရှိ) ကြောင်း သဘောထားပြန်ကြားခဲ့ပါကြောင်း။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကုမ္ပဏီမှ ရေးဆွဲတင်ပြထားသော EMP အား အတည်ပြုပြန်ကြားခဲ့ပြီး သစ်တောဦးစီးဌာနမှ သစ်တောစိုက်ခင်းဧရိယာ ၃၈၃၂ ဧကအား လျှော့ချကြောင်း ပြန်ကြားခဲ့ပါကြောင်း၊ ထို့အတွက် မူလလျှောက်ထား ဧရိယာ ၁၉၁၅၁၄ ဒသမ ၈၅၅ ဧကအနက် ၁၈၇၆၈၂ ဒသမ ၈၅၅ ဧကသာ ကျန်ရှိပါကြောင်း၊ ကုမ္ပဏီ၏ စာချုပ်ချုပ်ဆိုသည့် လုပ်ကွက်တွင် ပါဝင်လျက်ရှိသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ တင်ပြလျှောက်ထားခဲ့ပြီး သက်ဆိုင်ဌာနများမှ သဘောထားမှတ်ချက်များ ရယူခဲ့ပါကြောင်း။

ထို့ပြင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (သတ္တုရေးရာ) ၏ အစည်းအဝေးဆုံးဖြတ်ချက်၊ စီးပွားရေးရာကော်မတီ၏ သဘောတူဆုံးဖြတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေးမှ သဘောတူဆုံးဖြတ်ချက်တို့ ရယူပြီး နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုခဲ့ပါကြောင်း၊ ရှာဖွေ၊ စမ်းသပ်၊ ဖြစ်မြောက်ကာလ၌ သတ္တုဖြစ်ထွန်းမှု အလားအလာ နည်းပါးသော ဧရိယာကို နှစ်စဉ်လျှော့ချဆောင်ရွက်မည်ဖြစ်၍ ထုတ်လုပ်ရေး ဆောင်ရွက်သည့်အခါ လက်ရှိလုပ်ကွက် ဧရိယာ၏ ၁ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ ရှိနိုင်ပါကြောင်း၊ အဆိုပါဧရိယာနှင့် ဝန်းကျင်ဒေသများတွင် ယခင် ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ကုလသမဂ္ဂအစီအစဉ်ဖြင့် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့် UNDP တို့ပူးပေါင်း၍ Geological Survey Exploration Project (GSEP) အနေဖြင့် ဘူမိဗေဒမြေပုံရေးဆွဲခြင်းနှင့် ဓာတ်သတ္တုရှာဖွေ၊ စမ်းသပ်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခင်တိုင်းတာပြီး အချက်အလက်များနှင့် ဘူမိဗေဒအနေအထားအရ မြေရှား ဒြပ်စင် (REE) ဖြစ်ထွန်းမှုမဟုတ်သောဒေသဖြစ်၍ ရွှေ၊ ကြေးနီအဓိက တွေ့ရှိရသော ဒေသဖြစ်ခြင်း ဖြစ်ပါကြောင်း၊ ရှာဖွေ၊ စမ်းသပ်၊ ဖြစ်မြောက်အဆင့်သာဖြစ်ပြီး စီးပွားဖြစ် သတ္တုသိုက်တွေ့ရှိမှသာ ထုတ်လုပ်ရေးအတွက် သီးခြားစာချုပ်ချုပ်ဆိုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၁၀ သို့*

**“သစ်တောသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့ရေးနှင့် ထိန်းသိမ်းကာကွယ်ခြင်းအနေဖြင့် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုအခြေအနေမှာ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ ထုတ်ပြန်ခဲ့သည့် သစ်တောဖုံးလွှမ်းမှု ဆန်းစစ်လေ့လာခြင်း (၂၀၁၅) အရ နိုင်ငံအကျယ်အဝန်း၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းရှိပါကြောင်း၊ သစ်တောဖုံးလွှမ်းမှုတွင် ရွက်အုပ်ပွင့်တောနှင့် ရွက်အုပ်ပိတ်တော နှစ်မျိုး အပါအဝင်ဖြစ်ပါကြောင်း၊ သစ်တောဖုံးလွှမ်းမှု ဆန်းစစ်လေ့လာချက်များကို ၅ နှစ်တစ်ကြိမ် ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း”**

*စာမျက်နှာ ၉ မှ*

ရှာဖွေ၊ စမ်းသပ်၊ ဖြစ်မြောက်ကာလ၌ မြေသားနမူနာ၊ ကျောက်နမူနာရယူခြင်း၊ ဘူမိဗေဒမြေပုံရေးဆွဲခြင်း၊ အစမ်းမြောင်းကျင်း၊ အစမ်းမြောင်းရှည်နှင့် လွန်တူးဖော်ခြင်း လုပ်ငန်းများသာ ဆောင်ရွက်ရမည်ဖြစ်၍ ထုတ်လုပ်ခွင့် လုံး၀ (လုံး၀) မရှိသဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု နည်းပါးနိုင်ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြစ်၍ နိုင်ငံခြားငွေ ရရှိပြီး နိုင်ငံတော်၏ GDP တိုးတက်လာနိုင်ပြီး ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခြင်းနှင့် ဒေသအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာနိုင်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်အတွက် လက်မှတ်ရေးထိုးဆုကြေးငွေ ကျပ်သန်း ၂၅၀ နှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၁၇၈၅၉၃ ဒသမ ၃၄ နှင့် ပထမနှစ် ပုံသေမြေငှားရမ်းခ ၂၀၂၀ – ၂၀၂၁ ခုနှစ်အတွက် ငွေကျပ်သန်း ၂၈ ဒသမ ၄၂ သန်းနှင့် သစ်တောမြေငှားရမ်းခအခွန် ၂၀၂၀–၂၀၂၁ ခုနှစ်အတွက် ငွေကျပ်သန်း ၈၀ ဒသမ ၁၂ သန်း ရရှိမည်ဖြစ်ပြီး ပုံသေမြေငှားရမ်းခများ နှစ်စဉ်တိုးမြှင့်ရရှိမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်မှ စရိတ်ကုန်ကျခြင်းမရှိဘဲ အဆိုပါဒေသ၏ မြေပေါ် မြေအောက်ဘူမိဗေဒဆိုင်ရာ အချက်အလက်များ၊ ဝေဟင် ဘူမိရူပဗေဒ တိုင်းတာခြင်းမှ ရရှိလာသော အချက်အလက်များ၊ ဘူမိဓာတုဗေဒဆိုင်ရာ အချက်အလက်များ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် တရားမဝင် တူးဖော်မှုများအား ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

**မူဝါဒနှင့် ညွှန်ကြားချက်ထုတ်ထား**

ယင်းနောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်–MIC သို့ တင်ပြခြင်းမရှိဘဲ Wuntho Resources Co., Ltd မှ စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်၊ ဝန်းသိုနှင့် ပင်လည်ဘူး မြို့နယ် ဝန်းကျင်ဒေသတွင် လုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့ခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ဓာတ်သတ္တုရှာဖွေရေး၊ စမ်းသပ်တိုင်းတာရေး လုပ်ငန်းဆိုသည်မှာ ဧရိယာတစ်ခုကို သိပ္ပံနည်းကျ လေ့လာပြီး သုတေသနလုပ်သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ရှာဖွေခွင့်ပေးထားသည့်ဧရိယာအတွင်း မည်သည့်နေရာတွင် မည်သည့်သတ္တုများတွေ့ရှိမည်ကို မသိရှိဘဲ ရှာဖွေရေး ကုန်ကျစရိတ်မှာလည်း မည်မျှကုန်ကျမည်ကို ပြော၍မရပါကြောင်း၊ ယခုလတွေ့ရှိချက်အပေါ် မူတည်၍ နောက်တစ်လတွင် Exploration State ကို စဉ်းစားရသည့်အတွက် ကုန်ကျစရိတ်တွက်ချက်မှုကို ခန့်မှန်း၍ မရပါကြောင်း၊ ထို့ကြောင့် စမ်းသပ်တိုင်းတာရေးနှင့် ရှာဖွေရေးများကို MIC အား တင်ပြစရာမလိုကြောင်းကို မူဝါဒနှင့် ညွှန်ကြားချက်ထုတ်ထားပါကြောင်း၊ ထို့ကြောင့် ရှာဖွေရေး၊ စမ်းသပ်တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်ရာတွင် MIC အား မူလကသတ်မှတ်ထားသည့် မူဝါဒအရ တင်ပြရန် မလိုအပ်ပါကြောင်း၊ သို့သော် Cabinet နှင့် စီးပွားရေးရာကော်မတီသို့ တင်ပြခါနီးတွင် ဆက်စပ် ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များကို တောင်းခံပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သတင်းမီဒီယာများက နိုင်ငံအဆင့် သစ်တောသယံဇာတကောက်ယူခြင်းမှ ရရှိထားသည့် သတင်းအချက်အလက်ရရှိနေမှု၊ ဒီရေတောပြုန်းတီးမှု အန္တရာယ်၊ နေပြည်တော် တပ်ကုန်း ပင်လောင်းလမ်းခွဲ နေရာများတွင် ဒေသခံတောင်သူများအစုအဖွဲ့ပိုင်သစ်တော စိုက်ခင်း လုပ်ကိုင်ခွင့်ချထားပေးမှု၊ ယခင်ချထားပေးပြီး လုပ်ကိုင်မှုမရှိသည့် လုပ်ကွက်များ သိမ်းဆည်းမှုအခြေအနေ၊ ရွှေကြွေးကျန်ရှိသည့် ကုမ္ပဏီများအား တောင်းခံနေမှု၊ လက်ရှိအချိန်အထိ ကြွေးကျန်အရေအတွက်၊ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေ၊ မိုးထိမိုးမိဒေသနှင့် ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်နေမှု၊ ခေါင်လန်ဖူးဒေသရှိ စီမံကိန်းများအခြေအနေတို့နှင့် စပ်လျဉ်း၍ မေးမြန်းရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်လတ်က ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုခြင်း၊ နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ လူထုလူတန်းစားအသီးသီးထံ တိုက်ရိုက်၊ သွယ်ဝိုက်နည်းလမ်းများဖြင့် ဝင်ငွေများ စီးဆင်းစေနိုင်ခြင်း အကျိုးကျေးဇူးများရရှိစေနိုင်သော မီးခိုးမထွက်သည့် စက်ရုံလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားဧည့်သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ဝင်ရောက်လာနိုင်ရေးနှင့် ခရီးသွားလုပ်ငန်းမှ ရရှိသည့် အကျိုးရလဒ်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဒေသခံများ ပျံ့နှံ့ရရှိခံစားနိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းအစီအမံများ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း။

ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းများကို ဒေသခံပြည်သူလူထု တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism) အား ၂၀၁၅ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ကျေးရွာပေါင်း ၄၂ ရွာ ပါဝင်သည့် CBT site ၁၉ ခု ဖွင့်လှစ်ဆောင်ရွက်နေပါကြောင်း၊ ကျေးရွာပေါင်း ၁၀ ရွာ ပါဝင်သည့် CBT site ခုနစ်ခု ဖော်ထုတ်ရန် ဆောင်ရွက်နေပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းများသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၅၀၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ပါကြောင်း။

**သင်တန်းများဖွင့်လှစ်သင်ကြား**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧည့်လမ်းညွှန်သင်တန်း အဆင့်ဆင့်နှင့် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းအမျိုးမျိုး၊ ဘာသာစကားသင်တန်းများနှင့် ကမ္ဘာလှည့်ခရီးသွားရဲတပ်ဖွဲ့ (Tourism Police) သင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်သင်ကြားပေးနေပါကြောင်း၊ Luxembourg Development နှင့် ပူးပေါင်းဖွင့်လှစ်သည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနတွင် Train the Trainer သင်တန်းများ၊ Assistant Cook သင်တန်းများ၊ Passen–ger Fares & Ticketing သင်တန်းများနှင့် Travel & Tour သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေပါကြောင်း၊ ထို့အတူ Swiss Contact နှင့် ပူးပေါင်း၍ Digital Marketing Training နှင့် Supervisory Skills Training သင်တန်းများကို အွန်လိုင်းမှတစ်ဆင့် ဖွင့်လှစ်သင်ကြားပေးနေပါကြောင်း။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခရီးစဉ်ဒေသများအကြောင်းနှင့် လုံခြုံစိတ်ချစွာလည်ပတ်နိုင်မှုကို ကမ္ဘာအနှံ့မှ အချိန်တိုအတွင်း သိရှိပြီး လာရောက်လည်ပတ်နိုင်ရေးအတွက် Digital Marketing စနစ်ဖြင့် မြှင့်တင်ဆောင်ရွက်ခဲ့ပါကြောင်း၊ www.tourism.gov.mm Website ကို ၂၀၁၉ ခုနှစ် ဧပြီလ ၁၀ ရက်မှစတင်၍ မြန်မာ၊ အင်္ဂလိပ်၊ ကိုရီးယား၊ ဂျပန်၊ ဂျာမနီ၊ စပိန်၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ ရုရှားနှင့် အီတလီ စုစုပေါင်း ဘာသာစကား ၁၁ မျိုးဖြင့် လွှင့်တင်ခဲ့ပါကြောင်း။

သက်ဆိုင်ရာ ခရီးစဉ်ဒေသအလိုက် သတင်းအချက်အလက်များကို ခရီးသွားဧည့်သည်များမှ အလွယ်တကူ Scan ဖတ်၍ သတင်းအချက်အလက်ရယူနိုင်သည့် QR Code စနစ်ဖြင့် ဘာသာစကား ၁၁ မျိုး၏ Website Link များ၊ ဘာသာစကား လေးမျိုးဖြင့် ဖော်ပြသည့် Do & Don'ts PDF download စနစ်၊ ဘာသာစကား ၁၀ မျိုးဖြင့် ခရီးသွားအကြံပြုချက်များ Link ၊ နေပြည်တော်၊ မန္တလေး၊ ပုဂံ၊ ရှမ်း၊ ချင်း၊ ကယား၊ ကရင်နှင့် မွန်တို့၏ ဒေသဆိုင်ရာမြေပုံများကို PDF download စနစ်ဖြင့် ရယူနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေထားပါကြောင်း။

**ကိုယ်တိုင်တိုက်ရိုက်ကြည့်ရှုနိုင်**

ခရီးသွားဆိုင်ရာ အချက်အလက်များ၊ ဒေသအလိုက် ပို့ဆောင်ရေးဆိုင်ရာ အချက်အလက်များကို ခရီးသွားဧည့်သည်များကိုယ်တိုင် တိုက်ရိုက်ကြည့်ရှုနိုင်မည့် Digital Concierge စနစ်များကို ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ပဲခူး၊ ဟဲဟိုးနှင့် ကန်ပက်လက်တို့ရှိ Information Counter များတွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစတင်၍ စမ်းသပ်အသုံးပြုနေပါကြောင်း၊ ယင်း Digital Concierge စနစ်များကို တစ်နိုင်ငံလုံးရှိ နေရာ ၆၀ တွင် ဆက်လက်တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် Website မှတစ်ဆင့် မေးမြန်းလာသော အကြောင်းအရာများကို Real Time Chat Bot ဖြင့် ဖြေကြားပေးခြင်းကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသို့ ပြည်ပခရီးသည် ဝင်ရောက်မှုအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ၃၅၅၁၄၂၄ ဦးရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၄၃၆၄၁၀၁ ဦးအထိ တိုးတက်လာပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) စာရင်းအင်းများအရ ခရီးသွားလုပ်ငန်း အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံ ၂၀ စာရင်းတွင် မြန်မာနိုင်ငံက ထိပ်ဆုံးတွင် ပါဝင်သည်ကို ဗြိတိန်နိုင်ငံ Independent သတင်းစာက ဖော်ပြခဲ့ပါကြောင်း၊ ကိုဗစ်–၁၉ အလွန်ကာလ ခရီးသွားအလားအလာ အရှိဆုံး ခုနစ်နိုင်ငံ၌ မြန်မာနိုင်ငံပါဝင်သည်ကို အမေရိကန်နိုင်ငံ Forbes စီးပွားရေးမဂ္ဂဇင်းကလည်း ဖော်ပြခဲ့ပါကြောင်း။

ကိုဗစ်အလွန် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် Communication Campaign of Marketing, Visa ကြေး၊ ဇုန်ဝင်ကြေး၊ ကန့်သတ်ဧရိယာ ဖြေလျှော့ခြင်း၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော အခြေခံအဆောက်အဦများ မြှင့်တင်ခြင်း၊ Travel Bu–bble များဖြင့် အာဆီယံခရီးသွားနှင့် အာရှခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ခြင်း၊ Development Partner များကို Incentive ပေး၍ Investment ဖိတ်ခေါ်ခြင်းတို့ကို ဆောင်ရွက်သွားရန် ရည်မှန်းဆောင်ရွက်နေပါကြောင်း။

**ခရီးစဉ်သစ်များဖော်ထုတ်**

ထို့ပြင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (Tourism Master Plan) ၂၀၂၀–၂၀၃၀ ရေးဆွဲခြင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းနည်းဥပဒေ ပြဋ္ဌာန်းခြင်းနှင့် ခရီးသွားလုပ်ငန်းများ၏ သဘာဝအရ လိုအပ်သော အမိန့်များနှင့် စံနှုန်းများ ထုတ်ပြန်သတ်မှတ်ခြင်း၊ ဧည့်စာရင်းတိုင်ခြင်း လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် Hotel Guest List Management System ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တစ်ပြေးညီ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရီးစဉ်အသစ်များ ထပ်မံဖော်ထုတ်နိုင်ရေးနှင့် ခရီးစဉ်များ ဆက်စပ်သွားလာနိုင်ရန် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (DMO) အဖွဲ့အစည်းများ ဖွဲ့စည်းပြီး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (CBT) ကျေးရွာများ တိုးမြှင့်ဖော်ထုတ်ခြင်း၊ အားကစားခရီးသွားလုပ်ငန်း (Sport Tourism) နှင့် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း (Gastronomy Tour–ism) ဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း၊ လက်ရှိ လက်မှတ်ရေးထိုးပြီးသည့် MoU များ သက်တမ်းတိုးခြင်း၊ MoU အသစ်များ လက်မှတ်ရေးထိုးခြင်း၊ G to G မှ B to B တိုးမြှင့်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**မီဒီယာများ၏ မေးမြန်းချက်များဖြေကြား**

ထို့နောက် သတင်းမီဒီယာများက ကိုဗစ်အလွန်ကာလ ပြန်လည်ထူထောင်ရေးအစီအစဉ်တွင် ဝန်ကြီးဌာနအနေဖြင့် စီမံဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ မေးမြန်းရာ ဒုတိယဝန်ကြီး ဦးတင်လတ်က နိုင်ငံတော်အဆင့် COVID–19 Economic Release Plan သည် ၂၀၂၀ ပြည့်နှစ် နှစ်ကုန်အထိ ဖြစ်ပါကြောင်း၊ ယနေ့ အကျဉ်းတင်ပြသွားသည့် မိမိတို့၏ Strategy Road Map သည် COVID–19 Economic Release Plan ၏ ဟိုတယ်နှင့် ခရီးသွားကဏ္ဍအတွက် နောက်ဆက်တွဲဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အဆင့် ၃ ဆင့်ဖြင့် ဖော်ဆောင်သွားရန်ရှိပါကြောင်း၊ အဓိကအကျဆုံးစိန်ခေါ်မှုမှာ ဘတ်ဂျက်ရရှိရန် ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းအင်အား ၁၇၀၀ အထိ ခန့်အပ်နိုင်သော်လည်း ယခု ဝန်ထမ်းအင်အား ၃၀၀ ခန့်သာ ခန့်အပ်ထားသည့်အတွက် ပိုသည့်လစာကို နှစ်စဉ်ပြန်လည်အပ်နှံရပါကြောင်း၊ ယင်းပြန်လည်အပ်နှံမှုများထဲမှ ငွေကျပ်သန်း ၂၀၀ ကို တောင်းခံထားပါကြောင်း၊ မိမိတို့အနေဖြင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသူများကို ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်သည့်အခါတွင် ရှိသင့်သည့် အခြေခံခရီးသွားလုပ်ငန်း ကျွမ်းကျင်မှုများရရှိစေရန် ဝန်ကြီးဌာန ဘတ်ဂျက်အတွင်းမှ နေ့တွက်စရိတ်ပေး၍ သင်တန်းများ ပေးသွားမည်ဖြစ်ပါကြောင်း၊ Tour Guide များကို သင်တန်းဆရာများအဖြစ် သင်ကြားစေမည်ဖြစ်ပြီး ၎င်းတို့ကို ဥာဏ်ပူဇော်ခပေးမည်ဖြစ်ပါကြောင်း၊ ဟိုတယ်ဝန်ထမ်းများကို သင်တန်းများ ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ CERP မှတစ်ဆင့် ယင်းသင်တန်းများကို ဖွင့်လှစ်ရန်ရှိပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ သင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သတင်းမီဒီယာများက ကိုဗစ်ကာလဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းများ၏ နစ်နာဆုံးရှုံးမှုအခြေအနေ၊ ဟိုတယ်လုပ်ငန်းရှိ အလုပ်လက်မဲ့ဖြစ်သွားသည့် ဝန်ထမ်းများ အလုပ်ပြန်လည်ခန့်အပ်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဟိုတယ်လုပ်ငန်းများ ပြန်လည်ဖွင့်လှစ်နိုင်မည့်အချိန်၊ ကိုဗစ်အလွန်ကာလတွင် ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ထားရှိမည့်အစီအမံ၊ ရောဝတီမြစ်ဝကျွန်းပေါ် ကမ်းခြေပတ်လမ်း ဖြစ်နိုင်ခြေ ရှိ / မရှိ ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်၊ ကိုဗစ်–၁၉ ရိုက်ခတ်မှုကြောင့် ဝန်ကြီးဌာနတွင် ဆုံးရှုံးနစ်နာမှုအခြေအနေ ရှိ/မရှိ တို့နှင့် စပ်လျဉ်း၍ မေးမြန်းရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန / အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့၏ သတင်းစာရှင်းလင်းပွဲကို ဇွန် ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**ဟန်မျိုးစိုး၊ ကေတာ**



ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်လတ် ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်

**"မြန်မာနိုင်ငံသို့ ပြည်ပခရီးသည် ဝင်ရောက်မှုအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ၃၅၅၁၄၂၄ ဦးရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၄၃၆၄၁၀၁ ဦးအထိ တိုးတက်လာ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်(UNWTO) စာရင်းအင်းများအရ ခရီးသွား လုပ်ငန်း အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံ ၂၀ စာရင်းတွင် မြန်မာနိုင်ငံက ထိပ်ဆုံးတွင် ပါဝင်သည်ကို ဗြိတိန်နိုင်ငံ Independent သတင်းစာက ဖော်ပြ"**

# ပြန်ကြားရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားမှုများ




မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနမှ ခင်းကျင်းပြသထားမှုကို တွေ့ရစဉ်။



၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်စာစောင်များ။




ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ခင်းကျင်းပြသထားမှုများကို တွေ့ရစဉ်။



၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်စာစောင်များ။



၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်စာစောင်များ။

## အိန္ဒိယနိုင်ငံ၌ ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူအရေအတွက် စံချိန်တင်မြင့်တက်

**နယူးဒေလီ ဇွန် ၁၇**

အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးရသူ အရေအတွက်သည် ဇွန် ၁၇ ရက်တွင် ၂၀၀၀ ကျော်အထိ ရှိလာခဲ့ပြီး စံချိန်တင်သေဆုံးမှုပမာဏ သို့ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန အာဏာပိုင်များက ဖော်ပြသည်။

ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုကို ပြင်းပြင်းထန်ထန် ရင်ဆိုင်နေရသည့် အိန္ဒိယနိုင်ငံသည် ကပ်ရောဂါကို ထိန်းချုပ်နိုင်ရေး ကြိုးစားရုန်းကန်နေရပြီး နိုင်ငံတစ်ဝန်းရှိ ဆေးရုံများတွင် ရောဂါကူးစက်ခံရသည့် လူနာများဖြင့် ပြည့်နှက်နေကြောင်း သိရသည်။

ရောဂါကူးစက်ဖြစ်ပွားမှု မြင့်တက်နေသည့် အိန္ဒိယနိုင်ငံ၏ အခြေအနေကြောင့် ဂျာမနီနိုင်ငံက အိန္ဒိယနိုင်ငံရှိ ၎င်း၏ပြည်သူများအား ဘေးကင်းလုံခြုံစေရေးကို ရှေးရှုကာ အိန္ဒိယနိုင်ငံမှ ပြန်လာကြရန် တိုက်တွန်းထားသကဲ့သို့ ပြင်သစ်နိုင်ငံကလည်း နယူးဒေလီမြို့တွင် နေထိုင်သည့် ပြင်သစ်နိုင်ငံသားများကို ဥရောပသို့ပြန်ရန် လေဆိပ်သို့ လာရောက်ခြင်းမှလွဲ၍ နေအိမ်ပြင်ပသို့ ထွက်ခွာခြင်းမပြုလုပ်ကြရန် သတိပေးထားသည်။

ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူအရေအတွက် မြန်မြန်ဆန်ဆန် မြင့်တက်လာကာ စုစုပေါင်းသေဆုံးသူ အရေအတွက် ၁၁၉၀၃ ဦးရှိပြီး သေဆုံးသူများမှာ များသောအားဖြင့် မွမ်ဘိုင်းမြို့နှင့် နယူးဒေလီမြို့တို့မှဖြစ်ကြောင်း နောက်ဆုံးရ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ အဆိုပါမြို့နှစ်မြို့အတွင်း သေဆုံးသူအရေအတွက်သည် ယခုရက်ပိုင်းအတွင်း မြင့်တက်လာခဲ့သည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း နယူးဒေလီမြို့၌ ရောဂါကူးစက်မှုကြောင့် သေဆုံးသူ ၉၃ ဦးရှိခဲ့ပြီး မွမ်ဘိုင်းမြို့တွင် ၅၅ ဦးရှိခဲ့ကြောင်း အာဏာပိုင်များက ဖော်ပြသည်။ နိုင်ငံအတွင်းရှိ လူနေထူထပ်များပြားသည့် မြို့ကြီးများနှင့် တောင်ပိုင်းရှိ ချန်နိုင်းတို့တွင် ရောဂါကူးစက်မှု အဆိုးရွားဆုံး ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**



အိန္ဒိယ၌ ဗိုင်းရပ်စ်အကာအကွယ်ဝတ်စုံကို ချွတ်နေသည့် လူနာတင်ယာဉ်မောင်းသူတစ်ဦးကို တွေ့ရစဉ်။

## ထိုင်းနိုင်ငံ၌ ရက်ပေါင်း ၂၃ ရက်ဆက်တိုက် ပြည်တွင်း ကိုဗစ်- ၁၉ ကူးစက်ခံရမှုမရှိ

**ဘန်ကောက် ဇွန် ၁၇**

ထိုင်းနိုင်ငံတွင် ၂၃ ရက်ဆက်တိုက်ကြာသည်အထိ ပြည်သူအချင်းချင်းကြား ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုမရှိခဲ့ကြောင်း ထိုင်းနိုင်ငံအစိုးရက ဇွန် ၁၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဒေသခံ ပြည်သူများအတွင်း သို့မဟုတ် ကန့်သတ်စောင့်ကြည့်မှု ခံယူနေသည့် နေရပ်ပြန်ပြည်သူများ အတွင်း ရောဂါထပ်မံကူးစက်ခံရသူ မတွေ့ရှိရကြောင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုအခြေအနေ စီမံခန့်ခွဲမှုစင်တာမှ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာ တာဝီစလစ် ဗီသနူယိုသင်က ပြောကြားခဲ့သည်။ ၂၃ ရက် ဆက်တိုက်ကြာအောင် ပြည်သူအချင်းချင်းကြား ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုကင်းစင်ခဲ့ကြောင်း ၎င်းက ပြောသည်။

ကမ္ဘာကြီးအတွက်နှင့် ထိုင်းနိုင်ငံအတွက် ကောင်းမွန်သည့် ယင်းစံချိန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်စေရန်အလို့ငှာ နှာခေါင်းစည်းများ ဆက်လက်တပ်ဆင်အသုံးပြုကြရန်လိုကြောင်း ၎င်းက တိုက်တွန်းခဲ့သည်။

ထိုင်းနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် ၃၁၃၅ ဦး ရှိနေပြီး ၂၉၉၆ ဦးမှာ ပြန်လည်သက်သာလျက်ရှိကြောင်း သိရသည်။ ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသည့် လူနာအရေအတွက် ၈၁ ဦးရှိသည်။ ရောဂါကူးစက်မှုကြောင့် သေဆုံးသူအရေအတွက်မှာ ၅၈ ဦးဖြစ်ပြီး အပြောင်းအလဲမရှိသေးကြောင်း သိရသည်။

ရောဂါထပ်မံကူးစက်ဖြစ်ပွားသူ ပေါ်ထွက်လာခြင်းမရှိသေးသော်လည်း ရောဂါနှင့် ထိတွေ့မှုရှိသည့်လူနာများကို လျင်မြန်စွာ ခြေရာခံသိရှိစေရေး အကူအညီပေးနိုင်သည့် ဆော့ဖ်ဝဲ အသုံးပြုရာတွင် ပြည်သူလူထုအနေဖြင့် အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဒေါက်တာ တာဝီစလစ်က ပြောကြားခဲ့သည်။ **ဘန်ကောက်ပို့စ်**



ဘန်ကောက်မြို့တွင် ပြန်ဖွင့်လိုက်သည့် ကျောင်းတစ်ကျောင်း၌ ကျောင်းသားများ ခပ်ခွာခွာနေခြင်းကို လက်တွေ့လေ့ကျင့်နေစဉ်။

## တရုတ်ပြည်မကြီး၌ ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၄၄ ဦးရှိကြောင်း အတည်ပြု

**ပေကျင်း ဇွန် ၁၇**

တရုတ်ပြည်မကြီး၌ ဇွန် ၁၆ ရက်က ကိုဗစ်- ၁၉ နောက်ထပ်ကူးစက်ခံရသူ ၄၄ ဦးအထိ စစ်ဆေးတွေ့ရှိအတည်ပြုခဲ့ကြောင်း တရုတ်ကျန်းမာရေးအာဏာပိုင်အဖွဲ့က ဇွန် ၁၇ ရက်တွင် ဖော်ပြသည်။

ရောဂါကူးစက်ခံရသူများအနက် ၃၃ ဦးမှာ ပြည်တွင်းရှိ ဒေသခံပြည်သူအချင်းချင်းကြား ကူးစက်ခံရခြင်းဖြစ်ပြီး ၁၁ ဦးမှာ ပြည်ပမှ ရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ ပြည်တွင်း၌ အချင်းချင်း ကူးစက်ဖြစ်ပွားမှုတွင် ၃၁ ဦးမှာ ပေကျင်းမြို့မှဖြစ်ပြီး တစ်ဦးမှာ ဟီဘေးပြည်နယ်မှဖြစ်ကာ တစ်ဦးမှာ စီကျန်းပြည်နယ်မှဖြစ်ကြောင်း တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်က နေ့စဉ်ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြသည်။ ရောဂါကူးစက်ဖြစ်ပွားမှုနှင့် ဆက်နွယ်သည့် သေဆုံးမှုမရှိကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

## တူရကီနိုင်ငံက ကာ့ဒ်အဖွဲ့ကိုချေမှုန်းသည့် တိုက်ခိုက်မှုကို အီရတ်အစိုးရ ဒေါသထွက်

**အင်ကာရာ ဇွန် ၁၇**

နိုင်ငံမြောက်ပိုင်းရှိ ကာ့ဒ်အဖွဲ့ကို တူရကီက ဇွန် ၁၇ ရက်တွင် ဝေဟင်နှင့် မြေပြင်မှ ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ ယင်းကိစ္စကြောင့် ဘဂ္ဂဒက်အစိုးရနှင့် တူရကီတို့အကြား ပွတ်တိုက်မှုများ ပိုမိုဖြစ်ပေါ်စေခဲ့ဟန်ရှိကြောင်း သိရသည်။ ယခုရက်သတ္တပတ်အစောပိုင်းကလည်း တူရကီသည် ကာ့ဒ်အဖွဲ့ကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး ယင်းတိုက်ခိုက်မှုကြောင့် အီရတ်ဘက်မှ ဒေါသတကြီး တုံ့ပြန်လာခဲ့ကာ တူရကီနိုင်ငံသည် အချုပ်အခြာအာဏာကို ထိပါးနေခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။ သို့သော် တူရကီဘက်ကမူ အကြမ်းဖက်သမားများကို ထိထိရောက်ရောက် နှိမ်နင်းနေခြင်းသာဖြစ်ကြောင်း ကာကွယ်ပြောဆိုခဲ့သည်။ **အေအက်ဖ်ပီ**

## နယ်စပ်အနီးတွင် တပ်ဖွဲ့ဝင်များဖြန့်ကြက်မည်ဟု မြောက်ကိုရီးယားပြော

**ပြုံယမ်း ဇွန် ၁၇**

မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနှင့် ထိစပ်နေသော နယ်စပ်အနီး ကိုရီးယားနှစ်နိုင်ငံ ပူးတွဲစီမံကိန်းများတည်ရှိရာနေရာတွင် တပ်ဖွဲ့ဝင်များ ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဇွန် ၁၇ ရက်က ဖော်ပြလိုက်သည်။

ကိုရီးယားပြည်သူ့တပ်မတော်စစ်ဦးစီးအရာရှိ၏ ပြောခွင့်ရပုဂ္ဂိုလ်ပြောကြားချက်ကို ကိုးကားပြီး မြောက်ကိုရီးယားမီဒီယာက ယခုလို ဖော်ပြလိုက်ခြင်း ဖြစ်သည်။

**စစ်ရေးဆိုင်ရာ သတိပေးမှုများပြုလုပ်**

နိုင်ငံအနောက်တောင်ပိုင်းရှိ ကမ်ဂန့်တောင်ရှိရာ ခရီးသွားအပန်းဖြေဒေသနှင့် အရှေ့တောင်ပိုင်းကေဆောင်စက်မှုဇုန်တည်ရှိရာ ဒေသများတွင် တပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ချထားမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြထားသည်။ ဇွန် ၁၆ ရက်က စစ်ရေးဆိုင်ရာ သတိပေးမှုများ ပြုလုပ်ပြီးနောက် ယခုလို တပ်ဖွဲ့ဝင်များ ဖြန့်ကြက်မည့် ကြေညာချက် ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

**လေ့ကျင့်မှုများ ပြုလုပ်ဖွယ်ရှိ**

ထို့အပြင် စစ်ရေးဆိုင်ရာပိုင်းခြားသတ်မှတ်ထားသောစည်းအနီးတွင်လည်း စစ်ရေးဆိုင်ရာ လေ့ကျင့်မှုများ ပြုလုပ်ဖွယ်ရှိသည့် အစီအစဉ်တစ်ခုကိုလည်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**



နှစ်နိုင်ငံနယ်စပ်တွင် ကင်းစောင့်နေသော တောင်ကိုရီးယားတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးအမိန့်ကို လက်မှတ်ရေးထိုး

**ဝါရှင်တန် ဇွန် ၁၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ရဲများ၏ လူမဆန်သောလုပ်ရပ်များနှင့် လူမျိုးခွဲခြားရေးဝါဒကို ဆန့်ကျင်သည့် နိုင်ငံအနှံ့ဆန္ဒပြပွဲများ ဖြစ်ပေါ်နေချိန်တွင် ရဲပြုပြင်ပြောင်းလဲရေး အမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်သည်။

လွန်ခဲ့သောလက မင်နီယာပိုလစ်တွင် ရဲများ၏ ဖမ်းဆီးထိန်းသိမ်းမှုအတွင်း ဂျော့ဂျ်ဖလွိုဒ် သေဆုံးပြီးနောက် အမေရိကန် ပြည်ထောင်စုတစ်ဝန်း ရဲပြုပြင်ပြောင်းလဲရေးများပြုလုပ်ရန် တောင်းဆိုမှုများ မြင့်တက်လာခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အိမ်ဖြူတော်၌ ဇွန် ၁၆ ရက်က မိန့်ခွန်းပြောကြားရာတွင် အမေရိကန်သည် ဥပဒေစိုးမိုးရေးကိုသာ အလိုရှိကြောင်း ပြောကြားခဲ့ပြီး ရဲများကိုငွေကြေးထောက်ပံ့မှုဖြတ်တောက်ရန်နှင့် ရဲဌာနများကိုဖျက်သိမ်းရန် တောင်းဆိုမှုများကို ပယ်ချခဲ့သည်။

သမ္မတထရမ့် လက်မှတ်ရေးထိုးလိုက်သည့်အမိန့်



ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးအမိန့်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် လက်မှတ်ရေးထိုးပြီးနောက် တွေ့ရစဉ်။

သည့်ဥပဒေမှ ခွင့်ပြုထားသော ကိစ္စမှလွဲ၍ အသက်မရှုနိုင်၊ မကယ်နိုင်ဖြစ်အောင် ဖမ်းဆီးချုပ်နှောင်ခြင်းများကို တားမြစ်လိုက်သည်။

ထို့အပြင် အဆိုပါအမိန့်တွင် ရဲအရာရှိများ၏ မမှန်မကန်လုပ်ရပ်များ၊ စီမံအုပ်ချုပ်မှု ညံ့ဖျင်းမှုဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေပေးမည့် သတင်းအချက်အလက်ဘဏ်တိုက်တစ်ခု ဖန်တီးရန်လည်း ပါဝင်ကြောင်း သိရသည်။

ထို့အပြင် လူမှုရေးလုပ်အားပေးများ ပါဝင်ဆောင်ရွက်မှုကိုလည်း အားပေးထားသည်။ ရဲများ၏ အလားတူ တုံ့ပြန်ဆောင်ရွက်မှု အတော်များများ ဖြစ်ပေါ်လာပြီးနောက် ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ရန် ဖိအားများနှင့် ရင်ဆိုင်နေရသည့်အချိန်တွင် ထရမ့်အစိုးရသည် အခြေအနေ တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်လျက်ရှိကြောင်း လေ့လာစောင့်ကြည့်သူများက ပြောသည်။

သို့သော်လည်း တချို့ဝေဖန်သူများက ယခုထုတ်ပြန်လိုက်သော အမိန့်၏ သက်ရောက်မှုအပေါ် သံသယရှိနေပြီး ပိုမိုပြင်းထန်သည့် ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်သင့်ကြောင်း ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ၊ အင်န်အိတ်ချ်ကေ**

---

## မြောက်ကိုရီးယားနိုင်ငံ၏ ကိုရီးယားနှစ်နိုင်ငံဆက်သွယ်ရေးရုံးကို ဖျက်သိမ်းလိုက်သည့် အကြောင်းပြချက်ကိုသိရှိရန် ဂျပန်အစိုးရက အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားနိုင်ငံတို့နှင့် အနီးကပ်ပူးပေါင်း

**တိုကျို ဇွန် ၁၇**

ကိုရီးယားနှစ်နိုင်ငံ ဆက်သွယ်ရေးရုံးကို ဖျက်သိမ်းလိုက်သည့် မြောက်ကိုရီးယားနိုင်ငံ၏ အကြောင်းပြချက်ကို သိရှိရန် ဂျပန်အစိုးရသည် အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားနိုင်ငံတို့နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

မြောက်ကိုရီးယားသည် ဇွန် ၁၆ ရက်က မြောက်ကိုရီးယားနယ်စပ်မြို့ဖြစ်သော ကေဆောင်းတွင် ဆောက်လုပ်ထားသည့် ဆက်သွယ်ရေးရုံးကို ဖျက်သိမ်းလိုက်သည်။ တောင်ကိုရီးယားနိုင်ငံက မြောက်ကိုရီးယားပြည်ပြေးများအား မြောက်ကိုရီးယားကို ဆန့်ကျင်သည့် လက်ကမ်းစာစောင်များ နယ်စပ်တွင် ဝေခွင့်ပြုလိုက်သည့်ကိစ္စနှင့် ပတ်သက်ပြီး မြောက်ကိုရီးယားက တောင်ကိုရီးယားကို ပြစ်တင်ရှုတ်ချလိုက်သည်။ ဂျပန်အစိုးရ အရာရှိများက အဆိုပါကိစ္စသည် ကိုရီးယားနှစ်နိုင်ငံကြား စစ်မီးတောက်လောင်အောင် မဖြစ်စေနိုင်ဟု ဆုံးဖြတ်သည်။




မြောက်ကိုရီးယားနိုင်ငံ၏ စစ်ရေးပြအခမ်းအနားကို တွေ့ရစဉ်။

မြောက်ကိုရီးယားနိုင်ငံက ဆက်သွယ်ရေးအရာရှိရုံးကို ချက်ချင်းဖျက်ပစ်မည်ဟု သတိပေးလိုက်သူမှာ မြောက်ကိုရီးယားခေါင်းဆောင်၏ ညီမဖြစ်သူ ကင်ယိုဂျောင်ဖြစ်မည်ဟု တချို့အရာရှိများက ထင်ကြေးပေးနေကြသည်။

ထိုသို့ လုပ်ဆောင်ခြင်းသည် သူ၏ရာထူး တည်မြဲရေးအတွက်ဖြစ်မည်ဟု ၎င်းတို့က ဆက်လက်သုံးသပ်ထားသည်။ ဂျပန်အစိုးရသည် မြောက်ကိုရီးယားနိုင်ငံ၏ ရည်ရွယ်ချက်ကို သိရှိရန် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံများ၏ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးမူဝါဒဆိုင်ရာ ကျွမ်းကျင်သူများနှင့် လက်တွဲလုပ်ဆောင်ရန် စီစဉ်ထားသည်။ ထို့အပြင် အကယ်၍ မြောက်ကိုရီးယားနိုင်ငံက စိတ်ဆိုးအမျက်ထွက်အောင် ဆက်လက်လုပ်ဆောင်မည်ဆိုပါက ဖြစ်ပေါ်လာနိုင်သောဒေသတွင်း တင်းမာမှုများကို စောင့်ကြည့်သွားရန်လည်း စီစဉ်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

---

## တိုကျို၌ နေထိုင်သူများထဲတွင် ကိုရိုနာဗိုင်းရပ်စ် ပဋိပစ္စည်းရှိသူ ၀ ဒသမ ၁ ရာခိုင်နှုန်းရှိ

**တိုကျို ဇွန် ၁၇**

တိုကျို၌ နေထိုင်သူများထဲတွင် ကိုရိုနာဗိုင်းရပ်စ် ပဋိပစ္စည်းရှိသူ ၀ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း စစ်ဆေးမှုအရ သိရှိခဲ့သည်ဟု ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် တိုကျို၊ အိုဆာကာနှင့် မီယာဂီခရိုင်မှ လူ ၈၀၀၀ ခန့်ကို စစ်ဆေးခဲ့ခြင်း ဖြစ်သည်။ စစ်ဆေးခဲ့သူများအနက် တိုကျိုတွင် ၀ ဒသမ ၁ ရာခိုင်နှုန်း၊ အိုဆာကာတွင် ၀ ဒသမ ၁၇ ရာခိုင်နှုန်း၊ မီယာဂီခရိုင်၌ ၀ ဒသမ ၀၃ ရာခိုင်နှုန်းတွင် ကိုရိုနာဗိုင်းရပ်စ် ပဋိပစ္စည်းရှိသည်ကို အတည်ပြုနိုင်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

စစ်ဆေးခံသူများ၏ သွေးနမူနာထဲတွင် ယခင်က ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရသည်ဆိုသည့်အချက်ကို ညွှန်ပြနေသည့် ပရိုတိန်းဓာတ်တွေ ရှိနေသလားဆိုသည်ကို ရှာဖွေစစ်ဆေးခဲ့ခြင်း ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

---

## တရုတ်တပ်ဖွဲ့ဝင်များနှင့် ထိတွေ့မှုဖြစ်ပွားရာ၌ အိန္ဒိယတပ်ဖွဲ့ဝင် ၂၀ ကျဆုံးကြောင်း အိန္ဒိယစစ်တပ်ပြော

**နယူးဒေလီ ဇွန် ၁၇**

အငြင်းပွားမှုဖြစ်ပွားရာ ဟိမဝန္တာနယ်စပ်တစ်လျှောက်ရှိ လာဒက်ဒေသ၌ ဇွန် ၁၅ ရက်ညက တရုတ်တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲများဖြစ်ပွားရာတွင် အိန္ဒိယတပ်ဖွဲ့ဝင် ၂၀ ကျဆုံးခဲ့ကြောင်း အိန္ဒိယစစ်တပ်က ပြောကြားလိုက်သည်။ ၁၉၇၅ ခုနှစ် တရုတ်တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲများ ဖြစ်ပွားရာတွင် အိန္ဒိယစစ်သားလေးဦးသေဆုံးခဲ့ချိန်ကတည်းမှစကာ ယခုဖြစ်ပွားသော ထိတွေ့မှုသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း အိန္ဒိယမီဒီယာက ပြောကြားလိုက်သည်။

မူလအတိုင်းရှိနေသော အခြေအနေကို တရုတ်ဘက်က ပြောင်းလဲရန် ကြိုးစားသောကြောင့် ယခုလို ထိတွေ့မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်တွင် ပြောကြားလိုက်သည်။ တပ်ဖွဲ့ဝင်များသည်လက်နက်မသုံးဘဲ အချင်းချင်း ကျောက်တုံးများဖြင့် ပစ်ပေါက်ကြကြောင်း စစ်ဘက်ဆိုင်ရာအရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး အိန္ဒိယမီဒီယာက ဖော်ပြထားသည်။အိန္ဒိယတပ်ဖွဲ့ဝင်များသည် ဇွန် ၁၅ ရက်က နယ်စပ်ကို နှစ်ကြိမ်ဖြတ်ကျော်ခဲ့ပြီး ရန်စတိုက်ခိုက်ခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဇောင်လီချန်က သတင်းထောက်များကို ဇွန် ၁၆ ရက်က ပြောခဲ့သည်။

၁၉၆၂ ခုနှစ် နယ်စပ်အရေးနှင့် ပတ်သက်ပြီး နှစ်နိုင်ငံသည် စစ်ရေးဆိုင်ရာ ပဋိပက္ခအသွင် ဆောင်လာသည်။ ထိုအချိန်မှစပြီး နှစ်ဖက်နယ်စပ်တပ်ဖွဲ့ ဝင်များသည် မကြာခဏထိတွေ့မှု ဖြစ်ခဲ့ကြသည်။ မေလအစောပိုင်းကတည်းက နယ်စပ်တစ်လျှောက် နေရာအနှံ့တွင် နှစ်ဖက်ထိပ်တိုက်ထိတွေ့မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာများရရှိခဲ့သည်။

**အင်န်အိတ်ချ်ကေ**

---

## ဆီးရီးယားနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ဖယ်ရှားပေးရန် အမေရိကန်ကို တရုတ်သံအမတ်တောင်းဆို

**ပေကျင်း ဇွန် ၁၇**

ဆီးရီးယားကဲ့သို့ ခံနိုင်ရည်မရှိလှသည့် နိုင်ငံများ၌ ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်မှုကို ခက်ခက်ခဲခဲရင်ဆိုင်နေရချိန်တွင် ပိတ်ဆို့မှုများ ပိုမိုလုပ်ဆောင်လာခြင်းသည် လူသားချင်းစာနာထောက်ထားမှု ကင်းမဲ့သည့် လုပ်ရပ်ဖြစ်ပြီး နောက်ထပ် ကပ်ဘေးအန္တရာယ်များကို ထပ်မံကျရောက်လာစေနိုင်ကြောင်း တရုတ်သံအမတ်ကြီးက ဇွန် ၁၆ ရက်တွင် ပြောကြားလိုက်ပြီး ဆီးရီးယားနိုင်ငံအပေါ် တစ်ဖက်သတ် ဒဏ်ခတ်ပိတ်ဆို့ထားမှုများကို ဖယ်ရှားပေးရန် တိုက်တွန်းတောင်းဆိုလိုက်ကြောင်း သိရသည်။

စီးပွားရေးဆိုင်ရာ ပိတ်ဆို့မှုများကို နှစ်ရှည်လများ ရင်ဆိုင်ခဲ့ရမှုကြောင့် ဆီးရီးယားပြည်သူများ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များမှာ လွန်စွာဆင်းရဲဒုက္ခ ရောက်ခဲ့ကြရသည်။ ဆီးရီးယားနိုင်ငံသုံး ငွေကြေးတန်ဖိုး ကျဆင်းမှု၊ စားသောက်ကုန်



အစားအသောက်များ သယ်ဆောင်လာသည့် ဆီးရီးယားနိုင်ငံသားတစ်ဦးကို တွေ့ရစဉ်။

ဈေးနှုန်း အပါအဝင် ကုန်ဈေးနှုန်း ကြီးမြင့်မှုဒဏ်ကို ဆီးရီးယားနိုင်ငံတစ်ဝန်းရှိ ဒေသခံပြည်သူများက ခံစားခဲ့ကြရကြောင်း အမေရိကန်နိုင်ငံဆိုင်ရာ တရုတ်အမြဲတမ်းကိုယ်စားလှယ် ကျန်ကျွန်က ပြောကြားခဲ့သည်။

သို့ဖြစ်ရာ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူး၏ အရေးပေါ်မေတ္တာရပ်ခံချက်ကို အမေရိကန်ပြည်ထောင်စုက ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရန်နှင့် အရေးယူပိတ်ဆို့မှုများကို အမြန်ဆုံးဖယ်ရှားပေးရန် တိုက်တွန်းကြောင်း လုံခြုံရေးကောင်စီ အစည်းအဝေးတစ်ရပ်အတွင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂ ဒသမ ၁ သန်းကျော်လာ

**ဝါရှင်တန် ဇွန် ၁၇**

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်သည် ဇွန် ၁၅ ရက် ဂျွန်ဟော့ကင်းတက္ကသိုလ်သိပ္ပံနှင့် အင်ဂျင်နီယာဌာန၏ သတင်းထုတ်ပြန်ချက်အရ ယခုအခါတွင် ၂ ဒသမ ၁ သန်းကျော်လွန်လာပြီး ၂၁၀၀၇၄၉ အထိ ရှိလာခဲ့ကြောင်း သိရသည်။

ထို့အတူ ကိုဗစ်-၁၉ ကြောင့် နိုင်ငံအတွင်း သေဆုံးမှုနှုန်းသည်လည်း ၁၁၅၈၂၇ ဦးအထိ ရှိလာကြောင်း သိရသည်။

အမေရိကန် ပြည်ထောင်စု နယူးယောက်သည် ယခုအချိန်အထိ ကိုဗစ်-၁၉ ဒဏ်ကို ဆိုးရွားစွာခံစားနေရပြီး ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူ ၃၈၃၉၄၄ ဦးရှိပြီး သေဆုံးသူ ၃၀၈၂၅ ဦးရှိကြောင်း သိရသည်။ နယူးဂျာစီ၊ ကယ်လီဖိုးနီးယား၊ အီလီနွိုက်စ်နှင့် မက်ဆာချူးဆက်အပါအဝင် တခြားပြည်နယ်များတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ တစ်သိန်းရှိသည်။

ဆင်ဟွာ

### ကိုဗစ်-၁၉ ကာလအတွင်း ပီရူးသမ္မတ အလုပ်အကိုင် တစ်သန်းဖန်တီးမည်

**လီမာ ဇွန် ၁၇**

ပီရူးသမ္မတ မာတင်ဗစ်ဇ်ကာရာသည် ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ကာလအတွင်း စီးပွားရေး ပြန်လည်စတင်ရန်နှင့် အလုပ်အကိုင်များ ဖန်တီးပေးရန် အစီအစဉ်တစ်ခုကို စတင်ခဲ့သည်။

အဆိုပါအစီအစဉ်တွင် ကဏ္ဍကြီးလေးခုပါဝင်ပြီး အလုပ်အကိုင်ပေါင်း တစ်သန်းကျော် ဖန်တီးပေးမည်ဖြစ်ကာ အများစုမှာ အခြေခံအဆောက်အအုံများတည်ဆောက်ရေးဖြစ်သည်။

ကိုဗစ်-၁၉ ကန့်သတ်ပိတ်ဆို့မှုကြောင့် အထိနာခဲ့သော နိုင်ငံစီးပွားရေးကဏ္ဍများဖြစ်သည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး၊ အိမ်ရာ၊ လယ်ယာစိုက်ပျိုးရေး၊ အလုပ်သမားရေးရာစသည့်ကဏ္ဍများတွင် သိသာသည့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်လည်း ၎င်းက တိုက်တွန်းလိုက်သည်။

ဒုတိယနှစ်ဝက်တွင် အလုပ်အကိုင်ပေါင်း တစ်သန်းခန့်ပေးနိုင်မည်ဖြစ်ကြောင်း သမ္မတ ဗစ်ဇ်ကာရာက ပြောသည်။ အဆိုပါ အစီအစဉ်သည် လာမည့် ရက်အနည်းငယ်အတွင်း စတင်မည်ဖြစ်သည်။

မတ်လနှင့် မေလအတွင်း မြို့တော်လီမာနှင့် ဒေသအချို့တွင် အလုပ်အကိုင်ဆုံးရှုံးမှုပေါင်း ၂ ဒသမ ၃ သန်းရှိခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ သမ္မတသည် တစ်နိုင်ငံလုံး ကန့်သတ်ပိတ်ဆို့မှုများကို ဇွန် ၃၀ ရက်အထိ ချမှတ်ထားကြောင်း သိရသည်။

ဆင်ဟွာ

# ကာလရှည်ကြာဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ စစ်ပွဲကြီး

ထွန်းသစ်စ

အီးယူနိုင်ငံအတော်များများကတော့ သူတို့ရဲ့ နယ်စပ်တွေကို ပြန်လည်ဖွင့်လှစ်ပေးနေသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါဟာ တရုတ်မှာ ထပ်မံကူးစက်ခဲ့သလို အမေရိကန်နိုင်ငံမှာလည်း သူ့ကြောင့်ပဲ သေဆုံးမှုနှုန်းတွေ မြင့်တက်လာခဲ့ပါတယ်။ ဒါဟာ ဘာကိုပြသလဲဆိုရင် ကိုဗစ်-၁၉ ကပ်ရောဂါဟာ ကြောက်စရာကောင်းပြီး သတိထားရဦးမယ်ဆိုတာပဲ ဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါဟာ အခုဆိုရင် ကမ္ဘာတစ်ဝန်းမှာရှိတဲ့ လူပေါင်းရှစ်သန်းကျော်ကို ကူးစက်ပျံ့နှံ့ခဲ့ပြီး ဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်နှောင်းပိုင်းမှာ တရုတ်နိုင်ငံက စတင်လာတဲ့ ဒီရောဂါကြောင့် သေဆုံးသူတွေဟာလည်း ၄၃၅၀၀၀ ကျော်လာပါပြီလို့ သတင်းတွေမှာ ဖော်ပြထားပါတယ်။

## ရောဂါဖြစ်ပွားမှုမြင့်တက်လာ

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုဟာ လက်တင်အမေရိကနဲ့ မြေထဲပင်လယ်ဒေသတွေမှာ မြင့်တက်လာနေပါတယ်။ အဲဒီဒေသတွေမှာ သေဆုံးသူတွေဟာ ၈၀၀၀၀ ကျော်လာပါပြီ။ အထူးသဖြင့် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်းအများဆုံးဖြစ်ပွားခဲ့တဲ့ နိုင်ငံကတော့ ဘရာဇီးနိုင်ငံ ဖြစ်လာပါတယ်။ ဘရာဇီးနိုင်ငံဟာ ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်းနဲ့ ကူးစက်မှုနှုန်းမှာ ကမ္ဘာပေါ်မှာ အမေရိကန်ပြည်ထောင်စုပြီးလျှင် ဒုတိယအများဆုံးနိုင်ငံဖြစ်လာပါတယ်။

အီရန်၊ အိန္ဒိယနဲ့ ဆော်ဒီအာရေဗျနိုင်ငံတွေမှာလည်း ကိုဗစ်-၁၉ ကူးစက်ခံရမှုတွေနဲ့အတူသေဆုံးမှုတွေလည်း ထပ်မံမြင့်တက်လာပါတယ်။ ကိုဗစ်-၁၉ ဟာ ကာလရှည်ကြာဖြစ်ပွားလာတဲ့ ရောဂါစစ်ပွဲကြီးတစ်ခု အသွင်ဆောင်လာတဲ့အတွက်ကြောင့် ကမ္ဘာကြီးအနေနဲ့လည်း ဖွဲ့ကောင်းကောင်းနဲ့ ခုခံနေရဦးမှာဖြစ်သလို စိုးရိမ်မှုတွေနဲ့လည်း ရင်ဆိုင်နေရပါတယ်။

ကိုဗစ်-၁၉ စတင်ဖြစ်ပွားလာချိန်ကတည်းကနေ အခုချိန်အထိ ငါးလကျော်ကြာခဲ့ပါပြီ။ သို့သော်လည်းပဲ စိတ်ချရတဲ့အခြေအနေမရှိသေးဘဲ သတိနဲ့နေထိုင်နေရတဲ့ အခြေအနေမှာပဲရှိပါသေးတယ်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ ဥရောပနိုင်ငံတွေမှာ ကျဆင်းလာမှုနဲ့အတူ အစိုးရတွေကလည်း ကန့်သတ်ပိတ်ဆို့မှုတွေအပေါ် ဖြေလျှော့မှုတွေ လုပ်ဆောင်နေပြီ ဖြစ်ပါတယ်။ သို့သော်လည်း ယိုယွင်းနေတဲ့ စီးပွားရေးနဲ့ စိတ်ပိုင်းဆိုင်ရာခံစားချက်တွေကတော့ လွယ်လွယ်နဲ့ ပြန်လည်ထူထောင်လာမယ့် အခြေအနေမရှိသေးပါဘူး။ အချိန်ယူရဦးမှာ ဖြစ်ပါတယ်။

## နယ်စပ်ကန့်သတ်ချက်တွေ ဖြေလျှော့

ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ ဂျာမနီနဲ့ ဂရိနိုင်ငံတွေလည်း တခြားအီးယူနိုင်ငံတွေနည်းတူ နယ်စပ်ကန့်သတ်ချက်တွေကို ဖြေလျှော့ပေးခဲ့ပါတယ်။ စပိန်နိုင်ငံမှာဆိုရင် ဂျာမနီခရီးသွားတွေဟာ ဘဲလီယာရစ်ကျွန်းတွေကို အစပျိုးခရီးစဉ်အနေနဲ့ သွားရောက်ခဲ့ကြပါတယ်။

အီးယူဟာ ဘာသာစကား ၂၄ မျိုးအသုံးပြုနိုင်တဲ့ Re- Open EUဆိုတဲ့ အက်ပလီကေးရှင်းတစ်ခုကိုတောင် စတင်သုံးစွဲခဲ့ပါတယ်။ အဲဒီအက်ပလီကေးရှင်းက ခရီးသွားတွေကို ဘယ်နိုင်ငံတွေကို သွားရောက်နိုင်ပြီလဲဆိုတာကို ဖော်ပြပေးထားပါတယ်။

ဘရပ်ဆဲလ် ဇာဗန်တင်လေဆိပ်မှာလည်း ခရီးသွားတွေရှိနေပါတယ်။ အဲဒီ ခရီးသွားတွေထဲက တစ်ယောက်ဖြစ်တဲ့ ဂျူိုင်းကာမယ်ဆိုတဲ့ ကျောင်းသားတစ်ယောက်ဟာ ပြင်သစ်မှာရှိတဲ့ သူ့အဖေဆီကိုသွားဖို့ လေယာဉ်ထွက်ခွာမှာကို စောင့်ဆိုင်းနေပါတယ်။ “ သူနဲ့မတွေ့ရတာ ငါးလလောက်ရှိပြီ။ စာမေးပွဲဖြေဆိုမှုလည်း မပြီးပြတ်သေးပါဘူး။ ဒါပေမယ့် အဲဒါတွေကို အွန်လိုင်းက ဖြေလိုက်တယ်။ အကျိုးတော့ အများကြီးရှိပါတယ်” လို့ သူက ပြောလိုက်ပါတယ်။

မတ်လကတည်းက အထီးကျန်ခဲ့တဲ့ အင်္ဂလန်မှာရှိတဲ့ ဈေးဆိုင်တွေ၊ ပြင်ပဆွဲဆောင်စရာတွေဟာ အခုဆိုရင် သူတို့ရဲ့ ပထမဆုံးဖောက်သည်တွေကို ကြိုဆိုနေကြပြီ ဖြစ်ပါတယ်။



ဘရပ်ဆဲလ်လေဆိပ်တွင် သွားလာနေကြသော ခရီးသွားများကိုတွေ့ရစဉ်။

ဥရောပမှာတော့ ဗြိတိန်ဟာ ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်း အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ စီးပွားရေးကျဆင်းမှုတွေ ဧပြီလမှာ ငါးပုံပုံ တစ်ပုံလောက်ဖြစ်ခဲ့တယ်လို့ လွန်ခဲ့တဲ့သီတင်းပတ်က သတင်းတွေမှာဖော်ပြပြီးနောက်မှာ အလုပ်တွေကို ပြန်လုပ်ဖို့ဆိုတာကလည်း စိုးရိမ်မှုတွေ ရှိနေပါသေးတယ်။

## ပြန်လည်စတင်

ပါရီမြို့မှာလည်း ကော်ဖီဆိုင်တွေနဲ့ စားသောက်ဆိုင်တွေကို သုံးလကြာ ကန့်သတ်ပိတ်ဆို့မှုတွေပြုလုပ်ပြီးနောက်မှာ အခုတော့ အားအင်အပြည့်နဲ့ လုပ်ငန်းတွေ ပြန်လည်စတင်လုပ်ကိုင်နေကြပြီ ဖြစ်ပါတယ်။

အခုအချိန်မှာမေးခွန်းထုတ်ရမှာတော့ ဒီလိုအခြေအနေတွေမှာ ဖောက်သည်တွေက လာရောလာကြမှာလားဆိုတာပဲဖြစ်ပါတယ်လို့ ပါရီမြို့လယ်မှာရှိတဲ့ လာအေမီဂျော့ဂျ်ဆိုင်က မန်နေဂျာတစ်ဦးဖြစ်တဲ့ အဲဘတ်အိုင်ဒန်က ပြောပါတယ်။

## ကျန်ရှိနေတဲ့ ဒုတိယလှိုင်း

သို့သော်လည်း ကိုဗစ်-၁၉ စိုးရိမ်ဖွယ် ဒုတိယလှိုင်းကတော့ ကျန်ရှိနေဆဲဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ ကိုဗစ်-၁၉ ထပ်မံကူးစက်မှု ဖြစ်ပွားတယ်ဆိုတဲ့သတင်းက ကိုရိုနာဗိုင်းရပ်စ် ဒုတိယလှိုင်းဂယက်ကို ပိုလို့တောင်ကျိန်းသေသလို ဖြစ်ခဲ့ပါတယ်။ တရုတ်နိုင်ငံကတော့ ကိုဗစ်-၁၉ ကူးစက်မှုအသစ်ထပ်မံတွေ့ရှိခဲ့တာနဲ့အညီ ထပ်မံပျံ့နှံ့မှု မဖြစ်ပွားအောင် မြို့တော်ပေကျင်းရဲ့ နေရာအချို့ကို အသွားအလာကန့်သတ်ပိတ်ဆို့ လိုက်ပါတယ်။

ဇွန် ၁၆ ရက်က မြို့တော်ပေကျင်းမှာ နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၇ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း တရုတ်အာဏာပိုင်တွေက ပြောပါတယ်။ လွန်ခဲ့တဲ့ ငါးရက်အတွင်း တွေ့ရှိခဲ့တဲ့သူအရေအတွက်နဲ့ အခုတွေ့ရှိတဲ့သူ အရေအတွက်ဟာ အခုဆိုရင် ၁၀၆ ဦးအထိ ဖြစ်လာပါတယ်။

ထပ်မံဖြစ်ပွားလာတဲ့ ကိုဗစ်-၁၉ အစုလိုက်တွေ့ရှိမှုဟာ အစားအစာလက်ကားဈေးကြီးက စတင်ခဲ့တာဖြစ်တဲ့အတွက် အနီးဝန်းကျင်ဒေသ၊ ရပ်ကွက်ပေါင်း ၂၀ လောက်အထိ အသွားအလာကန့်သတ်ပိတ်ဆို့လိုက်ပြီး လူပေါင်းထောင်ချီစမ်းသပ်စစ်ဆေးမှုတွေ လုပ်ဆောင်နေပါတယ်။

## လူ့အသက်ကိုခြိမ်းခြောက် စီးပွားရေးကိုယိမ်းယိုင်စေ

ကိုဗစ်-၁၉ အကျပ်အတည်းဟာ လူ့အသက်ပေါင်းများစွာကို ခြိမ်းခြောက်လျက်ရှိပြီး ကမ္ဘာ့စီးပွားရေးကိုလည်း ယိမ်းယိုင်စေပါတယ်။ သူ့ကို ထိရောက်စွာကာကွယ်ဟန့်တားနိုင်ပြီလားဆိုတော့လည်း မဟုတ်သေးပါဘူး။ ပိုဆိုးတာက ကမ္ဘာ့အချို့နေရာတွေမှာ ကူးစက်မှုတွေ ပြန်ဖြစ်နေတာပဲ ဖြစ်ပါတယ်။

လက်တင်အမေရိကမှာလည်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသတင်းတွေဟာ စီးပွားရေးယိုယွင်းနေတယ်ဆိုတဲ့ သတင်းတွေနဲ့အတူ စိတ်မကောင်းဖွယ်ရာ ကြားသိရပါတယ်။ ပီရူးနိုင်ငံမှာ ဧပြီလအထိ စီးပွားရေးကျဆင်းမှုဟာ ၄၀ ရာခိုင်နှုန်းလောက်အထိဖြစ်ခဲ့ပါတယ်။ ချီလီနိုင်ငံမှာလည်း ဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက်အပေါ် ရှုပ်ထွေးမှုတွေ ဖြစ်လာပြီး ကျန်းမာရေးဝန်ကြီး နုတ်ထွက်ပြီး နှစ်ရက်ကြာပြီးနောက်မှာ နောက်ထပ်အရေးပေါ်ကာလကို သုံးလထပ်မံတိုးမြှင့်ခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုမှာတော့ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ရောထွေးနေတဲ့ သတင်းတွေနဲ့အတူ မတ်လကတည်းကစကာ တစ်နေ့တည်းသေဆုံးသူ အရေအတွက်ဟာ ၃၈၅ ဦးထက် လျော့နည်းခဲ့တယ်ဆိုပြီး ဂျွန်ဟော့ကင်းတက္ကသိုလ်က ဖော်ပြထားပါတယ်။ နှစ်ရက်ဆက်တိုက် ၄၀၀ အောက်ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။ သို့သော်လည်း အမေရိကန်ပြည်ထောင်စုဟာ အခုချိန်အထိတော့ ကမ္ဘာမှာ ကိုဗစ်-၁၉ ဒဏ်ကို အဆိုးရွားဆုံး ခံစားခဲ့ရတဲ့နိုင်ငံစာရင်းက အနည်းငယ်တောင် ပြောင်းလဲမှု မရှိပါဘူး။ အခုဆိုရင် ကိုဗစ်- ၁၉ ကြောင့် သေဆုံးမှုတွေဟာ ၁၁၆၀၀၀ ကျော်လာပြီ ဖြစ်ပါတယ်။

## ဆုံးဖြတ်ချက်ရဲရင့်သူကြီး

အမေရိကန်သမ္မတကတော့ ဆုံးဖြတ်ချက် ရဲရင့်သူကြီး ဖြစ်ပါတယ်။ သူကတော့အကယ်၍ နောက်ထပ် ကိုရိုနာဗိုင်းရပ်စ် ဒုတိယလှိုင်းဂယက်ထပ်မံပေါ်ပေါက်လာတာတောင် စီးပွားရေးပိတ်ဆို့မှုတွေ မလုပ်ဘူးလို့ ပြောပါတယ်။ အော်စကာဆုပေးပွဲကို နှစ်လကြာ နောက်ဆုတ်လိုက်ပါတယ်။ အမေရိကန်က ကိုဗစ်-၁၉ ကူသတဲ့နေရာမှာ ထိရောက်မှုမရှိတဲ့ ဟိုက်ဒရောက်စီ ကလိုရိုကွင်းနဲ့ ကလိုရိုကွင်းဆေးအသုံးပြုမှုတွေကိုလည်း ပြန်လည်ရုပ်သိမ်းလိုက်ပါတယ်။

ကိုဗစ်-၁၉ ကြောင့် နှစ်ရက်ဆက်တိုက် အယောက် ၁၀၀ ကျော် သေဆုံးခဲ့တဲ့ အရှေ့အလယ်ပိုင်းနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အီရန်နိုင်ငံမှာလည်း တစ်ဦးနဲ့ တစ်ဦးခပ်ခွာခွာနေထိုင်ရမယ့် တင်းကျပ်တဲ့ဆောင်ရွက်မှုတွေ လုပ်ဆောင်နေပါတယ်။ ဆော်ဒီအာရေဗျနိုင်ငံမှာလည်း သေဆုံးသူ အယောက် ၁၀၀၀ ကျော်လာခဲ့ပါတယ်။

လူဦးရေ ၁၅ သန်းလောက်ရှိတဲ့ အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့နဲ့ အိမ်နီးချင်းဒေသတွေမှာလည်း အသွားအလာကန့်သတ်မှုတွေကို နောက်တစ်ကြိမ်ပြန်လည်ပြဋ္ဌာန်းခဲ့ပါတယ်။ လူဦးရေ ၁ ဒသမ ၂ ဘီလီယံရှိတဲ့ အိန္ဒိယနိုင်ငံဟာ သူ့ရဲ့ ကျန်းမာရေးဆိုင်ရာစနစ်တွေကို ကြိုတင်ပြင်ဆင်ထားဖို့ သတိပေးထားပါတယ်။

တကယ်တမ်းဆိုရင်တော့ လက်ရှိအခြေအနေတွေအရ ကိုဗစ်-၁၉ ကင်းဝေးပြီး ကမ္ဘာကြီးပုံမှန်အခြေအနေပြန်လည်ရောက်ရှိဖို့ဆိုတာ ဝေးကွာနေပါသေးတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**

**“ ကိုဗစ်-၁၉ အကျပ်အတည်းဟာ လူ့အသက်ပေါင်းများစွာကို ခြိမ်းခြောက်လျက်ရှိပြီး ကမ္ဘာ့စီးပွားရေးကိုလည်း ယိမ်းယိုင်စေပါတယ်။ သူ့ကို ထိရောက်စွာ ကာကွယ်ဟန့်တားနိုင်ပြီလားဆိုတော့လည်း မဟုတ်သေးပါဘူး။ ပိုဆိုးတာက ကမ္ဘာ့အချို့နေရာတွေမှာ ကူးစက်မှုတွေ ပြန်ဖြစ်နေတာပဲ ဖြစ်”**

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၇–၆–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၁၆–၆–၂၀၂၀)ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၈၅၂)ခုနှင့် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၂၉၀)ခု၊ စုစုပေါင်း (၁,၁၄၂) ခုတွင်–

- COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၁၇–၆–၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၆၂) ဦး ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ (၁၆–၆–၂၀၂၀)ရက်နေ့တွင်–

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁,၃၉၇)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၀၈)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) (PHL–Mdy)မှ ဓာတ်ခွဲနမူနာ (၄၆၈)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၂၉၀)ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၂,၃၆၃)ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက်**
**ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၁၇-၆-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၁၆-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈၅၂) ခု |
| (၁၆-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၉၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၇–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၁၇–၆–၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ(၃၉၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၅၇) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၃၇၅) ခု နှင့်
- ရန်ကုန်မြို့၊ အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင် ၁,၀၀၀)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၇၇)ခု စုစုပေါင်း (၁,၂၀၂)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိရပါ။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၇-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၇-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၉၃) ခု |
| (၁၇-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၇) ခု |
| (၁၇-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၅) ခု |
| (၁၇-၆-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁)တပ်မတော်ဆေးရုံကြီး(ခုတင် ၁,၀၀၀)မှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇၇) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

၂။ (၁၇–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၆၂) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၆) ဦး (Case- 131, 162, 166, 176, 177, 233) ရှိသဖြင့် စုစုပေါင်း (၁၈၅) ဦးရှိပါသည်။ ၎င်းတို့အနက် (၁၆၈) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၆–၆–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၇–၆–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၆) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၇-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၆၂) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၆) ဦး | (၁၈၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## မျက်စိဝေဒနာရှင်များအား ရန်ကုန်မျက်စိရောဂါအထူးကုဆေးရုံကြီးမှ Hot line ဖုန်းနံပါတ်များမှတစ်ဆင့် ဆွေးနွေးလက်ခံကုသပေးနေ

**ရန်ကုန် ဇွန် ၁၇**

ကိုဗစ်–၁၉ ဖြစ်ပွားနေမှု ကာလအတွင်း လူနာများထူထပ်စွာ စုပြုံလာရောက်မှုကို လျှော့ကျစေရန်၊ စောင့်ဆိုင်းရမှုအချိန်ကြာမြင့်ခြင်းမရှိစေရန်၊ အစီအစဉ်တကျ ကြိုတင်စာရင်းသွင်းကာ လာရောက်ကုသနိုင်ရန် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်လမ်းရှိ မျက်စိရောဂါအထူးကုဆေးရုံကြီးမှ Hot line ဖုန်းနံပါတ်များထားရှိပြီး ကုသရန် လိုအပ်ပါက ဆက်သွယ်စာရင်းပေးခြင်း၊ ဆေးရုံသို့ လာရောက်ရန် မလိုအပ်သည့် မျက်စိဝေဒနာရှင်များအား တယ်လီဖုန်းဖြင့် မေးမြန်းမှုများကို ဖြေကြားခြင်းဖြင့် ဆွေးနွေးကုသပေးလျက်ရှိသည်။

"ကိုဗစ်ကာလတွင်း ဇွန်လဆန်းမှစပြီး mobile ဖုန်းသုံးလုံးနဲ့ အွန်လိုင်းက Hot line နံပါတ် ဖွင့်ထားပါတယ်။ ဖေ့စ်ဘွတ်မှာလည်း ဖုန်းနံပါတ်တွေကို ကြေညာထားပါတယ်။ အဲဒီဖုန်းနံပါတ်သုံးခုနဲ့ ကျွန်မတို့ မျက်စိဆရာဝန်နှစ်ယောက်က ထိုင်ပြီး ဖြေပေးပါတယ်။ နယ်ကလူနာပဲဖြစ်ဖြစ်၊ ရန်ကုန်ကပဲဖြစ်ဖြစ် ဖုန်းဆက်ပြီး မေးမြန်းနိုင်ပါတယ်။ viber ကနေ မျက်စိပုံ ပို့လို့ရတယ်။ အဲဒီမှာ ကြည့်ပြီးတော့မှ လာဖို့လိုမလို၊ မျက်စဉ်းဆေးခတ်ရုံ၊ ဆေးသောက်ရုံနဲ့ ပျောက်တယ်ဆိုရင်လည်း တစ်ခါတည်း ပြောလိုက်တယ်။ လာဖို့လိုတဲ့ လူနာကိုကျတော့ ရက်ခွဲပြီး ချိန်းပေးလိုက်ပါတယ်။ ကိုဗစ်ကာလလည်း မပိတ်ပါဘူး။ အရေးပေါ်လူနာပဲ ခွဲစိတ်ကုသပေးခဲ့ရာက ပုံမှန်လူနာတွေလည်း လိုအပ်ရင် ခွဲစိတ်ကုသပေးပါတယ်။ အရင်လို အစုလိုက် အပြုံလိုက် မလုပ်တာက လူစုလူဝေး များမှာစိုးလို့ပါ" ဟု မျက်စိရောဂါအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသက်သက်စိန်က ပြောသည်။

မျက်စိရောဂါ အထူးကုဆေးရုံကြီးမှ Hot line ဖုန်းနံပါတ်များဖြစ်သည့် ၀၉၇၅၅၈၉၈၀၀၈၊ ၀၉၈၈၈၆၂၉၉၄၅၊ ၀၉၈၈၈၆၂၉၉၅၄ တယ်လီဖုန်း၊ Viber တို့သို့ တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ Hot line အချိန်အတွင်း ဆွေးနွေးမေးမြန်းနိုင်ပြီး ဆွေးနွေးမေးမြန်းသူ မျက်စိဝေဒနာရှင်နှင့် လာရောက်ကုသရန် ရက်ချိန်းယူသူပေါင်းမှာ နေ့စဉ် ၅၀ မှ ၇၀ အကြား ဆက်သွယ် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

လာရောက်ပြသသူများအနေဖြင့် ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားထားသည့်အတိုင်း နှာခေါင်းစည်း တပ်လာရန်နှင့် လူနာတစ်ဦးလျှင် လိုအပ်မှသာ လူနာစောင့်တစ်ဦး လိုက်ပါခွင့်ပြုပြီး မျက်စိဝေဒနာရှင်များအနေဖြင့် ဆေးကုမှတ်တမ်းဟောင်းများ၊ ဆေးများရှိပါက ယူဆောင်လာနိုင်ကြောင်း Yangon Eye Hospital ၏ ဖေ့စ်ဘွတ်တွင် ကြေညာထားသည်။

**သန့်ဇင်ဝင်း**

# ကမာရွတ်မြို့နယ် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာသို့ အလှူရှင်များက အစားအသောက်များ လာရောက်လှူဒါန်း

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သထုံလမ်း အဓိပတိဆောင် အသွားအလာကန့်သတ် စောင့်ကြည့်ရေးစင်တာရှိ ကန့်သတ်စောင့်ကြည့်မှု ခံယူနေသူများနှင့် လုပ်အားပေးအဖွဲ့များ စားသုံးရန်အတွက် တစ်နေ့စာ အစားအသောက်များကို ၂၀၁၇ ရွှေဝါရောင် သံဃာတော်များကွန်ရက်မှ ယနေ့ နံနက်ပိုင်းတွင် လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ အဓိပတိဆောင် အသွားအလာကန့်သတ် စောင့်ကြည့်ရေးစင်တာတွင် ကန့်သတ်စောင့်ကြည့်မှု ခံယူနေသူ ၉၂ ဦးနှင့် လုပ်အားပေး ပရဟိတအဖွဲ့များအပါအဝင် စုစုပေါင်း ၁၀၀ ကျော်အတွက် နံနက်စာ၊ နေ့လယ်စာနှင့် ညစာများကို လာရောက်လှူဒါန်းခဲ့ရာ မြို့နယ် ကိုဗစ်-၁၉ အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးလင်းအောင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးတို့က လက်ခံရယူသည်။ **(အောက်ပုံ)**

ရွှေဝါရောင် သံဃာတော်များ ကွန်ရက်မှ ဆရာတော် ဦးဩဘာသက နေရပ်ပြန်များအား အစားအသောက် လာရောက်လှူဒါန်းမှုနှင့် ပတ်သက်၍ "ဦးဇင်းက ပြီးခဲ့တဲ့ ၁၄ ရက်နေ့က တစ်ခေါက်လာတယ်။ ဒီမှာ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးဝင်နေတာ နေရပ်ပြန် ၉၂ ယောက်ပေါ့။ အဲဒီမှာ သံဃာတော် ငါးပါးပါတယ်လို့ ဦးဇင်းတို့ သိရတယ်။ နီပေါက လေးပါး၊ ကိုရီးယားက တစ်ပါး ပါတယ်ဆိုတော့ ရက်တစ်ရက် လောက်ရွေးပြီး တစ်ရက်စာလောက် တာဝန်ယူ လာလှူမယ်လို့ စိတ်ကူးထားကာ စုလိုက်တယ်။ စုလိုက်တော့ ဝတ္ထုငွေ ငါးသိန်းကျော်လောက် ရတယ်။ အဲဒါကို ဒီနေ့တစ်နေ့စာ အတွက် လာလှူခြင်းဖြစ်ပါတယ်"ဟု မိန့်ကြားသည်။

လက်ရှိတွင် ကမာရွတ်မြို့နယ် အတွင်းရှိ အသွားအလာကန့်သတ် စောင့်ကြည့်ရေးစင်တာများဖြစ်သည့် အမရာဆောင်တွင် ၁၅၃ ဦး၊ သံဗျင်ဆောင်တွင် ၁၃၀ နှင့် အဓိပတိဆောင်တွင် ၉၂ ဦးတို့ ကန့်သတ်စောင့်ကြည့်မှု ခံယူလျက်ရှိသည်။ မြို့နယ်အတွင်းရှိ အသွားအလာကန့်သတ် စောင့်ကြည့်ရေးစင်တာများကို ဧပြီလမှ စတင်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံရပ်ခြားမှ ပြန်လာသူများကို အဖွဲ့လိုက် ထားရှိခဲ့ရာ ယခုအခါ လေးဖွဲ့မြောက်ထားရှိထားခြင်းဖြစ်သည်။

ကမာရွတ်မြို့နယ် အတွင်း အသွားအလာကန့်သတ် စောင့်ကြည့်ရေးစင်တာများ စတင်ဖွင့်လှစ်စဉ်မှ ယနေ့အချိန်ထိ ကန့်သတ်စောင့်ကြည့်မှု ခံယူပြီးသူ စုစုပေါင်း ၂၀၀၀ ခန့်ရှိပြီး မြို့နယ်အတွင်းရှိ ပရဟိတ လူမှုအဖွဲ့အစည်းများမှ အဆောင်တစ်ဆောင်လျှင် ပရဟိတလူငယ် ၁၀ ဦးမှ ၁၅ ဦးအထိ လုပ်အားပေးဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ကန့်သတ်စောင့်ကြည့်မှု ခံယူနေသူများ၏ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို အနီးကပ်ကြီးကြပ်သူ ဆရာဝန်၊ သူနာပြုများသာမက တက္ကသိုလ်များ ဆေးရုံအုပ်ကြီးကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - လင်းညွန့်**

# ချင်းရွှေဟော် မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၂၃၃ ဦး ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဇွန် ၁၇**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ဇွန် ၁၆ ရက် ညနေ ၆ နာရီတွင် ၉၅ ဦးနှင့် ဇွန် ၁၇ ရက် နံနက် ၁၀ နာရီတွင် ၁၃၈ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၂၃၃ ဦး ထပ်မံဝင်ရောက်လာသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၂၃၃ ဦးတွင် အမျိုးသား ၁၃၁ ဦး၊ အမျိုးသမီး ၁၀၂ ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၄၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ခုနစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၃၀၊ မကွေးတိုင်းဒေသကြီးမှ ၄၀၊ ရောဝတီတိုင်းဒေသကြီးမှ ၁၅ ဦး၊ ရှမ်းပြည်နယ်မှ ၉၅ ဦးနှင့် နေပြည်တော်မှ သုံးဦးတို့ဖြစ်သည်။

ထိုသို့ ဝင်ရောက်လာသော နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင် ဦးဆောင်ပြီး ကော်မတီအဖွဲ့ဝင်များက နယ်စပ်ဂိတ်တွင် ကိုယ်အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် ၎င်းတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးတို့အတွက် ဧပြီ ၃၀ ရက်မှ စတင်၍ စနစ်တကျစီစဉ်လွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိသည်။

ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်မှာ ဇွန် ၁၇ ရက်အထိ အမျိုးသား ၆၂၆၄ ဦးနှင့် အမျိုးသမီး ၄၉၀၇ ဦးတို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၁၁၇၁ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**



# ကိုဗစ်ဘေးဆိုး ဇွတ်မတိုးနဲ့

❀ ကိုဗစ်ဆို ထိုဘေးဆိုး
ဇွတ်မတိုးနဲ့ ဒို့ရှောင်ဖယ်
လက်ကိုနော် မှန်မှန်မနေး
ဆေးကြစို့ကွယ်။
ဒါမှကွယ် ဒီကပ်ဘေး
ဝေးဝေးက ခွာလိမ့်မယ်။
ကျန်းမာဖွယ်အရေး
ကိုယ့်အိမ်မှာ ကိုယ်နေလို့
အပြင်ထွက်လေ မက်စ် (Mask) ကိုတပ်
သတိချပ်စို့လေး ။

❀ အိပ်ရေးကို ဝအောင်အိပ်
မေးမိုတ်စို့ ဆွေသဟာဖော်
အားရှိရာ အစာကိုထား
စားကြစို့နော်။
တစ်ကိုယ်တော်သန့်ရှင်းရေး
အလေးပေးလို့လုပ်ဆောင်သော်
ပတ်ဝန်းကျင် သာယာရေး
တွေးဆလို့ဖော်။
ကြိုးစားကြ ဆွေသဟာတော်
ပျော်နိုင်ရန်အရေး
ပြန်တွေးကာသတိရ
ရှိကြစေလေး ။

❀ ဒို့တိုင်းပြည် မြန်မာဝယ်
သုံးပါးရယ် ရတနာကြောင့်
ရှောင်ခွာဖယ် ဒီကပ်ဘေးက
ဝေးကြလိမ့်မယ်။
မပေါ့ကြနဲ့ ဆွေသဟာရယ်
ရှောင်ခွာကွယ် အစုအဝေး
ဒို့မြန်ပြည်သာယာရေးကို
(ကွယ်) တွေးကြစို့လေး ..... ။

ဘိုမျိုး (ရွှေဘို)

# ကယားပြည်နယ်အတွင်း ခရီးသွားအပန်းဖြေနေရာ ၁၁ နေရာ ပြန်လည်ဖွင့်လှစ်

**လွိုင်ကော် ဇွန် ၁၇**

ကယားပြည်နယ်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်တားဆီးနိုင်ရေးအတွက် ခရီးသွားလည်ပတ်ရန်ယာယီပိတ်သိမ်းထားရှိသောနေရာ ၁၁ နေရာအား ပြည်သူများအကျိုးကို မျှော်ကိုး၍ ဇွန် ၆ ရက်မှစကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပြုလိုက်ကြောင်း ကယားပြည်နယ်အစိုးရရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကြိုတင်ကာကွယ်နိုင်ရန်အတွက် ပြည်တွင်းပြည်ပခရီးသွားများ ဝင်ထွက်သွားလာမှုများပြားပြီး လူစုလူဝေးများပြားလေ့ရှိသည့် ကယားပြည်နယ်အတွင်းရှိ အထင်ကရနေရာများအား မတ် ၃၀ ရက်က ကယားပြည်နယ်အစိုးရမှ ထုတ်ပြန်ပြီး ပိတ်သိမ်းခဲ့ခြင်းဖြစ်ရာ ယခုအခါ ပြည်သူများအကျိုးကို မျှော်ကိုး၍ ဇွန် ၁၆ ရက် မှစ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ ကယားပြည်နယ်အတွင်းရှိ အပန်းဖြေနေရာဖြစ်သည့် ထီးစဲခါးရေတံခွန်၊ ကြတ်ဂူ၊ ငွေတောင်ဆည်၊ ထီးပွင့်ကန်၊ ကန်ခုနစ်ဆင့်၊ ပန်ပက်ကျေးရွာ၊ တနီးလာလဲ၊ ကွိုင်ငံ၊ ရေပြာအိုင်(နန်းမယ်ခုံ)၊ ထီးပရူနူဂူ၊ ဆင်ဖြူတောင် စသည့် နေရာ ၁၁ နေရာကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုခြင်းဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

# ရောဝတီမြစ်အတွင်း ပြေးဆွဲလျက်ရှိသော ဂေါဝိန်ဆိပ်ကမ်းကပ်သင်္ဘောများမှ ခရီးသည်နှင့် ရေယာဉ်ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးလျက်ရှိ

**မဟာအောင်မြေ ဇွန် ၁၇**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးစခန်း (ဂေါဝိန်ဆိပ်ကမ်း) ၃၆x၃၇ လမ်း ကမ်းနားလမ်းဂိတ်စခန်းသည် ရောဝတီမြစ်အတွင်း ပြေးဆွဲလျက်ရှိသော သင်္ဘောများအား စီးနင်းအသုံးပြုနေသော ခရီးသည်များနှင့် ရေယာဉ်ဝန်ထမ်းများအား ဂေါဝိန်ဆိပ်ကမ်းကပ်လာပါက ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပြီးမှသာ ကမ်းပေါ်သို့ တက်ခွင့်ပြုလျက်ရှိကြောင်း သိရသည်။

မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးစခန်း (ဂေါဝိန်ဆိပ်ကမ်း) ၃၆x၃၇ လမ်းကြား ကမ်းနားလမ်းဂိတ်စခန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နယ်မြေခံရဲတပ်ဖွဲ့များ၊ အမှတ်(၇) ရဲစခန်းမှ ဒုရဲအုပ် ရဲမောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း မဟာအောင်မြေကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်စိုးမိုးထွေးနှင့် တပ်ဖွဲ့ဝင်များသည် ဇွန် ၁၆ ရက် ညနေ ၅ နာရီခန့်က မန္တလေး-ဗန်းမော်ပြေးဆွဲလျက်ရှိသည့် ပုံညာသင်္ဘောဆိုက်ကပ်လာရာ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်သည်။

အဆိုပါ ပုံညာသင်္ဘောပေါ်တွင် ရေယာဉ်ဝန်ထမ်း ၁၄ ဦး၊ ခရီးသည် ၁၉ ဦး စုစုပေါင်း ၃၃ ဦးအား အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးမေးမြန်းခြင်း၊ ခရီးသွားရာဇဝင် စစ်ဆေးခြင်းနှင့် စာရင်းများ ကောက်ယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

မဟာအောင်မြေမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးစခန်း (ဂေါဝိန်ဆိပ်ကမ်း) ၃၆x၃၇ လမ်း ကမ်းနားလမ်းဂိတ်စခန်းသည် ဧပြီ ၂၁ ရက်တွင် တရုတ်နိုင်ငံ ရွှေလီမြို့မှ ပြန်လာသောသူများနှင့် ခရီးသည်အချို့နှင့် ရေယာဉ်ဝန်ထမ်း ၂၆ ဦးတင်ဆောင်ကာ မောင်းနှင်လာသည့် ပြဒါးရှင်သင်္ဘောမှ ခရီးသည်များကို ခရီးစဉ်အလိုက် ပို့ဆောင်ပေးပြီး ရေယာဉ်ဝန်ထမ်း ၁၄ ဦးအား ရောဝတီမြစ်လယ်တွင် ကျောက်ချရပ်နားစေကာ အသွားအလာကန့်သတ်စောင့်ကြည့်ရေး ၂၁ ရက် ဝင်စေခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဘားအံမြို့ပေါ်ရပ်ကွက်များရှိ အကျိုးခံစားခွင့်ရှိသူများအား ကိုဗစ် ၁၉ ကာလ အပိုဆောင်းထောက်ပံ့ကြေးငွေများ ထောက်ပံ့ပေး

**ဘားအံ ဇွန် ၁၇**

လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်အရ အသက် ၈၅ နှစ်နှင့်အထက် အဘိုး အဘွားများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအား ကိုဗစ်-၁၉ ကာလ အပိုဆောင်းထောက်ပံ့ငွေများ ထောက်ပံ့ပေးလျက်ရှိရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်တို့သည် ဇွန် ၁၇ ရက် ညနေ ၄ နာရီက ထောင်ဝိသာသနာ့ရုံသိတိုက်ကျောင်း၌ အကျိုးခံစားခွင့်ရှိသူများအား ထောက်ပံ့ငွေများ သွားရောက်ထောက်ပံ့ပေးခဲ့သည်။ **(ဓာတ်ပုံ)**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး အမှတ်(၇)ရပ်ကွက်ရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုး အဘွား ၁၂ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၅၄ ဦးနှင့် အသက်နှစ်နှစ်အောက် ကလေးငယ် ၁၁၆ ဦးတို့အတွက် ကိုဗစ်-၁၉ ကာလအပိုဆောင်းထောက်ပံ့ငွေကျပ် ၅၄၆၀၀၀၀ ကိုလည်းကောင်း၊ အမှတ်(၈)ရပ်ကွက်ရှိ အသက်(၈၅)နှစ်နှင့်အထက် အဘိုး အဘွား ခုနစ်ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၁၇ ဦးနှင့် အသက်နှစ်နှစ်အောက် ကလေးငယ် ၆၆ ဦးတို့အတွက် ကိုဗစ်-၁၉ ကာလ အပိုဆောင်း ထောက်ပံ့ငွေကျပ် ၂၇၀၀၀၀၀ ကိုလည်းကောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးမိခင်များအတွက် အဝတ်နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့သည်။



အလားတူ ဇွန် ၁၆ ရက် မွန်းလွဲပိုင်းက ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ နိဗ္ဗိန္ဒဘုန်းတော်ကြီးကျောင်း၌ အမှတ်(၆)ရပ်ကွက်မှ အသက် ၈၅ နှစ်နှင့်အထက် အဘိုး အဘွား ၃၀၊ ကိုယ်ဝန်ဆောင်မိခင် ၄၉ ဦးနှင့် အသက်နှစ်နှစ် အောက်ကလေးငယ် ၁၀၉ ဦးတို့အတွက် ကိုဗစ်-၁၉ ကာ အပိုဆောင်းထောက်ပံ့ငွေကျပ် ၅၆၄၀၀၀၀ ကိုလည်းကောင်း၊ အမှတ် (၄)ရပ်ကွက်ရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုး အဘွား ၆၄ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၅၃ ဦးနှင့် အသက်နှစ်နှစ်အောက် ကလေးငယ် ၁၃၅ ဦးတို့အတွက် ကိုဗစ်-၁၉ ကာလ အပိုဆောင်းထောက်ပံ့ငွေကျပ် ၇၅၆၀၀၀၀ ကိုလည်းကောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ထန်တလန်မြို့အဝင်ဂိတ်တွင် ပြည်သူများအား ကျန်းမာရေးစစ်ဆေးလျက်ရှိ

**ထန်တလန် ဇွန် ၁၇**

ချင်းပြည်နယ် ဟားခါးခရိုင် ထန်တလန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ထန်တလန်မြို့သို့ ဝင်ရောက်လာသူများအား မြို့အဝင်လုံခြုံရေး စစ်ဆေးရေးဂိတ်နေရာတွင် နေ့စဉ် ကျန်းမာရေးစစ်ဆေးလျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးဂိတ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်နှင့် ကော်မတီဝင်များ၏ ညွှန်ကြားမှုဖြင့် ဌာနဆိုင်ရာ တာဝန်ကျဝန်ထမ်းများက ထန်တလန်မြို့သို့ ဝင်ရောက်ဖြတ်သန်းသွားလာသည့် ခရီးသွားပြည်သူများနှင့် ယာဉ်မောင်းများအား လက်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်း၊ ခရီးစတင်ထွက်ခွာလာသည့်ဒေသနှင့် သွားရောက်မည့်ဒေသများကို မှတ်တမ်းရယူခြင်း၊ မြို့နယ်တွင် နေထိုင်ပါက နေထိုင်မည့်နေရပ်လိပ်စာများကို စိစစ်မေးမြန်းမှတ်တမ်းယူပြီးမှ ဖြတ်သန်းသွားလာခွင့်ပြုခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ထန်တလန်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအနေဖြင့် စစ်ဆေးရေးဂိတ်တွင် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ပူးပေါင်း၍ နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၅၅၄၁၃ | ၂၆၂ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၈၅ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၅၈၇

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၆၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၀၁ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ပဲခူး | ၈ | ၁ |
| ၅ | ရခိုင် | ၈ | |
| ၆ | ရှမ်း(တောင်) | ၄ | |
| ၇ | မန္တလေး | ၃ | |
| ၈ | ရှမ်း(ရှေ့) | ၃ | |
| ၉ | ရှမ်း(မြောက်) | ၃ | |
| ၁၀ | မကွေး | ၃ | |
| ၁၁ | နေပြည်တော် | ၂ | |
| ၁၂ | ကရင် | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၂ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| စုစုပေါင်း | | ၂၆၂ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၇-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

### ၁၇-၆- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၂၀၉၂၃၁ | ၉၀၃၁၃၆ | ၁၁၉၁၃၈ |
| ၂။ | ဘရာဇီး | ၉၂၈၈၃၄ | ၄၇၇၃၆၄ | ၄၅၄၅၆ |
| ၃။ | ရုရှား | ၅၅၃၃၀၁ | ၃၀၄၃၄၂ | ၇၄၇၈ |
| ၄။ | အိန္ဒိယ | ၃၅၅၀၆၀ | ၁၈၇၇၁၈ | ၁၁၉၂၂ |
| ၅။ | ဗြိတိန် | ၂၉၈၁၃၆ | စိစစ်ဆဲ | ၄၁၉၆၉ |
| ၆။ | စပိန် | ၂၉၁၄၀၈ | စိစစ်ဆဲ | ၂၇၁၃၆ |
| ၇။ | အီတလီ | ၂၃၇၅၀၀ | ၁၇၈၅၂၆ | ၃၄၄၀၅ |
| ၈။ | ပီရူး | ၂၃၇၁၅၆ | ၁၂၅၂၀၅ | ၇၀၅၆ |
| ၉။ | အီရန် | ၁၉၅၀၅၁ | ၁၅၄၈၁၂ | ၉၁၈၅ |
| ၁၀။ | ဂျာမနီ | ၁၈၈၅၄၄ | ၁၇၃၆၀၀ | ၈၉၁၀ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၇ - ၆ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၄၁၂၁၆ | ၃၁၁၆၃ | ၂၆ |
| အင်ဒိုနီးရှား | ၄၁၄၃၁ | ၁၆၂၄၃ | ၂၂၇၆ |
| ဖိလစ်ပိုင် | ၂၇၂၃၈ | ၆၈၂၀ | ၁၁၀၈ |
| မလေးရှား | ၈၅၁၅ | ၇၈၇၃ | ၁၂၁ |
| ထိုင်း | ၃၁၃၅ | ၂၉၉၆ | ၅၈ |
| ဗီယက်နမ် | ၃၃၅ | ၃၂၅ | ၀ |
| မြန်မာ | ၂၆၂ | ၁၈၅ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၂၈ | ၁၂၆ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၁၇**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများ ပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဇွန် ၁၁ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၄၃ မြို့နယ်ရှိ နေရာ ၁၀၀ တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၉၄ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၁၁ ကီလိုဂရမ် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဇွန် ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။



ဇွန် ၁၁ ရက်က မကွေးတိုင်းဒေသကြီး လွှတ်တော်ရုံးတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။

## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ပါက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများနှင့် ဆက်သွယ် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးတင်ပြခြင်း

တောင်သူလယ်သမားများအတွက် လယ်ယာလုပ်ငန်း နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရန်နှင့် လူအင်အား အနည်းဆုံးဖြင့် စက်ကိရိယာများ အသုံးပြု၍ ထွန်ယက်စိုက်ပျိုးနိုင်ရန် မြို့နယ် ၁၁၄ မြို့နယ်တွင် လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်း ၁၃၇ သင်းကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းများတွင် ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်ခြင်း၊ ကေကွက်များ ဖော်ထုတ်ခြင်း၊ ရေသွင်း/ရေထုတ် မြောင်းများဖော်ထုတ်ခြင်း၊ ကုန်ထုတ်လမ်းများ ပြုပြင်ဖောက်လုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းများမှ သင့်လျော်သောဈေးနှုန်းဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ပါ၍ တောင်သူလယ်သမားများအနေဖြင့် မိမိတို့၏လယ်ယာမြေများကို လယ်ယာဝန်ဆောင်မှုများပြုလုပ်ရန် လိုအပ်ပါက တိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းစုချုပ်များနှင့် သမဝါယမဦးစီးဌာန(ရုံးချုပ်) (ဖုန်း ၀၆၇-၄၁၀၀၄၀) သို့ ဆက်သွယ်အကူအညီရယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**သမဝါယမဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ဖြူးမြို့နယ် သမဝါယမအသင်းစုက လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ဖြူး ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ သီးနှံစိုက်ပျိုးထုတ်လုပ်သည့် သမဝါယမ အသင်းသားတောင်သူများ လုပ်ငန်းခွင်တွင် အဆင်ပြေစေရေးအတွက် မြေယာပြုပြင်ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြင်းလုပ်ငန်းများကို ဖြူးမြို့နယ် သမဝါယမအသင်းစုမှ လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ငန်းခွဲတစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ဖြူးမြို့နယ် သမဝါယမအသင်းစုအနေဖြင့် 90 HP ထွန်စက်ကြီး လေးစီး၊ Backhole တစ်စီး၊ 70 HP Kubota ရိတ်သိမ်းခြွေလှေ့စက် ငါးစီးဖြင့် လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

"အခုလို စိုက်ပျိုးရာသီတွေမှာ စပါးစိုက်တောင်သူတွေ အဆင်ပြေစေဖို့ ကုန်ထုတ်လမ်းဖောက်ခြင်း၊ ရေသွင်း/ရေနုတ်မြောင်း တူးဖော်ခြင်း၊ တမန်းနိုးခြင်း၊ ထွန်ရေးအညက်ဆုံးဖြစ်အောင် ထွန်ယက်ခြင်း၊ မြေယာပြုပြင်ဆောင်ရွက်ခြင်းတွေကို ဆောင်ရွက်တဲ့အခါ ခုနစ်ဇန်းနဲ့ ထွန်ယက်ခြင်းအတွက် တစ်ကေကို ငွေကျပ် ၁၆၀၀၀ နှုန်း၊ ၂၀ ဇန်း ၁၆ ဇန်းတွေနဲ့ ထွန်ယက်လျှင် တစ်ကေ ငွေကျပ် ၁၂၀၀၀ နှုန်းနှင့် လက်ရှိမှာ ကေ ၁၇၃၀ ကို ဆောင်ရွက်ပြီးဖြစ်ပါတယ်။ Backhole ကြီးတွေနဲ့ မြေကုတ်ခ Faw ကားတစ်စီးစာအတွက် ကားပေါ်အရောက် ငွေကျပ် ၅၀၀၀ နှုန်းနဲ့ ဆောင်ရွက်ပေးနေပါတယ်။ စပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းကိုလည်း တစ်ကေကို ငွေကျပ် ၅၀၀၀၀ နှုန်းနဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ကိုယ့်မြို့ ကိုယ့်ရွာ ကိုယ်တိုင်းဒေသကြီးတွေ အပြင် အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း အကူအညီလိုအပ်ရင် သင့်တင့်တဲ့နှုန်းထားတွေနဲ့ ကူညီပေးဖို့ အဆင်သင့်ပါပဲ" ဟု ဖြူးမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးလှိုင်စိုးက ပြောသည်။ လယ်ယာအထောက်အကူပြုဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်လိုပါက ဖြူးမြို့နယ် သမဝါယမအသင်းစုနှင့် ဆက်သွယ်နိုင်ကြောင်းလည်း သိရသည်။

**သတင်းစဉ်**



## ရိခေါဒါရ်မြို့၌ အသွားအလာကန့်သတ်စောင့်ကြည့်ထားသူ ၁၅ ဦးအား နေရပ်သို့ပြန်လည်စေလွှတ်

**ရိခေါဒါရ် ဇွန် ၁၇**

ချင်းပြည်နယ် ရိခေါဒါရ်မြို့၌ အသွားအလာကန့်သတ်ခြင်း စောင့်ကြည့်ခံထားရသည့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်မှ မြန်မာနိုင်ငံသို့ နေရပ်ပြန်လာသူ ၁၅ ဦးတို့အား စောင့်ကြည့်ခြင်းသတ်မှတ်ကာလ ၂၁ ရက်ပြည့်မြောက်၍ ၎င်းတို့နေရပ်အသီးသီးသို့ ခုနစ်ရက်ထပ်မံစောင့်ကြည့်ခြင်း ခံယူရန် ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ နေရပ်ပြန်လာသူများမှ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် လုံးလေခရိုင်မှ နေရပ်ပြန်လာသူ ခုနစ်ဦးတို့အား ရိခေါဒါရ်မြို့ တိုက်နယ်ဆေးရုံ၌ အသွားအလာကန့်သတ်စောင့်ကြည့်ထားခြင်းဖြစ်ရာ ဇွန် ၁၆ ရက်က စောင့်ကြည့်ကာလ ၂၁ ရက်ပြည့်မြောက်၍ ၎င်းတို့နေရပ်ဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် လက်ပံချောင်းကျေးရွာနှင့် ပျဉ်းတောဦးကျေးရွာများသို့ နေအိမ်တွင် အသွားအလာကန့်သတ် ခုနစ်ရက် ဆက်လက်စောင့်ကြည့်ရန် ပြန်လည်စေလွှတ်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် လောင်တလိုင်ခရိုင်မှ နေရပ်ပြန်လာသူ ရှစ်ဦးတို့အား ရိခေါဒါရ်မြို့ တောင်တန်းသာသနာပြု ဘုန်းတော်ကြီးကျောင်း၌ အသွားအလာကန့်သတ်စောင့်ကြည့်ထားခြင်းဖြစ်ရာ ဇွန် ၁၇ ရက်တွင် စောင့်ကြည့်ကာလ ၂၁ ရက်ပြည့်မြောက်၍ ၎င်းတို့နေရပ်ဖြစ်သည့် ချင်းပြည်နယ် တီးတိန်မြို့နယ် ပတ်ဇန်ကျေးရွာသို့ နေအိမ်တွင် အသွားအလာကန့်သတ် ခုနစ်ရက် ဆက်လက်စောင့်ကြည့်ရန် ပြန်လည်စေလွှတ်လိုက်ခြင်းဖြစ်ကြောင်း၊ အဆိုပါ နေရပ်ပြန်လာသူ ၁၅ ဦးတို့၏ တို့ဖတ်နမူနာအား အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သို့ ပေးပို့စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခြင်းမရှိကြောင်း၊ လက်ရှိအခြေအနေ၌လည်း ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ရိခေါဒါရ်မြို့ရှိ အသွားအလာကန့်သတ်ခြင်းစောင့်ကြည့်နေရာအဖြစ် အသုံးပြုခဲ့သည့် တိုက်နယ်ဆေးရုံနှင့် တောင်တန်းသာသနာပြု ဘုန်းတော်ကြီးကျောင်းတို့ကို ကျန်းမာရေးဌာနဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့များက ပိုးသတ်ဆေးဖျန်းခဲ့ပြီး ဌာနဆိုင်ရာဝန်ထမ်းများက သန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း၊ ရိခေါဒါရ်မြို့တွင် လက်ရှိအခြေအနေ၌ အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိသူ မရှိတော့ကြောင်း သိရသည်။

**ရိခေါဒါရ်(ပြန်/ဆက်)**

## ရွှေလီမြစ်ရေ အရောင်ပြောင်းလာမှုကို ဓာတ်ခွဲစစ်ဆေးဆောင်ရွက်ထား

**မူဆယ် ဇွန် ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့အနီး မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်၌ ဖြတ်သန်းစီးဆင်းသည့် ရွှေလီမြစ်ရေ အရောင် ပြောင်းလဲလာခြင်းနှင့် ပတ်သက်ပြီး မြစ်ရေနမူနာရယူ၍ ဓာတ်ခွဲစစ်ဆေးရန်အတွက် လားရှိုးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်း၍ ဇွန် ၁၄ ရက်က ရေနမူနာရယူခဲ့သည်။



ဓာတ်ခွဲစစ်ဆေးရန် မြစ်ရေနမူနာယူနေစဉ်။

လားရှိုးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အနေဖြင့် မူဆယ်မြို့ မင်္ဂလာမူဆယ်အနီးရှိ သဲကျင်း၊ သဘာဝအပန်းဖြေစခန်း၊ နမ့်ပေါ်တံတား- နမ့်ပေါ်ချောင်း၊ ပန်ဆိုင်း(ကြူကုတ်)မြို့၊ ကျင်စန်းကျော့ (တရုတ်) နမ့်တောင်းချောင်း၊ မူဆယ်မြို့နယ် နမ့်ပန်းကျေးရွာအုပ်စု ကောင်းခန်ရွာ နမ့်ယန်းချောင်းဆုံ နေရာနှင့် မြန်မာ- တရုတ် နှစ်နိုင်ငံကို ဖြတ်သန်းစီးဆင်းနေသည့် ဝမ်တိန်ချောင်း (နမ့်ယန်းချောင်း) တို့၌ ကွင်းဆင်းစစ်ဆေးပြီး ဓာတ်ခွဲစစ်ဆေးနိုင်ရန် မြစ်ရေနမူနာများ ရယူခြင်း ဖြစ်သည်။

ရွှေလီမြစ်ရေသည် ဇွန် ၉ ရက် မှစတင်၍ အနီရောင်ကဲ့သို့ အရောင်ပြောင်းလဲလာခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် စိုက်ပျိုးမြေများကို ထိခိုက်မှုရှိ မရှိ သိရှိနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနကလည်း ဇွန် ၁၀ ရက်ကပင် ရေနမူနာရယူ၍ မန္တလေးမြို့ရှိ မြေအသုံးချဓာတ်ခွဲခန်းသို့ ပို့ ဆောင်ထားကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

## ထီးချိုင့်မြို့နယ်တွင် ငါးရိက္ခာများ စားသုံးပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**စစ်ကိုင်း ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်၌ ကိုဗစ်-၁၉ ထိန်းချုပ်ရေးကာလတွင် ငါးစားသုံးမှု မြင့်တက်လာစေရန်နှင့် ငါးစားသုံးခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများ ရရှိစေနိုင်ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဗီနိုင်းပိုစတာစိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ နှာခေါင်းစည်းများဝေငှခြင်းကို ယမန်နေ့က မြို့နယ်စည်ပင်သာယာဈေးတွင် ပြုလုပ်သည်။

အဆိုပါဈေးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းအောင်မော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ငါးလုပ်ငန်းဝန်ထမ်းများ ပါဝင်ဆောင်ရွက်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**မန္တလေး ဇွန် ၁၇**

မွန်ပြည်နယ် သထုံခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ခရိုင်အတွင်း မြို့နယ်များရှိ ကျေးရွာများတွင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုများကို ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ စစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးမိုးဝင်းနှင့်ဝန်ထမ်းများ၊ သက်ဆိုင်ရာမြို့နယ်မှ ဦးစီးမှူးနှင့် ဝန်ထမ်း များသည် ကျေးရွာရှိ ကော်မတီဝင်များ၊ ချေးငွေချေးယူကြသည့် အသင်းသား အသင်းသူများနှင့် တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းများ၏ စာရင်းဇယား ရေးသွင်းထားရှိမှုပုံစံများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများကို လည်းကောင်း၊ အခြားလုပ်ငန်းများကို လည်းကောင်း စစ်ဆေးကြပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးကြသည်။

မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းကို သထုံမြို့နယ် တွင် မြစိမ်းရောင် ကျေးရွာပေါင်း ၂၀ ရွာ၊ ကျိုက်ထိုမြို့နယ်တွင် ၁၉ ရွာ၊ ဘီးလင်းမြို့နယ်တွင် ၁၂ ရွာ၊ ပေါင်မြို့နယ်တွင် ကိုးရွာတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မိုးဝင်း (ကျေး/လက်)**





### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၆ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၂၁၆၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၂၁၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၁၄၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၂၁၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၂၁၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၁၄၄၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၂၀/၅၆၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၃၀/၅၇၀ ကျပ် | ၅၆၅/၅၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၄၅၀/၅၀၀ ကျပ် | ၅၂၀/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၅၈၀/၆၀၀ ကျပ် | ၆၄၅/၆၆၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၉၈ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၇၅ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၀၄ . ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၇၅၈ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၀၂ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၉၆၅ . ၉၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၁၉၇ . ၄၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၈ . ၃၆၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၁၅ . ၃၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၂၆ . ၈၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၄ . ၈၈၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၀၅၀၀ | ၁၃၅ | ၁၄၈၀၀၀၀ |
| MTSH | ၃၇၅၀ | ၃၈၀၀ | ၅၅၆၃ | ၂၁၀၆၉၃၀၀ |
| MCB | ၈၁၀၀ | ၈၂၀၀ | ၂၂၂ | ၁၇၉၈၅၀၀ |
| FPB | ၂၃၀၀၀ | ၂၃၅၀၀ | ၅၂၁ | ၁၁၉၈၃၅၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၅၀၂၃ | ၁၄၃၁၅၅၅၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၉၃၄၈ | ၂၅၂၃၉၅၀၀ |


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရတနာပုံခေတ်၏ မြန်မာ့စက်ရုံများ

သိပ္ပံစာရေးဆရာကိုကိုအောင်

**မြန်မာ့အမြောက်သေနတ်စက်ရုံ**

အခက်အခဲအမျိုးမျိုးကြားက တည်ထောင်ခဲ့ရသော ရတနာပုံခေတ်စက်ရုံများအနက် အမြောက်သေနတ်စက်ရုံများမှာ မျှော်မှန်းသည့်အတိုင်း အောင်မြင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ရတနာပုံနေပြည်တော်၌ အမြောက်သေနတ်စက်ရုံ လေးရုံရှိခဲ့ရာတွင် နှစ်ရုံကို နန်းမြို့တွင်း၌ တည်ထားပြီး ကျန်နှစ်ရုံကိုမူ မြို့မြောက်ပြင် အမရစံခေါင်ရပ် ရွှေတချောင်း ကမ်းပါး၌လည်းကောင်း၊ မြို့အနောက်ပြင်ရှိ သင်္ဂဇာချောင်းကမ်းပါး၌လည်းကောင်း တည်ထားခဲ့သည်။

မြောက်ပြင် အမရစံခေါင်ရပ်ရှိ အမြောက်သေနတ်စက်ရုံတွင် မြေပုံလုပ်သည့်ဌာန၊ ပွတ်စက်၊ ရွှေပေါ်စက်၊ ဖောက်စက်အမျိုးမျိုး၊ သံရည်ကျိုစက်တို့နှင့်အတူ မီးအိုးကြီး၌ မီးတံခါးတပ်ဆင်လျက် ပြည့်စုံစွာရှိသည်။ ယမ်းတောင့်ထိုး အမြောက်အမျိုးမျိုးနှင့် ရေမြှုပ်ဗုံး အမျိုးမျိုးတို့ကိုလည်း ကောင်းစွာထုတ်လုပ်နိုင်ခဲ့သည်။ သေနတ်လုပ်သည့် စက်ရုံ၌လည်း သေနတ်ပြောင်းဖောက်သော တွင်စက်၊ သွေးစက်၊ နောက်ပိတ်၊ တောကာ၊ ဗာလီကွေး၊ ထိုးတံစသော ပစ္စည်းကိရိယာများလုပ်သောစက်၊ လုံ့စွပ်လုပ်သောစက်နှင့် သေနတ်တပ်ဆင် အချောကိုင်သောစက်များ၊ ပွတ်စက်များ စသည်တို့ အပြည့်အစုံရှိခဲ့သည်။ သေနတ်စက်ရုံမှ ရက်သတ္တတစ်ပတ်လျှင် သေနတ် ၂၀၀၀ ပြီးအောင် ထုတ်လုပ်နိုင်စွမ်းရှိသည်။ အမြောက်သေနတ်စက်ရုံတို့တွင်ရှိသော စက်များနှင့် စက်ပစ္စည်းကိရိယာများမှာ အင်္ဂလန်၊ ပြင်သစ်၊ အီတလီနှင့် ဆွစ်ဇာလန်နိုင်ငံလုပ်များ ဖြစ်ကြသည်။

အိမ်ရှေ့မင်းသား နတ်ရွာမစံမီကပင် အမြောက်သေနတ်စက်ရုံများမှ အမြောက်သေနတ်များ တွင်ကျယ်စွာ ထုတ်လုပ်နေခဲ့ကြပြီဖြစ်သည်။ အိမ်ရှေ့မင်းသား နတ်ရွာစံပြီး နောက်ပိုင်း၌လည်း လုပ်ငန်းများက ကျဆင်းသွားခြင်းမရှိဘဲ သီပေါမင်းလက်ထက်ထိတိုင် ဆက်လက်အောင်မြင်ခဲ့သည်။ အမြောက်စက်ရုံမှ ယမ်းတောင့်ထိုး ကျည်မွှေအမြောက်ကြီးငယ်များ၊ နှစ်ချက်ဖောက် ၁၂ ချက်ထွက် နောက်ထိုး ကျည်မွှေအမြောက်ကြီးများ၊ တစ်ပေါင်ကျည်ဝင် အမြောက်ငယ်များ၊ ဆုံလည်အမြောက်များကို ထုတ်လုပ်ခဲ့သည်။

သေနတ်စက်ရုံမှ နောက်ထိုးသေနတ်များ၊ နောက်ထိုး ခါးချိုးသေနတ်များ၊ တူမီးသေနတ်များ၊ ဓားနှင့် လှံများကို ထုတ်လုပ်ခဲ့သည်။ သေနတ်အဟောင်းများကို ခေတ်မီ နောက်ထိုးသေနတ်ဖြစ်အောင် ပြုပြင်ထုတ်လုပ်ခြင်းများလည်း ရှိခဲ့သည်။ ထို့ပြင် စနိုက်ဒါရိုင်ဖယ်နှင့် ဂက်တလင်ဂန်းများကိုပင် စမ်းသပ်လုပ်ဆောင်ခဲ့ကြသည်။

အမြောက်သေနတ်စက်ရုံ လေးရုံတွင် နိုင်ငံခြားမှ ပညာသင်ယူတတ်မြောက်လာခဲ့ကြသော မြန်မာလူငယ်များက ဦးစီးလုပ်ဆောင်ခဲ့သည်။ ဖို့ဒ်ဝီလျံနှင့် ကော့စီပူရ်ပညာတော်သင်လူငယ် ၂၀ အနက် အချို့က ပုံဆွဲပညာ၊ လက်သမားပညာ၊ သွန်းပုံပြုလုပ်ခြင်းပညာ၊ သံနှင့် ကြေးတို့ကို အရည်ကျိုခြင်းနှင့် သွန်းခြင်းပညာတို့ကို လက်တွေ့တတ်မြောက်ခဲ့ကြသည်။ အချို့က ပန်းပဲပညာနှင့် စက်ကိရိယာများ တပ်ဆင်ခြင်းပညာကို တတ်မြောက်ခဲ့ပြီး အချို့ကမူ အင်ဖီးလ်ရိုင်ဖယ်ကို အပြီးတိုင်လုပ်တတ်ကြကာ မောင်းခလုတ်နှင့်ဆိုင်သည့် အစိတ်အပိုင်းများကို လုပ်နိုင်ဖြတ်နိုင်၊ ရွှေနိုင်သည့်အပြင် သတ္တုကို မာအောင်ဆေးကြောခြင်းစသည်တို့ကိုလည်း တတ်မြောက်ခဲ့ကြသည်။

အင်္ဂလန်နိုင်ငံ ဝူးလ်ဝိချ်လက်နက်တိုက်၌ အမြောက်သေနတ်နှင့် လက်နက်ခဲယမ်းများ ပြုလုပ်နည်းကို သင်ယူတတ်မြောက်လာခဲ့ကြသော မောင်မြဲ၊ မောင်တရုတ်ဖြူတို့နှင့် အထက်ဖော်ပြပါ လူငယ် ၂၀ တို့သည် အမြောက်သေနတ် စက်ရုံများတွင် တာဝန်ယူ ထမ်းရွက်ခဲ့ကြလိမ့်မည်ဟု ယူဆရသည်။ မြန်မာအတတ်ပညာရှင်များနှင့်အတူ နိုင်ငံခြားသား အမြောက်ပညာရှင် မစ္စတာဂလပ်စ်နှင့် အီတာလျံလူမျိုး စကာလာဆိုသူ သေနတ်ပညာရှင်တို့လည်း ရှိခဲ့ကြသည်။

**မြန်မာ့သံစက်ရုံ**

မန္တလေးမြို့အနောက်မျက်နှာ ပုဏ္ဏားကုန်းသုသာန် အနောက်မြောက်ယွန်းယွန်း လွှစက်အနီး၌ သံစက်ရုံကို တည်ထားခဲ့သည်။ ထိုသံစက်ရုံတွင် ပန်းပဲစက်၊ သတ္တုသွန်းစက်၊ သံရည်ကျိုစက်၊ ဘွိုင်လာလုပ်စက် စသည့်စက်များကို စုပေါင်းထားပြီး စုစုပေါင်းစက်ရုံ ငါးရုံရှိကာ ထိုစက်ရုံကို သံချက်ဝန်ဦးမြူက ကြီးကြပ်ရသည်။ စက်ပစ္စည်း ကိရိယာများမှာ ခေတ်မီပစ္စည်း အကောင်းစားများဖြစ်ကြပြီး အင်္ဂလန်နှင့် ပြင်သစ်ရှိ ပထမတန်း ကုမ္ပဏီကြီးများမှ ထုတ်လုပ်ထားသော စက်နှင့် စက်ကိရိယာများဖြစ်ကြသည်။ ထိုစက်ရုံအတွင်းမှ တန်ချိန် ၆၀ ရှိ တူစက်ကြီးမှာ ဂလပ်စဂိုမြို့ ဂလင်းအင်ရေ့စ်ကုမ္ပဏီက ၁၈၆၈ ခုနှစ်တွင် ထုတ်လုပ်ပေးသောစက်(အမှတ် ၃၆၃)ဖြစ်ပြီး အာရှတိုက်တစ်တိုက်လုံးတွင် အကြီးဆုံးစက် ဖြစ်နိုင်သည်ဟု ဆိုကြသည်။ ကျန်စက်များမှာလည်း Craven Brothers, Berry and Sons, Bouhey Paris, Gerard Paris, Smith, Peacook and Tannet, Leeds, Joseph Harley, Manchester, Dundas Scotland, Smith Glasgow, Fleming and Co., Glasgow ကုမ္ပဏီများမှ ထုတ်လုပ်သော စက်များ၊ စက်ကိရိယာများ ဖြစ်ကြသည်။

အမြောက်သေနတ်စက်ရုံနှင့် သံစက်ရုံများအတွက် လိုအပ်သော သံနှင့် ကျောက်မီးသွေးကို နိုင်ငံခြားမှ ဝယ်ယူခဲ့သည်။ အထက်မြန်မာနိုင်ငံ နယ်အရပ်ရပ်ရှိ သံခွန်ထမ်းမြို့ရွာများမှ ဆက်သွင်းသော သံများလည်း ရှိခဲ့သည်။ ပုပ္ပားတောင်ခြေမှ သံရိုင်းထွက်ပြီး ကလေးဝနှင့် သင်းကတောတို့မှ ကျောက်မီးသွေးထွက်ရှိသည်။ ခေတ်မီနည်းများ၊ စက်ကိရိယာများဖြင့် စနစ်တကျ တူးဖော်နိုင်ရန် လိုအပ်သောကြောင့် မြန်မာဘုရင်က နိုင်ငံတော်သို့လာရောက်သော အမ်ဂျီဂွန်ဆင်နှင့် ဂျေဂျုံးဆိုသူ သတ္တုတူးဖော်ရေး အင်ဂျင်နီယာနှစ်ဦးအား လခကြေးငွေ အမြောက်အမြားပေးလျက် သတ္တုတူးဖော်သည့် စက်ကိရိယာများကို အပြည့်အစုံ ဝယ်ယူစေပြီး အထက်မြန်မာနိုင်ငံတစ်ဝန်းတွင် သံနှင့် ကျောက်မီးသွေးကို ရှာဖွေတူးဖော်စေခဲ့သည်။

ရတနာပုံခေတ် စက်ရုံကြီးငယ်များထဲတွင် စစ်ကိုင်းဘက်ကမ်း၌ တည်ဆောက်ခဲ့သော သံရည်ကျိုစက်ကြီး (စစ်ကိုင်းသံဖိုရုံ)သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ စစ်ကိုင်း ရွှေတောင်ဦးမော်ရပ်တွင် သံဖိုရုံကြီးကို တည်ဆောက်ရန်အတွက် ၁၈၇၄ ခုနှစ် ဇွန်လခန့်က အုတ်မြစ်ချခဲ့သည်။

စက်ရုံအတွက် လိုအပ်သော စက်နှင့် စက်ပစ္စည်းကိရိယာများ၊ စက်မှုအတတ်ပညာရှင်များ ရယူရေးကို ၁၈၇၀ ပြည့်နှစ်ကပင် ဒေါက်တာကလီမန်ဝီလျံအား စာချုပ်ချုပ်ဆိုကာ တာဝန်ပေးအပ်ခဲ့သည်။ စာချုပ်ပါကတိကဝတ်အရ ကလီမန်ဝီလျံသည် စက်ကြီးကို အဖိုးငွေ သုံးသိန်းရှစ်သောင်းဖြင့် အပြီးအငြိမ်း ဝယ်ယူတင်ပို့ပေးရမည်ဖြစ်သည်။ သို့ရာတွင် ၁၈၇၂ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်ကျမှ သံဖိုစက်ကြီး၏ အောက်ခံကိရိယာ တန် ၅၀ ခန့်ကို ပထမဆုံးအကြိမ်အဖြစ် လီဗာပူးမြို့မှ တင်ပို့ပေးခဲ့သည်။ ၁၈၇၈ ခုနှစ်အထိ စက်နှင့် စက်ပစ္စည်းကိရိယာများကို အပြည့်အစုံ မရရှိခဲ့သေးပေ။ ဤတွင် ကတိပျက်ကွက်မှုဖြင့် နှစ်ဦးနှစ်ဖက် ပြောဆိုဖြေရှင်းမှုများ လုပ်ကြရတော့သည်။ ကလီမန်ဝီလျံက မြန်မာဘုရင်ထံမှ ငွေများရရန် ကျန်သည်ဟု တောင်းဆိုခဲ့သည်။ စက်ကြီး တည်ဆောက်ပြီးစီးရေးကို အဓိကရေးရှုခဲ့သော မြန်မာဘုရင်က ၁၈၇၅ ခုနှစ်တွင် ငွေ ၆၂၀၀၀ ကျော်ကို ထပ်မံပေးချေခဲ့ပါလျက်နှင့် ကလီမန်ဝီလျံက ရန်ကုန်မြို့သို့ ရောက်နေပြီဖြစ်သော စက်များကို နေပြည်တော်သို့ တင်ပို့ခြင်းမပြုခဲ့ပေ။

ထိုပြဿနာကို ဗြိတိသျှအစိုးရ၏ ကိုယ်စားလှယ် အရေးပိုင် အိပ်ချ်တီဒန်ကင်းက စေ့စပ်ဖြေရှင်းပေးခဲ့သည်။ အမှုကို ကြားနာစစ်ဆေးနေစဉ်မှာပင် ကလီမန်ဝီလျံက အင်္ဂလန်သို့ ထွက်ခွာသွားကာ ညီဖြစ်သူ ဟောင်းဝပ်ဝီလျံအား ကိုယ်စားဆောင်ရွက်စေခဲ့သည်။ အမှု၏ အဆုံးအဖြတ်က တစ်ဖက်သတ်နိုင်လွန်းသဖြင့် မြန်မာတို့ဘက်က များစွာနစ်နာခဲ့သည်။ ၁၈၇၈ ခုနှစ် ဇူလိုင်လရောက်မှသာ အမှုပြီးပြတ်သဖြင့် ရန်ကုန်တွင်ရောက်နေပြီးဖြစ်သော စက်များနှင့် စက်ပစ္စည်းကိရိယာများကို မြန်မာတို့က ရခဲ့ကြသည်။ သို့ရာတွင် စာချုပ်ပါ ကတိဝန်ခံချက်အတိုင်း အပြည့်အစုံ ရရှိခဲ့ပုံမပေါ်ပေ။ ထိုအချိန်က မင်းတုန်းမင်း နတ်ရွာစံလုနီးဖြစ်နေကာ စက်ရုံအတွက် ငှားရမ်းထားသော နိုင်ငံခြားသား အတတ်ပညာရှင်များကလည်း ပြန်ကုန်ကြပြီဖြစ်သည်။ ၁၈၇၈ ခုနှစ်ကုန်သည့်အထိ စက်ကြီးကို တပ်ဆင်ပြီးစီးခဲ့ပုံမပေါ်သဖြင့် အမှန်တကယ် ထုတ်လုပ်စွမ်းဆောင်နိုင်ခဲ့ခြင်း ရှိမရှိမှာ သံသယဖြစ်ဖွယ် ရှိနေခဲ့သည်။

စက်ကိုင်းသံဖိုရုံကြီးကို တည်ဆောက်ပြီးစီးခဲ့ပါက တစ်ရက်လျှင် ကျောက်မီးသွေး တန် ၁၀၀ ကို သုံးစွဲကာ ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ရည်မှန်းခဲ့သဖြင့် စက်ရုံ၏ အရွယ်ပမာဏနှင့် လုပ်အားကို ခန့်မှန်းနိုင်သည်။ ထိုကိစ္စကို လွယ်ကူစွာ ဖြည့်ဆည်းနိုင်ရန်အတွက် ပုပ္ပားတောင်ဝန်းကျင်မှ သံနှင့် ကျောက်မီးသွေးကို စစ်ကိုင်းသံဖိုရုံသို့ သယ်ဆောင်ပေးမည့် မီးရထားလမ်းဖောက်လုပ်ရေးကို ၁၈၇၈ ခုနှစ် ဩဂုတ်လက စတင် စိုင်းပြင်းခဲ့သော်လည်း ထိုလုပ်ငန်းများမှာ အကောင်အထည် ပေါ်မလာခဲ့တော့ပေ။

သီပေါမင်း ပါတော်မူပြီးနောက်တွင် စက်ရုံနေရာ၌ ပစ်စလက်ခတ်ကျန်ရှိနေခဲ့သော စက်နှင့် စက်ကိရိယာများမှာ မနည်းလှပေ။ စက်များ၊ စက်ကိရိယာများမှာ ခေတ်မီ အကောင်းစားများဖြစ်ကြပြီး အသုံးမပြုရသေး၊ မတပ်ဆင်ရသေးသော စက်နှင့် ကိရိယာများက အများစုဖြစ်သည်။ မီးဖိုကြီးတည်ဆောက်ရန်အတွက် မီးခံအုတ်များ၊ သံပြားကြီးငယ်များ၊ ဘွိုင်လာဆောက်ရန်အတွက် သံပြားနှင့် သံပိုက်အမျိုးမျိုး၊ တူစက်များ၊ ကတ်ကြေးစက်များ၊ မီးဖိုတံခါးများ၊ Daliam Forge & Co. က ထုတ်လုပ်သည့် အချင်း ငါးပေခွဲရှိပြီး ၃၆ ပေရှည်သော ဘဲဥပုံ ဘွိုင်လာအိုးကြီး ၁၂ လုံး၊ လေပူပိုက်များတပ်ဆင်ပြီးသော High-Pressure Blowing Engine နှစ်လုံး၊ ပစ္စည်းကိရိယာအပြည့်အစုံ တပ်ဆင်ပြီးသော Farmer of Salford Co., ထုတ် ဝက်အူစုပ်စက် ခြောက်လုံး၊ အပြည့်အစုံ တပ်ဆင်ပြီးသော စက်ခုံနှင့် စက်ခေါင်းများ၊ မြင်းကောင်ရေ ၆၀ အားရှိ အင်ဂျင်စက်၊ အချင်း ၂၆ လက်မရှိ ဆလင်ဒါ၊ အချင်း ၁၈ လက်မရှိ Fly Wheel အသင့်တပ်ဆင်ထားသော နှစ်တန် တူကြီးနှင့် Rothwell & Co., Bolton မှထုတ်လုပ်သော တူစက် စသည်တို့ ရှိခဲ့သည်။

> **စက်ကိုင်းသံဖိုရုံကြီးကို တည်ဆောက်ပြီးစီးခဲ့ပါက တစ်ရက်လျှင် ကျောက်မီးသွေး တန် ၁၀၀ ကို သုံးစွဲကာ ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ရည်မှန်းခဲ့သဖြင့် စက်ရုံ၏ အရွယ်ပမာဏနှင့် လုပ်အားကို ခန့်မှန်းနိုင်သည်။**

စာချုပ်ပါအတိုင်း ကတိမတည် မရိုးဖြောင့်သော နိုင်ငံခြားသားအဝယ်တော်နှင့် ကိုယ်စားလှယ်များကို အားကိုးအားထားပြုခဲ့ရမှုကြောင့် ငွေလုံးငွေရင်းပမာဏများပြားစွာ အကုန်အကျခံ၍ ပြည့်စုံစွာဆောက်လုပ်ရန် စီစဉ်ခဲ့သော သံရည်ကျိုစက်ကြီးသည် အကျိုးတစ်စုံတစ်ရာဖြစ်ထွန်းခဲ့ခြင်းမရှိဘဲ အလဟဿ ဆုံးရှုံးခဲ့ခြင်းမှာ သင်ခန်းစာယူဖွယ်ပင် ဖြစ်ပေတော့သည်။

**မြန်မာ့သင်္ဘောစက်ရုံ**

ရတနာပုံခေတ်တွင် မြန်မာနိုင်ငံသည် ပြည်ပနှင့် ဆက်သွယ်နိုင်ရန် တစ်ခုတည်းသော လမ်းပေါက်လမ်းဝဖြစ်သည့် ဧရာဝတီမြစ်အောက်ပိုင်းကို လက်လွှတ်ဆုံးရှုံးရလျက်ရှိသည်။ အောက်မြန်မာနိုင်ငံနှင့် ကူးသန်းသွားလာရောင်းဝယ်ရန် ဧရာဝတီမြစ်ကိုပင် အသုံးပြုနေရသကဲ့သို့ နေပြည်တော် ကာကွယ်ရေးအတွက်လည်း ဧရာဝတီရေလမ်းကြောင်းကို လုံခြုံအောင် စီမံဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ကြောင့်ပင် အိမ်ရှေ့စံ ကနောင်မင်းသားသည် စက်ရုံများတည်ထောင်ရန် စတင်ခဲ့စဉ်ကတည်းကပင် သင်္ဘောဝယ်ရေးနှင့် သင်္ဘောတည်ဆောက်ရန် စက်ပစ္စည်းကိရိယာများ ဝယ်ယူရေးအတွက် ကြိုးပမ်းခဲ့သည်။ ထိုကြိုးပမ်းချက်များ၏ ရလဒ်မှာ ရွှေမြို့တော် အနောက်မျက်နှာ မြို့ကြီးပြင် ပန်းစက်တံခါးအထွက် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းနဖူးတွင် သင်္ဘောစက်ရုံကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။

မြန်မာတို့သည် လှေကြီးလှေငယ် အမျိုးမျိုးတို့ကို တည်ဆောက်တတ်ခဲ့ကြသည်။ ၁၇ ရာစုမှ ၁၈ ရာစုကာလများအတွင်းက သန်လျင်နှင့် ရန်ကုန် ဆိပ်ကမ်းများမှ မြန်မာ့ကျွန်းသစ်ဖြင့်ဆောက်လုပ်သော သင်္ဘောကြီးငယ်များမှာ ထင်ရှားခဲ့သည်။ မော်လမြိုင်၊ သန်လျင်၊ ရန်ကုန်တို့တွင် ပင်လယ်သွားရွက်သင်္ဘော တည်ဆောက်တတ်သူ ပညာရှင်များ ရှိခဲ့သည်။ မီးသင်္ဘောနှင့် စက်သင်္ဘောများ တည်ဆောက်ရန်အတွက် စက်နှင့်စက်ကိရိယာများကိုသာ လိုအပ်ခဲ့သည်။

ရတနာပုံ သင်္ဘောစက်ရုံကို ၁၈၆၄ ခုနှစ်နှင့် ၁၈၇၀ ပြည့်နှစ်အကြားတွင် တည်ဆောက်ခဲ့သည်ဟု ခန့်မှန်းရသည်။ ၁၈၇၂ ခုနှစ်တွင် သင်္ဘောကျင်းကို ထပ်မံတိုးချဲ့ ပြုပြင်၍ ခေတ်မီစက်ကြီးများ တပ်ဆင်ခဲ့သည်။ ထိုစဉ်က ခေတ်မီစက်နှင့် စက်ပစ္စည်းကိရိယာ အများစုမှာ စကော့တလန်နိုင်ငံ ဒန်ဒပ်စ်နှင့် ကလပ်စဂိုမြို့ စမစ်ကုမ္ပဏီထုတ် ပစ္စည်းများ ဖြစ်ကြသည်။

သင်္ဘောများတည်ဆောက်ရာတွင် မော်လမြိုင်မှ ဆရာရှမ်းနှင့် နိုင်ငံခြားသား အတတ်ပညာရှင်ဖြစ်သူ နစ်ကိုလ်ဆင်တို့က ကြီးကြပ်လုပ်ဆောင်ခဲ့သည်။ နစ်ကိုလ်ဆင်၏လက်ရာဖြစ်သော ရိုးရိုး မြစ်တွင်းသွား သင်္ဘောတစ်စင်းကို ၁၈၇၀ ပြည့်နှစ် အောက်တိုဘာ ၇ ရက်တွင် စတင် ရေချနိုင်ခဲ့သည်။ အလားတူသင်္ဘောမျိုး ၁၀ စင်းကို ဆောက်လုပ်ရန် ၁၈၇၁ ခုနှစ် မတ်လက တစ်ပြိုင်တည်း ပန္နက်ရိုက် လုပ်ဆောင်ခဲ့ပြီး ထို ၁၀ စင်းအနက် နှစ်စင်းကို ၁၈၇၁ ခုနှစ် ဇွန်လတွင် ရေချခဲ့သည်။ သင်္ဘောများမှာ မြစ်တွင်းသွား မီးသင်္ဘောများဖြစ်ကြပြီး သင်္ဘောစက်များကို ဆပ်သလင်မက္ကင်ဇီကုမ္ပဏီ၊ ဒေါ်ဆင်ဆင်ပဆင်ကုမ္ပဏီနှင့် အက်ဒမန်ဂျုံးကုမ္ပဏီတို့က ပေးသွင်းခဲ့သည်။ သင်္ဘော အရွယ်အစားမှာ အလျားပေ ၁၅၀ နှင့် ပေ ၁၈၀ ဖြစ်ပြီး အကျယ် ၂၄ ပေ၊ စောက် ခြောက်ပေစီ ရှိကြသည်။

ဆရာရှမ်း တည်ဆောက်သော သင်္ဘောကို ၁၈၇၁ ခုနှစ် ဇူလိုင်လ ၂ ရက်က ရေချခဲ့သည်။ ထုတစ်ပေရှိ တံကူများခံပြီး ငါးလက်မပျဉ်များကိုစပ်လျက် ဆောက်လုပ်ထားပုံမှာ အထူး သေသပ်ကောင်းမွန်လှသည်။ အမြောက် ၂၀ တပ်ဆင်နိုင်ရန် စီမံထားပြီး သင်္ဘောဦးတွင် ဓားလွတ်ကိုင် မြန်မာရဲမက်တစ်ဦး၏ ကျွန်းသားပန်းပုရုပ်လုံး လက်ရာကောင်း လက်ရာမွန်တစ်ခုကို တပ်ဆင်ထားကာ စစ်သုံးအဖြစ် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ရတနာပုံသင်္ဘောစက်ရုံ၏ ထုတ်လုပ်စွမ်းအားမှာ ၁၈၇၁ ခုနှစ် ကုန်ဆုံးချိန်တွင် တန် ၂၅၀ သင်္ဘော သုံးစင်း၊ ဆောက်လုပ်ဆဲ တန် ၂၅၀ သင်္ဘော တစ်စင်းနှင့် တန် ၂၀၀ သင်္ဘော ၁၀ စင်းတို့ ဖြစ်ကြသည်။ ဆောက်လုပ်ဆဲသင်္ဘောများကို ၁၈၇၂ နှင့် ၁၈၇၄ ခုနှစ်များအကြားတွင် ရေချနိုင်ခဲ့သည်။ ထိုနှစ်များအတွင်း အဖိုးငွေ ၁၀ သိန်းပေးကာ အင်္ဂလန်မှဝယ်ယူခဲ့သော သံသင်္ဘော လေးစင်းကို ရတနာပုံ သင်္ဘောစက်ရုံတွင် ပြုပြင်ခဲ့သည်။ ထိုသံသင်္ဘောလေးစင်းမှာ မြစ်တွင်းသွား ပဲ့ခုတ်စက်ရဟတ်တပ် မီးသင်္ဘောများဖြစ်ကြပြီး အင်ဂျင်နီယာ မစ္စတာဘိန်းကို ခေါ်ယူအမှုထမ်းစေကာ ပြုပြင်မွမ်းမံခဲ့သည်။

မြန်မာတို့ ဆောက်လုပ်ခဲ့သော သင်္ဘောများသည် မြစ်တွင်းသွား ရိုးရိုးသင်္ဘောများဟု ဆိုကြသော်လည်း အမြောက် ၁၂ လက်မှ ၁၄ လက်အထိ တပ်ဆင်နိုင်အောင် စီစဉ်ထားသည်။ တိုက်သင်္ဘောတည်ဆောက်ရန်အတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ရတနာပုံ သင်္ဘောစက်ရုံမှ စုစုပေါင်းသင်္ဘော ၁၈ စင်း ထုတ်လုပ်နိုင်ခဲ့ပေသည်။ ။

# ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ လမ်း ၉၀၊ ၂၁x၂၂ လမ်းကြားနေ ဦးရှမ်းဂျီ (ဘ) ဦးချန္ဒရာပါရာဆပ် ၅/ကလထ(နိုင်)၀၀၀၆၅၅ မှ S-Mee အမည်ဖြင့် အလှကုန်နှင့် ဆံပင်ညှပ်သုံးပစ္စည်းအမျိုးမျိုးကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့စာချုပ် စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင်မှတ်ပုံတင်တင်သွင်းကြေညာပြီး၊ အလှကုန်နှင့်ဆံပင်ညှပ်သုံးပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

S-Mee

မှတ်ပုံတင်အမှတ် (၁၁၁၈/၂၀၂၀)

အထက်ပါအမည်အမှတ်တံဆိပ် S-Mee အမည်အမှတ်အသားဖြင့် အလှကုန်နှင့် ဆံပင်ညှပ်သုံးပစ္စည်းအမျိုးမျိုးတို့ကို အမြို့မြို့အနယ်နယ်သို့ ဖြန့်ဖြူးရောင်းချလျက်ရှိပြီး၊ အဆိုပါပစ္စည်းများကို ထည့်သွင်းအသုံးပြုသော ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူး၊ စက္ကူပတ်၊ စက္ကူဘူး၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းများပေါ်တွင်လည်းကောင်း၊ ဆိုင်းဘုတ်၊ တီဗွီ၊မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်အစရှိသည်တို့အပေါ်တွင် အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို ဖိနှိပ်၍၊ ကပ်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီ-လက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဤကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် တစ်စိတ်တစ်ဒေသဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တုပသုံးစွဲခြင်း မပြုလုပ်ရန်နှင့်ပြုလုပ်သုံးစွဲနေကြောင်းတွေ့ရှိပါက တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဦးရှမ်းဂျီ၏ လွှဲအပ်ချက်အရ-**

**ဦးသန့်လွင်ဝင်း (LL.B)** (စဉ်-၇၁၂၉) — **ဒေါ်သီတာအေး (LL.B)** (စဉ်-၁၁၉၈၀)

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၁၆-ခ)၊ ၁၃x၁၄ လမ်းကြား၊ ၈၇ လမ်း၊ ပြည်ကြီးရန်လုံရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း-၀၉-၅၁၅၉၁၇၉၊ ၀၉-၄၀၂၆၁၆၆၆၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ မြင်းကန်အုပ်စု၊ ဆည်ကုန်းစံပြကျေးရွာနေ မနှင်းယုဝေ ၉/မထလ(နိုင်)၃၄၄၈၈၇၏ ဖခင်ဦးမောင်မောင်(ခ)ဦးရှိန်းနိုင် ၉/မထလ(နိုင်)၁၅၈၈၂၄ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးမောင်မောင်(ခ)ဦးရှိန်းနိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/4943 Toyota Townace P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့် ၉/မတရ(နိုင်)၀၁၈၈၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 5Q/9039 Suzuki CIAZ YU SL(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထွန်း ၉/မရမ(နိုင်)၀၈၄၈၇၅ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/8555 Honda Fit GE 6 Hatch Back (4x2) R ယာဉ်လက်ဝယ်ရှိသူ Dr ဦးတင်နွယ် ၉/အမရ(နိုင်)၀၆၃၅၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/3396 Daihatsu Hijet S 200h Pickup(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်ဆွေ ၇/ပခန(နိုင်)၁၁၉၂၈၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## အမွေစားအမွေခံသားအဖြစ်မှ လုံးဝစွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အောင်ဒိုင်အုပ်စု၊ နှစ်ပွင့်ရှည်ကျေးရွာ၌ နေထိုင်သူ မောင်အောင်ကိုကို(ခ)မိုဟာမက်ရဖစ်(ရ်) အသက်(၃၁)နှစ် STGNMTT-၀၃၇၃၁၂ သည် မိဘနှစ်ပါးဖြစ်သော ဦးအာလီအာမောက် ၉/ခအဇ(နိုင်)၀၆၇၁၁၅ (ဇနီး)ဒေါ်အာရှားဗန်နူးရ်တို့ပိုင်ဆိုင်သော ရွှေထည်ပစ္စည်းအမျိုးမျိုး၊ ငွေသားများ အိမ်အသုံးအဆောင်ပစ္စည်းအရပ်ရပ်တို့ကို ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ထုခွဲရောင်းချခြင်း၊ ငွေရေးကြေးရေး အရှုပ်အရှင်းများပြုလုပ်ခြင်း၊ မိဘပြောဆိုစကား နားထောင်ခြင်းမရှိသောကြောင့် အုပ်ထိန်းသူဖခင်မှ အမွေစားအမွေခံသားအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပါသည်။

မောင်အောင်ကိုကို(ခ)မိုဟာမက်ရဖစ်(ရ်)နှင့် ပတ်သက်၍ ငွေကြေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းများ ပေါ်ပေါက်လာပါက အုပ်ထိန်းသူမိဘများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ မောင်အောင်ကိုကို(ခ)မိုဟာမက်ရဖစ်(ရ်)ဆောင်ရွက်သမျှသူ၏ တာဝန်အတိုင်း သက်ဆိုင်သူတို့မှ တရားစွဲဆောင်ရွက်သွားရန် အသိပေးကြေညာအပ်သည်။

**လွှဲအပ်သူ**
**ဦးအာလီအာမောက်**
**၉/ခအဇ(နိုင်)၀၆၇၁၁၅**
**အကွက်(၅၅၁) အောင်နန်း/နောက်ရပ်**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်အေး(ခ)ကိုအေး**
**LL.B, D.B.L.C.A.B.S (Eco), D.B.S**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၂၉၂)**
**အကွက်(၅၅၂)၊ အောင်နန်းရိပ်သာအရှေ့ ၈၄ လမ်း(၃၄x၃၅)ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၅၈၉၈၇၈၃၆**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/အေ၊ တောင်သူကုန်းရပ်ကွက်၊ မြေကွက်အမှတ်(၇၉)၊ ရေိယာ ၀ ဒသမ ၉၆၄ ဧကအနက်မှ အမှတ်(၄၉/က)ရှိ မခွဲမစိတ်ရသေးသော ဒေါ်အက်စတာတင်ထက် ပိုင်မြေကွက်အတွင်းရှိ မြေအရှေ့ (၁၉ ¹/₂ x ၅၉)ပေ အနောက်(၂၆ ¹/₂ x ၆၀)ပေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၂၅-၇-၂၀၁၉ ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စာချုပ်အရ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းနုမှသာ လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အထက်ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ လွှဲပြောင်းထားခြင်းမရှိပါကြောင်းနှင့် ဒေါ်စန်းနုမှသာ လက်ရှိပိုင်ဆိုင်သောအိမ်ခြံမြေဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်စန်းနု ၁၂/အစန(နိုင်)၀၄၆၆၅၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အိအိဖြူ LL.B, D.B.L** **နော်ခက်ခက်နိုင် LL.B** **ဒေါ်ရီလေးမော် LL.B**

**အထက်တန်းရှေ့နေများ** **တရားလွှတ်တော်ရှေ့နေ**

**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး(အပေါ်ထပ်)၊ အင်းစိန်မြို့နယ်**

**ဖုန်း-၀၉-၄၂၀၀၈၉၃၈၀၊ ၀၉-၉၆၆၃၆၀၇၂၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ ၁၀လမ်းအနောက်၊ မြေကွက်အမှတ် ၉၁၉/ခ(အလျားပေ၂၀xအနံပေ ၆၀) အကျယ်ရှိ အမည်ပေါက် ဦးကျော်ရှိန် ၁၂/သကတ(နိုင်)၀၅၀၀၇၀ ဟု ခေါ်တွင်သော မြေကွက်နှင့်အိမ်အား လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးအေးလွင်-ဒေါ်မြင့်မြင့်ကြည် ၁၂/သကတ(နိုင်)၁၀၉၃၂၀ နှင့် ၁၂/သကတ(နိုင်)၁၀၂၂၉၃ ထံမှ ကျွန်ုပ် ဦးအောင်ခိုင်ဝင်း ၁၂/သကတ(နိုင်)၀၀၀၄၂၅ မှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ခိုင်ဝင်း**
**၁၂/သကတ(နိုင်)၀၀၀၄၂၅**
**ဖုန်း-၀၉-၅၀၄၃၄၇၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/တောင်၊ မြေကွက်အမှတ် ၁၇၅၊ မြေဧရိယာ (၄၀'x၆၀') မြေကွက်တည်နေရာအမှတ် ၁၇၅၊ စိန်ပန်းလမ်း၊ (၁၀/တောင်)ရပ်ကွက်၊ သန်လျင်တံတားအိမ်ရာဝင်း၊ သာကေတမြို့နယ် ဦးထွန်းရှင် ZGN-၀၂၃၃၇၅ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းရှင်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဒေါ်ခင်ခင် ၁၂/သကတ(နိုင်)၀၃၇၃၆၂ ထံမှ GP (၂၉၅၈၄/၂၂-၁၁-၂၀၁၉)ရသူ ဒေါ်တိုးတိုးကျော် ၁၂/မဂတ(နိုင်)၀၆၆၄၆၈ မှ ကျမ်းကျိန်လွှာများ၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ရောင်းချရန်ကြော်ငြာစာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)

## မန္တလေးခရိုင်တရားရုံးတော်

## ၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ်-၁၆၃

ဦးခင်မောင်မြင့် **နှင့်** ၁။ ဦးဝင်းနိုင်
၂။ ဒေါ်တိုးတိုး

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

မန္တလေးခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၅၈၁/၂၀၁၈ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၁ရက် (၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၂ရက်) နံနက် ၁၀:၀၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင် သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်းကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ ချယ်ရီလမ်းနှင့် မဉ္ဇူလမ်းကြား၊ ၅၇x၅၈ လမ်းကြား၊ သီပေါလမ်းသွယ်၊ အကွက်အမှတ် (ဗ-၃)၊ ဦးပိုင်အမှတ် (၁၂၇)၊ ဧရိယာ ၀ ဒသမ ၀၃၀၉ ဧက၊ ပေ ၃၀x၄၅ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော အာရ်စီ(၁)ထပ်တိုက်အဆောက်အဦ။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း (၉၀၀) (ကျပ်သိန်းကိုးရာ)**

**လေလံတင်ရောင်းချမည့်စည်းကမ်းများ**

(၁) ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

(၂) လေလံတင် ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော်အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

(၄) လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူကငွေကျပ် ၁၀၀လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

(၅) လေလံဆွဲဝယ်သူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

(၆) လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

(၇) လေလံကျန်ငွေများကို အထက်ပါရက်များ ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**(တင့်တင့်ဌေး)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**မန္တလေးခရိုင်တရားရုံး**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်တော် ဦးဇော်အောင်(ဘ)ဦးသွင်လှ ၁၂/ရကန(နိုင်)၀၁၄၁၂၀ သို့ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ်(၃၄၅၄) ၃၀-၁၀-၂၀၁၉ ရက်စွဲဖြင့် ဒေါ်ဝေလဲ့ရည်ဦး(ဘ)ဦးသက်ဦး ၁၄/အဂပ(နိုင်)၁၆၄၉၆၆ မှ လွှဲအပ်ထားသော အထွေထွေ ကိုယ်စားလှယ်လွှဲစာကို ၁၇-၆-၂၀၂၀ ရက်မှစ၍ အပြီးအပိုင် ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဦးဇော်အောင်**
**ဖုန်း-၀၉-၄၄၀၄၅၅၅၀၀**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 1P/2651 Suzuki Carry DA 63 T P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးနေဇော် ၉/ခအဇ(နိုင်)၀၄၆၁၂၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 63W/55113 TVS Rockz 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်းစိုး ၉/မတရ(နိုင်)၁၄၇၀၆၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 35W/17721 Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နုနုယဉ် ၁၂/ဥကတ(နိုင်)၁၁၁၉၄၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 12W/12746 Yamaha DT 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထက်နိုင်ကျော်၉/မတရ(နိုင်)၁၆၀၉၆၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ

## (တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၂၀ ပြည့်နှစ် တရားမပြင်ဆင်မှုအမှတ် - ၂၄၃

ဦးနော်တောင် **နှင့်** လျှောက်ထားသူ
ဒေါ်ထန်ဘောက်(ခ)နန်ဘောက် လျှောက်ထားခံရသူ

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ ရက်စွဲပါ ကချင်ပြည်နယ် တရားလွှတ်တော်မှ ၂၀၁၉ ခုနှစ် တရားမအထွေထွေအယူခံမှုအမှတ်-၂၃၏ အမိန့်မှ ပြင်ဆင်မှု လျှောက်လွှာနှင့်ပတ်သက်၍ လျှောက်ထားခံရသူ ဒေါ်ထန်ဘောက်(ခ)နန်ဘောက်၊ အောင်မင်္ဂလာရပ်ကွက်၊ လွယ်ဂျယ်မြို့နယ်ခွဲ၊ ဗန်းမော်ခရိုင် (ယခင်လိပ်စာ ယခုလိပ်စာမသိ)နေ သိစေရမည်။

ဤအမှုတွင် ကချင်ပြည်နယ် တရားလွှတ်တော်၏ အမိန့်မှ ပြင်ဆင်မှု လျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဦးတင်အောင်ခိုင်က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်လျှောက်လွှာကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃ ရက်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောက်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့် အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၁၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းသိန်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်

## ၂၀၁၉ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၅၈၁

ဦးမိုးဇော်ထွန်း **နှင့်** ၁။ ဒေါ်နန်းယမင်း
၂။ ဦးစိုးမြင့်

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

လျှောက်ထားခံရသူ (၂)ဦးစိုးမြင့်၊ ၆၅x၆၆ လမ်းကြား၊ ဒေလီယာလမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဦးမိုးဇော်ထွန်းက ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ် ၄၄/၂၀၁၈ ၏ (၂၈-၁၁-၂၀၁၉)ရက်စွဲပါ အမိန့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၇ ရက် မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင် ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၅၄၃၈၁ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်မြင့် ၉/ပမန(နိုင်)၁၆၆၇၆၉ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃၃၃-ခ၊ ကွေ့ကြီးအနောက်)၊ ဦးပိုင်အမှတ် (၉လမ်း၊ ၁၀၂)၊ ဧရိယာ ၀ ဒသမ ၁၄၇ ဧကရှိမြေအား အမှုတွဲ အမှတ်၄၁၄ V ၂၀၀၄-၂၀၀၅ အရ (၁၁-၄-၂၀၀၅ မှ ၁၀-၄-၂၀၃၅)ထိ ဦးခင်မောင်ဦး အမည်ဖြင့် နှစ်(၃၀) ဂရန်ရရှိထားသောမြေကို ဒေါ်ခင်နုအမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ သုမင်္ဂလာ (၂)လမ်း၊ ခြံအမှတ် (၅၉) နေ ဒေါ်တင်တင်ဝင်းသန်း ၁၂/ဗတထ(နိုင်)၀၀၂၁၀၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၂)၊ ရေချမ်းအိုးရှိ ဦးပိုင်အမှတ် (၅၆)၊ ကွင်းအမှတ် (၆၈၁/ဂ)မှခွဲ၍ ပေ(၆၀x၄၅) အကျယ်အဝန်းရှိ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်ဝင်းဝင်းသန်းပိုင်မြေကွက်အား ဒေါ်တင်ဝင်းဝင်းသန်းမှ မူလပိုင်ရှင်များထံမှ ဆက်စပ်စာချုပ်များဖြင့် တရားဝင်လွှဲပြောင်းယူပြီး အမည်ပေါက်လုပ်ကိုင်နေသော ဒေါ်မြတ်မြတ်မွန်ထံမှ ၂၇ ရက် ဇွန် ၂၀၁၇ ခုနှစ်တွင် ရပ်ကွက်ကြီး (၁၂)၊ အုပ်ချုပ်ရေးမှူးရုံး၊ အုပ်ချုပ်ရေးမှူးရှေ့မှောက်တွင်တရားဝင်လွှဲပြောင်းဝယ်ယူပြီး ဒေါ်တင်ဝင်းဝင်းသန်း တစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်လုပ်ကိုင်နေသော မြေဖြစ်ပါသည်။ ယခုယင်းမြေနှင့် ပတ်သက်ပြီး အမည်ပေါက်နှင့်မြေပုံ (၁၀၅) ရေးဆွဲခြင်းများ ပြုလုပ်တော့မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်နှင့် ခုနစ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်ဝင်းဝင်းသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းယုမွန် (အထက်တန်းရှေ့နေ စဉ်-၄၀၆၀၁)**
**အမှတ် (၄၉/စ)၊ (၃) ရပ်ကွက်၊ ဟော်ကုန်းလမ်း၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၂၀၄၅၆၅၀**

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ

## ရှေ့နေ ဒေါ်ခင်ကြည်

(B.A.,B.L.,Notary Public)

ပဲခူးနောင်တော်ကြီး မြသာလျောင်း ဘုရားကြီး၏ မတည်အလှူရှင် မော်လမြိုင်အသင်း(ရန်ကုန်)

ဝါးချက် ဇီဝိတဒါနသံဃာ့ဆေးရုံအဖွဲ့၊ ဗုဒ္ဓဘာသာကလျာဏ ယုဝတီအသင်း၊ ဘသင်-အေးမြဖောင်ဒေးရှင်းတို့၏ အပူဇော်ခံနာယကကြီး

အသက်(၁၀၀)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ်(၁၁၉-၁၂၁)နေ (ဦးဘသင်-ဒေါ်အေးမြ)တို့၏သမီး၊ (ဦးဉာဏ်ထွန်း- ဒေါ်လှကြည်)၊ (ဦးသိန်းဇော်-ဒေါက်တာဒေါ်သိန်းကြည်)၊ (ဒေါက်တာ ဦးမြသင်-ဒေါ်ထွေးကြည်)၊ (ဒေါက်တာ ဦးထွန်းသင်)-ဒေါက်တာဒေါ်မြင့်မြင့်အေး၊ (ဒေါက်တာ ဦးခင်မောင်တင်)-ဒေါက်တာဒေါ်ဌေးကြည်၊ ဦးဝင်းသင်(စာရင်းစစ်)တို့၏အစ်မ၊ ဒေါက်တာဒေါ်ခင်မေသက်၊ ဒေါက်တာ ဦးမြင့်သိန်း-ဒေါက်တာဒေါ်စောဥမ္မာ၊ ဦးဝင်းခိုင်-ဒေါ်ချို့နွယ်ညွန့်၊ ဦးသော်တာထွန်း-ဒေါ်သင်းသင်းဆွေ၊ ဦးသီဟသင်-ဒေါ်အေးအေးခိုင်၊ (ဦးဗညားသန်းဟိန်း)-ဒေါ်ဝင်းမူတင်၊ Mr.Cliff Wollam- ဒေါ်အေးမွန်တင်၊ ဒေါက်တာကံညွန့်-ဒေါက်တာမြတ်မာတင်၊ ဒေါ်ရွှေကြည်-(ဦးအောင်ထွဋ်)တို့၏ ကြီးတော်ကြီး၊ မြေး ၂၂ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၁၅-၆-၂၀၂၀ရက် (တနင်္လာ နေ့) ညနေ ၅:၀၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်နှင်းဝေဝင်း(ခ)ချောစု

ပုံဆွဲ(၁)(မြို့ပြ)

ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး

လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့

အသက်(၃၀)

ဒေါ်ခင်နှင်းဝေဝင်း(ခ)ချောစု (ဆလက/၄၈၅၄၀)သည် ၁၅-၆-၂၀၂၀ရက် (တနင်္လာနေ့) ည ၁၀:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန်ရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း အလေးနက်ဆန္ဒပြုအပ်ပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ရုံးဝန်ထမ်းမိသားစု**
**လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2N/ 9644 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လွင်လွင်ခိုင် ၁၂/မရက(နိုင်)၀၈၄၅၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

---

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

မြိတ်မြို့၊ ကန်ဖျားရပ်၊ မြေနီလမ်း၊ အိမ်အမှတ် (၇၉) နေ ဦးမောင်သန်း(ခ) MARIA နှင့် ဒေါ်သန်းသန်းအေး(ခ) GADARE GYRAMA တို့၏သမီးဖြစ်သူ မဆွေဇင်ထိုက် (ခ)ဒါနားလက်ချမီး ၆/မမန(နိုင်)၀၀၀၂၂၆ သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

**ဦးမောင်သန်း(ခ)MARIA**
**ဒေါ်သန်းသန်းအေး(ခ)GADARE GYRAMA**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၉ယ/၅၈၆၉၉၊ Honda Wave NF 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းစုလှိုင် ၆/မမန (နိုင်)၁၁၅၉၂၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်တွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

---

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် 66W/45678 Yunde-110 ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်မင်းတင် ၈/ငဖန (နိုင်)၀၄၆၁၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မင်းဘူး)**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးသာအေး

တပ်မတော်(ရေ)အငြိမ်းစား

အသက်(၉၀)

စစ်တွေမြို့နေ (ဦးမောင်ပြား-ဒေါ်အိုဇာ)တို့၏သား၊ရန်ကုန်မြို့နေ(ဦးဘဟန်-ဒေါ်စိန်ရင်)တို့၏သားသမက်၊ စစ်တွေမြို့နေ ဒေါ်စောခင်၊ ရန်ကုန်မြို့နေ (ဦးအောင်သိန်း)တို၏အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၄၄၆)နေ ဒေါ်ခင်ချို၏ခင်ပွန်း၊ ဒေါ်ခင်ဝင်းအေး(AFXB)၊ ဦးစိုးနိုင်-ဒေါ်ဖြူဖြူဝင်း၊ ဒေါက်တာခိုင်ခိုင်အေး(ပါမောက္ခ၊ ဌာနမှူး၊ အင်ဂျင်နီယာသင်္ချာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၊ ကိုမြင့်အောင်တို့၏ချစ်လှစွာသောဖခင်၊ တူ၊ တူမ ရှစ်ယောက်တို့၏ဘကြီး၊ မောင် မိုးဦးဆောင်း၊ မသဲဆုအေးတို့၏အဘိုးသည် ၁၇-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁:၄၅နာရီတွင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ခင်စိန် အသက် (၈၅)နှစ်

မူ/ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) ပုသိမ်

ပုသိမ်မြို့နေ (ဦးအေး-ဒေါ်ညွန့်)တို့၏သမီး၊ (ဦးစိုးမြင့်)၊ (ဒေါ်သန်းမြင့်)တို့၏ညီမ၊ ဦးစိုးတင့်၊ (ဦးခင်ဝင်း)တို့၏အစ်မ၊ (ဦးသိန်းစိုး) (ကုန်သွယ်/လယ်ယာ)၏ဇနီး၊ ဦးကျော်ဝေ-ဒေါ်သက်သက်ဟန် (သီတာ) AUTO LIFE Car Services၊ ဦးဝင်းနိုင်ဌေး (အုပ်ချုပ်ရေးမှူး၊ ၄၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)-ဒေါ်မာမာဟန်(မာလာ)တို့၏မိခင်၊ မြေး ခြောက်ယောက်၊ မြစ် နှစ်ယောက်တို့၏အဘွားသည် ၁၅-၆-၂၀၂၀ ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ရွှေပင်လုံရိပ်မွန်၊ Rose Part သန္တာ နှင်းဆီလမ်း၊ အမှတ် (၁၂၁)တွင်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၂၁-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာ ဦးထွန်းဝေ(ဝေဘူလ)

အသက်(၇၀)

ဒေါ်နှင်းဦးခင်(ဦးစီးမှူး၊ သ/မ -ငြိမ်း)၏ခင်ပွန်း ဒေါက်တာဦးထွန်းဝေသည် ၁၅-၆-၂၀၂၀ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် စိတ်ရင်းကောင်းမွန်ပြီး သမဝါယမလုပ်ငန်းအပေါ် စေတနာထားကြိုးပမ်းဆောင်ရွက်ခဲ့သည့် အပေါင်းသင်းတစ်ဦးအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိသို့ ရောက်ရှိပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ရခိုင်ပြည်နယ်သမဝါယမအသင်းချုပ်မိသားစု**

---

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးစိန်လှိုင်(ဟင်္သာတ)

(ကျားဆီစက်)

အသက်(၈၀)

ရန်ကုန်မြို့၊ ရွှေသရဖီလမ်း၊ အမှတ်(L-123 A)၊ FMI CITY နေ (ဒေါ်မြင့်မြင့်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကြင်-ဒေါ်ရင်ငွေတို့၏မောင်၊ ဦးလှိုင်မြင့်မော်-ဒေါ်သင်းသင်းမာ၊ ဦးလှိုင်တင့်ဇော်-ဒေါ်ရှိန်ဝင့်ဝင့်နိုင်၊ ဦးအေးမင်း-ဒေါ်ချိုချိုလှိုင်၊ ဦးတင်အောင်ဝင်း-ဒေါ်သီသီလှိုင်တို့၏ဖခင်၊ ဗိုလ်ကြီးဇင်ဖြိုးလှိုင်-ဒေါက်တာအိရွှေဝင်း၊ ကိုဖြိုးမြင့်မိုရ်ရှိန်း-မဝတ်ရည်လှိုင်၊ မောင်လှိုင်မင်းသွေးအောင်၊ မပိုးပိုးမင်းလှိုင်၊ မောင်ညီဖြိုးလှိုင်၊ မောင်လှိုင်မင်းခန့်အောင်၊ ဒေါက်တာနေ့သစ်လှိုင်၊ မမိုကို(ခ)မနှစ်သက်လှိုင်၊ မအိမ့်မှူးမင်းလှိုင်တို့၏အဘိုး၊ မောင်ခန့်ရှိန်းမျိုးဆက် ၏ဘိုးဘိုးကြီးသည် ၁၇-၆-၂၀၂၀ရက် နံနက် ၁၀:၃၅ နာရီတွင် ဂရန်းဟံသာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသ ဖြင့် ၁၉-၆-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ကျောင်းဒါယကာကြီး

# ဦးစိန်လှိုင်(ဟင်္သာတ)

(ကျားဆီစက်)

## အသက် (၈၀)

ဟင်္သာတမြို့၊ ဦးရွှေဒွေးလမ်းနေ (ဦးထွန်းသိန်း-ဒေါ်ခင်ညွန့်) ကျားနှစ်ကောင်ဆေးလိပ်တို့၏သား၊ (ဦးအောင်ကြင်)-ဒေါ်ရင်ငွေ ရှုခင်းရောင်စဉ့်ရိပ်သာတို့၏မောင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်-ဒေါ်ခိုင်မေကြူတို့၏ ချစ်လှစွာသောဦးလေးသည် ၁၇-၆-၂၀၂၀ရက် နံနက် ၁၀:၃၅ နာရီတွင် ဂရန်းဟံသာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီ ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ကြည်

အသက်(၈၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/အရှေ့ရပ်ကွက်၊ ၉၁ လမ်း၊ အမှတ်(၈၅/၈၇)နေ (ဦးမာဒ-ဒေါ်အုန်းမြ)တို့၏ သမီး၊ (ဦးတင်ဦး)၏ဇနီး၊ သန်လျင်မြို့၊ သဘာဝတရားရိပ်သာ၊ လက်ပံဆောင်နေ ဦးအေးသန်း-ဒေါ်စန္ဒာတို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ် ခုနစ်ယောက်တို့၏အဘွားသည် ၁၆-၆-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၂:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးသောင်းညွန့်

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ပျားလုပ်ငန်းဌာန

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ (၃) ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ် (၁၀၉)နေ ဦးတင်ထွန်းနိုင်-ဒေါ်ခင်ဘုန်းတင့်၊ ဦးသန်းကိုကိုလတ်-ဒေါ်နီနီအောင်၊ ဦးသန့်ကိုကိုမြတ်-ဒေါ်စန္ဒာမိုးတို့၏ မွေးသဖခင် မြေး (၇)ယောက်တို့အဘိုး၊ ဒေါ်ခင်အေးတင့်၏ ချစ်လှစွာသောခင်ပွန်း ဦးသောင်းညွန့် ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ပျားလုပ်ငန်းဌာနသည် ၁၅-၆-၂၀၂၀ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ကြေကွဲဝမ်းနည်းရပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ**
**ဝန်ထမ်းမိသားစုများ**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးကြည်မြင့်

အသက်(၇၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ၈၂လမ်း၊ ဘုရားကြီးတောင်ဘက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်အမှတ်(၅၀၃)၊ ချမ်းမြသာစည်မြို့နယ်နေ ဦးဇော်ဇော်ထွန်း၏ဖခင် ဦးကြည်မြင့် အသက်(၇၈)နှစ်သည် ၁၆-၆-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၆:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စည်သူ(၉၉)**
**ကျောင်းဆင်းအရာရှိသူငယ်ချင်းများ**

---

## ဒေါ်တင်မမ အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၅/၁)ရပ်ကွက်၊ အိမ်အမှတ်(၁၁)၊ ဂန္ဓမာပန်းခြံလမ်းနေ (ဦးအောင်ပွင့်-ဒေါ်ရွှေဆိုင်)တို့၏သမီး၊ ဦးကျော်သိန်း(ကျောက်မျက်)၏ဇနီး၊ (ဦးထွန်းလှိုင်)၊ (ဒေါ်တင်လှိုင်)တို့၏ညီမ၊ ဦးထွန်းကြိုင်၏အစ်မ၊ ဦးသောင်း(ကျောက်မျက်)-ဒေါ်နီလာကျော်၊ ဗိုလ်မှူးစိုးအောင်ကျော်(ငြိမ်း)-ဒေါ်အေးမြင့်ခိုင်၊ ဦးအောင်ဆန်း-ဒေါ်သီတာကျော်တို့၏မိခင်၊ မြေး လေးယောက်တို့၏ အဘွားသည် ၁၆-၆-၂၀၂၀ရက် (အင်္ဂါနေ့) ည ၈:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရွှေပြည်သာ ကျူချောင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

သင့်သွေးဖြင့် အသက်ကယ်ပါ

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပ




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၁၇**

ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲ၌ ပြန်ကြားရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် က ပထမဆုံးအနေဖြင့် သတင်းစာရှင်းလင်းပွဲများကို အကြောင်းခံ၍ ပြောကြားလိုသည့် အကြောင်းအရာရှိပါကြောင်း၊ ယခုကဲ့သို့ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ ပါဝင်သည့် သတင်းစာရှင်းလင်းပွဲအစီအစဉ်ကို လက်ရှိအစိုးရတာဝန်ယူချိန်မှစပြီး ပြုလုပ်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ လက်ရှိအစိုးရတာဝန်ယူပြီး ပထမ ရက် ၁၀၀ တာဝန်ယူမှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ စတင်ပြုလုပ်ခဲ့ပါကြောင်း၊ ထို့နောက် ပထမ (၁) နှစ်တာ၊ ဒုတိယ (၁) နှစ်တာ၊ တတိယ (၁) နှစ်တာ စသည်ဖြင့် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခဲ့ပြီး ယခု စတုတ္ထ (၁)နှစ်တာ အတွက် ပြုလုပ်ခြင်း ဖြစ်ပါကြောင်း။

သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ပေးခြင်းဖြင့် မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနသည် တာဝန်နှစ်ရပ်ကို တစ်ပြိုင်တည်း ထမ်းဆောင်ခြင်းဖြစ်ပါကြောင်း၊ ပထမတစ်ရပ်မှာ အစိုးရနှင့်ပြည်သူအကြား ပေါင်းကူးပေးသည့် တာဝန်ကို ထမ်းဆောင်ခြင်းဖြစ်ပါကြောင်း၊ အစိုးရသည် အများပြည်သူက ရွေးကောက်တင်မြှောက်သည့် အစိုးရဖြစ်သည့်အတွက် မိမိတို့နိုင်ငံအတွက်၊ ပြည်သူအတွက်

စာမျက်နှာ ၇ ကော်လံ ၁ ◆

# သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၁၇**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ဇွန် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**အိန္ဒိယနိုင်ငံ၌ ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူအရေအတွက် စံချိန်တင်မြင့်တက်** စာမျက်နှာ - ၁၂

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးအမိန့်ကို လက်မှတ်ရေးထိုး** စာမျက်နှာ - ၁၃

**ကာလရှည်ကြာဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ စစ်ပွဲကြီး** စာမျက်နှာ - ၁၄

# မလေးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား တတိယအကြိမ် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇွန် ၁၇**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရန် အခက်အခဲရှိနေသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ် (Relief Flight) ဖြင့် ပြန်လည်ခေါ်ဆောင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံတချို့ကလည်း မြန်မာနိုင်ငံတွင် ရောက်ရှိပိတ်မိနေသည့် ၎င်းတို့နိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခြင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းရပ်များအတွက် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည့် ၎င်းတို့၏လုပ်ငန်းရှင်များ၊ ကျွမ်းကျင်ဝန်ထမ်းများအား လုပ်ငန်းတာဝန်များ ပြန်လည်ထမ်းဆောင်နိုင်ရန် ကယ်ဆယ်ရေးလေယာဉ်၊ အထူးလေယာဉ်များဖြင့် လာရောက်ပို့ဆောင်ခြင်း၊ တာဝန်ပြီးဆုံး၍ ပြန်လည်ခေါ်ဆောင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မလေးရှားနိုင်ငံ၊ ENRA Group Bhd ၏ MT Ratu Chemical/Oil Products Tanker မှ ထားဝယ်မြို့ ရဲတံခွန်ရေနံတူးစင်တွင် လုပ်ငန်းတာဝန်ပြီးဆုံးသည့် ၎င်းတို့၏ ကျွမ်းကျင်ဝန်ထမ်းများအား မလေးရှားနိုင်ငံသို့ Malindo Air မှ B737-800NG (HG) ဖြင့် ပြန်လည်ခေါ်ဆောင်မည်ဖြစ်ရာ အလာခရီးစဉ်၌ အဆိုပါကုမ္ပဏီနှင့် ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ ရန်ကုန်မြို့ရှိ မလေးရှားသံရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် မလေးရှားနိုင်ငံတွင် ရောက်ရှိနေပြီး

စာမျက်နှာ ၅ ကော်လံ ၁ ❄



မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

# အယ်လန်းနှင့် ဆေးဗားလ်ကို အဲဗာတန် ခေါ်ယူမည်

အဲဗာတန်နည်းပြ ကားလို့စ် အန်ဆယ်လော့တီသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ၎င်း၏ အသင်းကို ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်အတွက် ကစားသမားအချို့ကို အသင်းသို့ ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အန်ဆယ်လော့တီသည် အသင်းဟောင်း နာပိုလီအသင်းမှ ကွင်းလယ်ကစားသမား အယ်လန်း ကို ခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း သိရသည်။ အယ်လန်းသည် အန်ဆယ်လော့တီ နာပိုလီအသင်းကို တာဝန်ယူကိုင်တွယ်နေစဉ်အတွင်း ခြေစွမ်းတိုးတက်လာခဲ့သော ကစားသမားတစ်ဦးဖြစ်ပြီး အန်ဆယ်လော့တီ၏နေရာကို ဂတ်တူဆိုဖြင့် အစားထိုးခန့်အပ်ပြီးနောက် မျက်နှာသာပေးခြင်းမခံရတော့ကြောင်း သိရသည်။

နည်းပြအန်ဆယ်လော့တီသည် နာပိုလီအသင်းတွင် လက်တွဲခဲ့ဖူးသော အယ်လန်း၏ ခြေစွမ်းကို ကြိုက်နှစ်သက်သူဖြစ်သောကြောင့် ယခုအခါ အဲဗာတန်အသင်းသို့ ခေါ်ယူဆောင်ကြဉ်းလိုနေခြင်းဖြစ်သည်။ အယ်လန်းသည် နာပိုလီအသင်းနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ သုံးနှစ်ကျန်ရှိနေသေးသော်လည်း ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင် နာပိုလီအသင်းမှ ထွက်ခွာဖွယ်ရှိသည်ဟု ထင်ကြေးပေးပြောဆိုနေမှုများ ရှိနေသည့်အတွက် အဆိုပါ အပြောင်းအရွှေ့မှာ ဖြစ်မြောက်လာဖွယ်ရာရှိလာမလား စိတ်ဝင်စားဖွယ်ရာပင်။ အဲဗာတန်အသင်းအနေဖြင့် အဆိုပါ ကစားသမားကို ခေါ်ယူရန် ချိတ်ဆက်မှုအရှိန်မြှင့် လုပ်ဆောင်နေသော်လည်း ပီအက်စ်ဂျီအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ကို

စာမျက်နှာ ၂၃ ကော်လံ ၁ ❍



နည်းပြ အန်ဆယ်လော့တီ ပီအက်စ်ဂျီတွင်ရှိစဉ် ဆေးဗားလ်နှင့် တွေ့ရစဉ်။